ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့၊ (2-4-2015) (စ၁၆၃)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

**နေပြည်တော် ဧပြီ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့်ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဖင်အသံလွှင့်ဌာနတို့မှ ၂၀၁၅ ခုနှစ် ဧပြီလ ၃ ရက်နှင့် ၄ ရက်နေ့တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါ မိန့်ခွန်းအပြည့်အစုံကို ဧပြီလ ၃ ရက်နေ့ထုတ်သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

, aeY

## သတင်းအညွှန်း

**ဗြိတိန်နှင့် ဩစတြေးလျ စွမ်းအင်ကုမ္ပဏီများက မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမည်**

စာမျက်နှာ > ၃

**၁၃၇၆ ခုနှစ် သင်္ကြန်ကာလအတွင်း မြို့ပတ်နှင့် အမြန်ရထား ခရီးစဉ်အချို့ ယာယီရပ်နားထားမည်**

စာမျက်နှာ > ၃

**သုံးနှစ်အတွင်း စားသောက်ကုန်လုပ်ငန်းဆိုင်ရာလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ရင်းနှီးမြှုပ်နှံသွားမည်**

စာမျက်နှာ > ၈

# အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

စာမျက်နှာ > ၃



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

SMART စပတ် ရိုလာ ခြင်ဇကာ
ခြင်ဇကာကို မလိုအပ်ချိန်တွင် ခေါင်ဆဲသို့ လိပ်သိမ်းထားနိုင်သည်။
သံချေးတက်ခြင်း ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား
အပိတ်အဖွင့်လုပ်ရုံဖြင့် သန့်ရှင်းပြီးဖြစ်သောကြောင့် အမြဲတမ်း လေဝင်လေထွက် ကောင်းမွန်စေသည်။
အလူမီနီယံနှင့် U-PVC တပ်ဆင်ရေး လုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
ခြင် မကိုက်အောင် ကာကွယ်ပါ
ရန်ကုန် - 01 450 962, 09 431 44178
09 79222 8860
မန္တလေး - 09 2506 38611
မှတ်ပုံတင်ပြီး SMART တံဆိပ်တမျိုးတည်းဖြင့်သာ ထုတ်လုပ်ဖြန့်ချိ ရောင်းချပါသည်။
ဆင်တူယိုးမှား ပုံမှားရိုက်ခြင်းများ သတိပြုပါ။
သတိ လုံခြုံရေး ဦးစားပေးပါ။
လုံခြုံရေးအတွက် နဂါးနီ ကို တာဝန်ပေးပါ။
အမျိုးအစားအလိုက် ဈေးနှုန်းမှန်ဖြင့် စနစ်တကျ တပ်ဆင်ပေးသည်။
ဆိုင် (၁) - အမှတ် (၇၆) သမိန်ဗရန်းလမ်း၊ တာမွေဗိုးသတ်ချက်နှာချင်းဆိုင်။
ဆိုင် (၂) - အမှတ် (၁) သံသုမာလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ယာမျက်နှာချင်းဆိုင်၊ တာမွေ။
Ph: 01-450 783, 09 730 20031, 09 730 20032

**ကြေးမုံစာတည်းရှုထောင့်** **၂-၄-၂၀၁၅၊ ကြာသပတေးနေ့**

# ထာဝရငြိမ်းချမ်းရေးဆီသို့

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းရရှိနိုင်ရန်အတွက် သတ္တမအကြိမ်မြောက် နှစ်ဖက်ညှိနှိုင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနတွင် မတ်လ ၁၇ ရက်နေ့မှ မတ်လ ၂၂ ရက်နေ့အထိ ကျင်းပခဲ့ပြီး မတ်လ ၃၀ ရက်နှင့် မတ်လ ၃၁ ရက်တို့တွင် ဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့သမိုင်းတွင် မကြုံစဖူးထူးကဲသည့် ငြိမ်းချမ်းရေးအောင်မြင်မှု အဆင့်တစ်ခုကို ရရှိခဲ့ပါသည်။ တစ်နည်းဆိုလျှင် ငြိမ်းရေးတံခါးကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ထိုကဲ့သို့အောင်မြင်မှုရရှိရန်အတွက် အချိန်ယူရခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ နားလည်မှုရယူခြင်းများဖြင့် အကြိမ်ကြိမ်အခါခါ အထပ်ထပ်ဆွေးနွေးညှိနှိုင်းအဖြေရှာခဲ့ရသည်။ စစ်ရေးအမြင်မှ နိုင်ငံရေးအသွင်သို့ပြောင်းလဲပြီး သိမ်မွေ့နက်နဲစွာဆောင်ရွက်ခဲ့ရသည်။ စစ်ပွဲတစ်ရာတွင် အောင်ပွဲတစ်ရာရအောင်လုပ်နိုင်ကောင်း လုပ်နိုင်မည်ဖြစ်သော်လည်း ငြိမ်းချမ်းရေးအောင်ပွဲတစ်ခု ရရှိအောင်လုပ်နိုင်ဖို့ရာမှု လွယ်ကူလှသော အလုပ်မဟုတ်ချေ။

ယခုအောင်ပွဲတစ်ခုကို ဆင်နွှဲလိုက်နိုင်ပေပြီ၊ နိုင်ငံ့ခေါင်းဆောင် နိုင်ငံတော်သမ္မတကြီး၊ တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၏ ညီညွတ်သောစွမ်းအားများဟု ဆိုရမည်ဖြစ်သည်။ အဆိုပါခေါင်းဆောင်များသာမက အမျိုးမျိုးအဖုံဖုံသော အဖွဲ့အစည်းများ၊ အထောက်အကူပြုသူများပါမကျန် ပါဝင်စွမ်းဆောင်ခဲ့ကြသဖြင့် ထိုထိုသော ပုဂ္ဂိုလ်များအားလုံးကို ငြိမ်းချမ်းရေးသူရဲကောင်းများဟု ခေါ်ဆိုချင်ပါသည်။

ပြန်ပြောင်းကြည့်ရမည်ဆိုလျှင် မြန်မာနိုင်ငံ၌ နှစ်ပေါင်း ၆၀ ကျော်ကြာ စစ်ပွဲများနှင့်ကြုံခဲ့ရသည်။ အမြင်မတူ ကွဲပြားခြားနားမှုများကြောင့် စစ်မီးမအေးဖြစ်ခဲ့ရသည်။ ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကို အဖြေရှာခဲ့ကြသော်လည်း နောက်ပြန်လှည့်ခဲ့ကြသည်ကများသည်။ ယနေ့တစ်မူထူးခြားလာခဲ့ပြီ။ ငြိမ်းချမ်းရေးရောင်ခြည် သာမက ငြိမ်းချမ်းရေးအလင်းတံခါးပွင့်လာခဲ့ပြီ။ ငြိမ်းချမ်းရေးကို လိုချင်သော စိတ်၊ ငြိမ်းချမ်းရေးအတွက် ချမှတ်ပေးသောမူဝါဒလမ်းစဉ် မှန်ကန်ကောင်းမွန်သောကြောင့် အောင်မြင်ခြင်းဟုဆိုထိုက်သည်။

လေးနှစ်နီးပါးကြာသည့် ငြိမ်းချမ်းရေးမူဝါဒလမ်းစဉ်အောက်တွင် သဘောတူညီချက် မူကြမ်းစာချုပ်ရရှိအောင် တစ်နှစ်ကျော်ကြာ ကြိုးစားခဲ့ရသည်။ စိတ်ရှည်သည်းခံခြင်း၊ အချိန်ယူဆွေးနွေးခြင်း၊ နားလည်မှုရရှိခြင်းတို့၏ အကျိုးရလဒ်ပင်ဖြစ်သည်။ ဤမူကြမ်းသည် ငြိမ်းချမ်းရေးအတွက်သာမက ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် အကောင်းဆုံးဖြစ်အောင် မည်သို့ပြန်လည်ထူထောင်မည်ပါ ပါဝင်သဖြင့် ပြည်သူများ၏ မျှော်လင့်ချက်၊ ပြည်သူများ၏ ဆန္ဒအစစ်အမှန်ဟုဆိုနိုင်ပါသည်။

ဤမျှနှင့်လည်း မပြီးသေးချေ။ သဘောတူစာချုပ် ပထမအဆင့်တံခါးဖွင့်ခဲ့ခြင်းဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးတံခါးမကြီးကို ဆက်လက်ဖွင့်လှစ်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီက ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီသို့လည်းကောင်း၊ တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့က သက်ဆိုင်ရာတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များထံသို့လည်းကောင်း တင်ပြအတည်ပြုချက်ယူကြမည်။ အတည်ပြုချက်ရယူပြီးနောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို တရားဝင်လက်မှတ်ရေးထိုးကြမည်။ ထိုအခါ ထာဝရငြိမ်းရေး ရရှိလာမည်ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ဆန္ဒနှင့်အညီ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းသောပန်းခင်းလမ်းပေါ်တွင် ပြည်သူတစ်ရပ်လုံးနှင့်အတူလျှောက်လှမ်းကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။ ။

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဧပြီ ၁**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၊ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီဥက္ကဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုချီးမြှင့်နိုင်ရေးနှင့် ပတ်သက်၍ မြို့နယ်ဆု ကွင်းဆင်းစိစစ်ရေးအဖွဲ့ ငယ်ခေါင်းဆောင်များနှင့်အတူ မတ် ၃၀ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရေးအတွက် စိစစ်ရွေးချယ်ရေးကော်မတီအား ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး မြို့ပြ/ကျေးရွာဆုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဆိုင်ရာ ဆုများ၊ စီးပွားရေးဆိုင်ရာဆုများနှင့် လူမှုရေးဆိုင်ရာဆုများအား ရွေးချယ်ချီးမြှင့်နိုင်ရန် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုသည် ယခုနှစ်တွင် တတိယအကြိမ်မြောက်ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြို့နယ်ဆုနှင့် စံပြကျေးရွာဆုသည် ၂၀၁၄ ခုနှစ်မှ စတင်၍ ချီးမြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး မြို့နယ်တစ်မြို့နယ်စီနှင့် စံပြကျေးရွာတစ်ရွာစီအား ပဏာမရွေးချယ်တင်ပြခဲ့ခြင်းအပေါ် ကွင်းဆင်းအဖွဲ့(၃)ဖွဲ့ဖြင့် ကွင်းဆင်းစိစစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆုရွေးချယ်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်တို့အပေါ် အခြေခံရေးဆွဲထားသည့် အမှတ်ပေးစည်းမျဉ်းများနှင့် ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြို့နယ်နှင့် စံပြကျေးရွာများအနေဖြင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုရရန် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ပြီး ဆုရရှိခဲ့ပါကလည်း ချီးမြှင့်သည့်ဆုနှင့်လျော်ညီအောင် အစဉ်အမြဲထိန်းသိမ်းထားကြစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူးက တောင်ငူမြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ ဗီဒီယိုဖိုင်များနှင့်တကွ ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍဖြစ်သော ခပေါင်းဆည်ရေသောက်စက်မှုလယ်ယာစနစ် ဧက ၂၀၀၀ ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်းမှ တောင်ငူမြို့နယ်၏ ဧက ၉၀၀ စိုက်ပျိုးထားရှိမှုအခြေအနေ၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ကဏ္ဍဖြစ်သော ကျွန်းကုန်းကျေးရွာ အုပ်စု ကျွန်းကုန်းကျေးရွာမှ မွေးမြူရေး လုပ်ငန်းရှင် ဦးရဲဝင်း၏ ခိုင်ရွှေဝါကြက်ခြံတွင် ကြက်များမွေးမြူထားရှိမှုအခြေအနေနှင့် ကျေးလက်ဒေသအသေးစား၊ အလတ်စားကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဖြစ်သော ခိုင်ရွှေဝါ ဆီစက်လုပ်ငန်း၊ ငါးဖယ်အင်းကျေးရွာအုပ်စု၊ မင်းလမ်းကျေးရွာ ရွှေဝါး ဝါးတူ လုပ်ငန်းတို့ဆောင်ရွက်နေမှုအခြေအနေ၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဖြစ်သော လဲဘူးကျေးရွာအုပ်စု ကောင်းမှုတော်ကျေးရွာ မူလတန်းကျောင်း ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားရှိမှု၊ တောင်ငူ တက္ကသိုလ်သုံးထပ်ပင်မဆောင် ဆောက်လုပ်နေမှုအခြေအနေ၊ အုပ်ချုပ်ရေးနှင့် လူမှုရေးရာ လုပ်ငန်းများကဏ္ဍဖြစ်သော မြို့နယ် မီးသတ်ဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့စခန်းရှိ မီးသတ်ယာဉ်များ ကြံ့ခိုင်မှုအခြေအနေ၊ ကန်တော်ကြီး မီးသတ်ရေစင်နှင့် ၃၆၅ ရက်နေ့စဉ် အရက်ဆွမ်းလောင်းအသင်း၏ ဆောင်ရွက်မှုလုပ်ငန်းစဉ်များအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ


**ရန်ကုန် ဧပြီ ၁**

၂၀၁၄-၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၆၁ ဒသမ ၇၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၅ ဒသမ ၀၆ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၈၆ ဒသမ ၈၁ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၇၉ ဒသမ ၄၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၄ ဒသမ ၂၆ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၁၃ ဒသမ ၆၆ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွက် စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၂၆ ဒသမ ၈၅ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၅၁၇ ဒသမ ၂၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၀၂ ဒသမ ၈၄ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၄၂၀ ဒသမ ၁၃ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၉၁၈ ဒသမ ၄၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၉၀ ဒသမ ၇၄ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၁၀၉ ဒသမ ၁၇ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၆၈၉ ဒသမ ၀၄ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟို စာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

(သတင်းစဉ်)



# အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် ဧပြီ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းရှိန်၊ ဦးရဲထွဋ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရားနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လျှပ်စစ်မီးရရှိရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးဆုံးဖြစ်သော ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# လုံခြုံရေး၊ လူ့အခွင့်အရေးနှင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် ဧပြီ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ကွန်ဂရက်ရှိ လူနည်းစုခေါင်းဆောင် အောက်လွှတ်တော်အမတ် မစ္စ နန်စီ ပီလိုစီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လုံခြုံရေး၊ လူ့အခွင့်အရေးနှင့် လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲ ကျင်းပနိုင်ရေးတို့ကို နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အောက်လွှတ်တော်အမတ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ် မစ်ချယ်လည်း တက်ရောက်သည်။

နိုင်ငံတော်သမ္မတ အနေဖြင့် အမေရိကန် အောက်လွှတ်တော်အမတ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၎င်းတို့၏ အာရှ (၅) နိုင်ငံခရီးစဉ်အတွင်း မြန်မာနိုင်ငံသို့ရောက်ရှိစဉ် လက်ခံတွေ့ဆုံခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

# ၁၃၇၆ ခုနှစ် သင်္ကြန်ကာလအတွင်း မြို့ပတ်နှင့် အမြန်ရထားခရီးစဉ်အချို့ ယာယီရပ်နားထားမည်

**ရန်ကုန် ဧပြီ ၁**

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ပတ် ဆင်ခြေဖုံးလမ်းပိုင်းရထားများနှင့် အမြန်ရထားခရီးစဉ်အချို့အား ယာယီရပ်နားထားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

မဟာသင်္ကြန်ပွဲတော်ကာလ ဖြစ်သော ဧပြီ ၁၃ ရက်မှ ၁၆ ရက်ထိ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံး လော်ကယ်ရထားများအား တွဲဆိုင်းအလိုက် ယာယီရပ်နားသွားမည်ဖြစ်ရာ ရန်ကုန်မြို့ပတ် ဆင်ခြေဖုံးလမ်းပိုင်း ရထားများဖြစ်သော (ခ)အဲကွန်း အထူးရထားတွဲဆိုင်း၊ (ဇ) အဲကွန်း အထူးရထားတွဲဆိုင်း၊ (ဂ)အဲကွန်း အထူးရထားတွဲဆိုင်း၊ (လ)အဲကွန်း အထူးရထားတွဲဆိုင်းအပါအဝင် ကျန်မြို့ပတ်ရထားတွဲဆိုင်းများဖြစ်သော (တ)၊ (ဒ)၊ (သ)၊ (ဟ)၊ (အ)၊ (ည)၊ (ယ)၊ (ဘ)၊ (ဃ)၊ (ထ)၊ (ဏ)နှင့် ကမ်းနားလမ်း RBE ရထားတွဲဆိုင်းများကိုလည်း ယာယီရပ်နားမည်ဖြစ်ပြီး ရန်ကုန်မြို့ပတ် ဆင်ခြေဖုံးလမ်းပိုင်း၌ လက်ရှိတစ်ရက်လျှင် ခေါက်ရေ ၂၁၅ ခေါက်ပြေးဆွဲမှုကို ခေါက်ရေ ၁၂၅ ခေါက် ယာယီရပ်နားသွားမည်ဖြစ်ကာ သင်္ကြန်ကာလအတွင်း တစ်ရက်လျှင် ခေါက်ရေ ၉၀ နှုန်းဖြင့် အချို့ခရီးစဉ်အား ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဧပြီ ၁၄ ရက်မှ ၁၆ ရက်ထိ အမြန်ရထားများဖြစ်သော ရန်ကုန်-မန္တလေးလမ်းပိုင်းအမှတ် ၅ အဆန် ၆ အစုန်၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းအမှတ် ၃၅ အဆန် ၃၆ အစုန်၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းများဖြစ်သော အမှတ် ၃၇ အဆန် ၃၈ အစုန်၊ အမှတ် ၅၇ အဆန် ၅၈ အစုန်၊ အမှတ် ၃၃ အဆန် ၃၄ အစုန်၊ ရန်ကုန် - နေပြည်တော်လမ်းပိုင်း အမှတ် ၇ အဆန် ၈ အစုန်၊ ရန်ကုန်-ပုဂံ-ပခုက္ကူလမ်းပိုင်း အမှတ် ၆၁ အဆန် ၆၂ အစုန် အပါအဝင် လမ်းပိုင်းအားလုံး၌ ပြေးဆွဲလျက်ရှိသည့် RBE ရထားများ အားလုံးကိုလည်း ယာယီရပ်နားမည်ဖြစ်သည်။

မြန်မာ့မီးရထားတိုင်းများမှ လမ်းပိုင်းအားလုံး၌ ပြေးဆွဲလျက်ရှိသည့် ခရီးတိုရထားခရီးစဉ်များအားလုံးကိုလည်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်ထိ ယာယီရပ်နားထားမည်ဖြစ်ကာ ခရီးသည်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဘူတာများအား အချိန်မီသိရှိစေရန် ကြေညာထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**(စိုးဝင်း-MLA)**

# ဗြိတိန်နှင့် ဩစတြေးလျ စွမ်းအင်ကုမ္ပဏီများက မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမည်

**နေပြည်တော် ဧပြီ ၁**

ဗြိတိန်အခြေစိုက် BG Group နှင့် ဩစတြေးလျအခြေစိုက် Woodside Petroleum တို့သည် မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်ရှိ ကမ်းလွန်လုပ်ကွက်လေးကွက်၌ ရေနံနှင့် သဘာဝဓာတ်ငွေ့များရှာဖွေရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဟု မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း PennEnergy ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြသည်။

အဆိုပါစွမ်းအင်ကုမ္ပဏီများမှာ ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံ၌ ရေနက်နှင့် ရေတိမ်လုပ်ကွက်လေးကွက် လုပ်ကိုင်ခွင့်ရရန် လေလံအောင်ခဲ့သည့် ကုမ္ပဏီများဖြစ်သည်။ ရေတိမ်လုပ်ကွက်များ လုပ်ငန်းဆောင်ရွက်ရာတွင် အနည်းဆုံး အမေရိကန်ဒေါ်လာ ၅၄၅ ဒသမ ၅ သန်း ကုန်ကျမည်ဖြစ်ပြီး ရေနက်လုပ်ကွက်များမှာ အမေရိကန်ဒေါ်လာ ၅၃၅ ဒသမ ၁ သန်းထက်မနည်း ကုန်ကျမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ယင်းကုမ္ပဏီများသည် နေပြည်တော်၌ စွမ်းအင်ဝန်ကြီးဌာနနှင့် ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေခံစားရေးစာချုပ်များ (PSCs) ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ရေနက်လုပ်ကွက်များ၌ လေ့လာစောင့်ကြည့်ရေးနှင့် စူးစမ်းရှာဖွေရေးလုပ်ငန်းမှာ နောက်ထပ် ခုနစ်နှစ် သို့မဟုတ် ရှစ်နှစ် ကြာမြင့်မည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလထိ ကိုးလတာကာလအတွင်း မြန်မာ့ရေနံနှင့် စွမ်းအင်ကဏ္ဍသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၄၀ ရာခိုင်နှုန်းနီးပါးဖြစ်သော အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံကို ဆွဲဆောင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) ၏ ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။ ၂၀၁၃ ခုနှစ်အကုန်၌ မြန်မာနိုင်ငံ၌ အမှန်တကယ်ရှိနေသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ အရန်ပမာဏမှာ စုစုပေါင်း ကုဗပေ ၁၀ ထရီလီယံရှိကြောင်း BP ကုမ္ပဏီ၏ Statistical Review of World Energy ၏ အစီရင်ခံစာအရ သိရသည်။ အိမ်နီးချင်းထိုင်းနိုင်ငံသည် ယင်း၏ သဘာဝဓာတ်ငွေ့ ငါးပုံတစ်ပုံနီးပါးကို မြန်မာနိုင်ငံမှ တင်သွင်းသည်။ **(သုတ)**

# ကမ္ဘာ့အသက်အကြီးဆုံး ဂျပန်အမျိုးသမီးကြီး ကွယ်လွန်

**အိုဆာကာ မေ ၁**

ကမ္ဘာ့အသက်အကြီးဆုံး လူသားဖြစ်သော ဂျပန်နိုင်ငံမှ မီဆာအို အိုကာဝါသည် အသက်(၁၁၇)နှစ်အရွယ်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အိုဆာကာမြို့ရှိ ဘိုးဘွားရိပ်သာတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။ ၁၈၉၈ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ယင်းမြို့၌ပင် အိုကာဝါကို မွေးဖွားခဲ့ခြင်းဖြစ်သည်။

၎င်းသည် သားသမီးသုံးဦး ထွန်းကားခဲ့ပြီး မြေးလေးဦး၊ မြစ်ခြောက်ဦး ရှိခဲ့သည်။

၂၀၁၃ ခုနှစ်တွင် မစ္စ အိုကာဝါကို ကမ္ဘာ့အသက်ကြီးဆုံးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးအဖြစ်လည်းကောင်း ဂင်းနက်စ်ကမ္ဘာ့မှတ်တမ်းက အသိအမှတ်ပြုခဲ့သည်။

ယခုနှစ် စောစောပိုင်းတွင် ၎င်း၏ မွေးနေ့ပွဲကို ကျင်းပခဲ့ပြီး ၁၁၇ နှစ်ဆိုသည်မှာ ရှည်လျားသောအချိန်အဖြစ် သဘောထားကြောင်း ၎င်းကပြောခဲ့သည်။

အသက်ရှည်စွာ နေရခြင်း၏ အဓိကအကြောင်းမှာ တစ်ညလျှင် အနည်းဆုံး ရှစ်နာရီ အိပ်စက်ခြင်းနှင့် ဆူရှီစားခြင်းဖြစ်သည်ဟု မစ္စအိုကာဝါက ပြောခဲ့သည်။

ဆူရှီသည် ၎င်း၏ အကြိုက်ဆုံး စားစရာဖြစ်ပြီး အထူးသဖြင့် ရှာလကာရည်နှင့် ပေါင်းထားသော ထမင်းကို မက်ကရယ်ငါးနှင့် စားရခြင်းကိုလည်း နှစ်သက်သည်ဟု ဆိုသည်။




သူ၏ မွေးနေ့ပွဲ ကျင်းပပုံကို နိုင်ငံပိုင် ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သည်။

**ဘီဘီစီ။**

# ဗီယက်နမ်တွင် ဖိနပ်စက်ရုံ အလုပ်သမားများ ဆန္ဒပြ

**ဟိုချီမင်း မေ ၁**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ ရှူးဖိနပ်စက်ရုံတစ်ရုံတွင် ထောင်နှင့်ချီသော အလုပ်သမားများသည် ခြောက်ရက်မြောက်နေ့အဖြစ် ယနေ့ဆန္ဒပြလျက်ရှိကြသည်။

အလုပ်သမားများက လာမည့်နှစ်တွင် ပြဋ္ဌာန်းမည့် လူမှုရေးအာမခံ ဥပဒေကို ကန့်ကွက်နေကြခြင်းဖြစ်ပြီး (တရုတ်)တိုင်ပေ ပိုင်ပေ့ါယွင် ရှူးဖိနပ်စက်ရုံ ခြံဝင်းအတွင်း စခန်းချလျက်ရှိသည်။

၎င်းစက်ရုံက နိုက်ကီးနှင့် အေဒီဒတ်(စ်)ကဲ့သော နာမည်ကြီး ကုန်အမှတ်တံဆိပ်များအတွက် ဖိနပ်များကို ထုတ်လုပ်ပေးလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံတွင် အလုပ်သမားပြဿနာများကို တစ်ခါတစ်ရံ တွေ့ရသော်လည်း ယခုကဲ့သို့ အင်အားကြီးမားသော ဆန္ဒပြမှုများကို တွေ့ရခဲသည်ဟုဆိုသည်။

**ဘီဘီစီ။**

# နိုင်ဂျီးရီးယား၏ သမိုင်းဝင်ရွေးကောက်ပွဲ၌ စစ်ဘက်ခေါင်းဆောင်ဟောင်း ဘူဟာရီ အောင်ပွဲခံ

**အဘူဂျာ မေ ၁**

နိုင်ဂျီးရီးယားနိုင်ငံ၌ ကျင်းပသော ရွေးကောက်ပွဲတွင် စစ်ဘက်ခေါင်းဆောင်ဟောင်း မိုဟာမက်ဒူဘူဟာရီက လက်ရှိသမ္မတ ဂွတ်လပ်ဂျိုနသန်အား အနိုင်ရရှိပြီး သမ္မတသစ်အဖြစ် ရွေးချယ် တင်မြှောက်ခံရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင် ဘူဟာရီက ၎င်း၏ပြိုင်ဘက် သမ္မတ ဂျိုနသန်ထက် မဲ ၂ ဒသမ ၇ သန်း ပိုမိုရရှိခဲ့သည်။ ဘူဟာရီသည် နိုင်ဂျီးရီးယားနိုင်ငံ၏ ပြည်နယ်ပေါင်း ၃၄ ခုတွင် မဲအရေအတွက်၏ ၂၅ ရာခိုင်နှုန်းကျော်ကို ရရှိခဲ့သည်။

အာဖရိကတိုက်၌ လူဦးရေ အများဆုံးနိုင်ငံဖြစ်သော နိုင်ဂျီးရီးယားနိုင်ငံ၌ ပထမဆုံးအကြိမ် ဒီမိုကရေစီနည်းလမ်းနှင့်အညီ အာဏာလွှဲပြောင်းပေးရန် လမ်းပွင့်သွားပြီဖြစ်သည်။

စစ်ဘက်အာဏာသိမ်းပွဲတစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် ဆယ်စုနှစ်သုံးခုကြာကာလတွင် အတိုက်အခံခေါင်းဆောင်တစ်ဦးက လက်ရှိသမ္မတတစ်ဦးကို သမိုင်းဝင်ရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘူဟာရီသည် ကြည်းတပ်ဗိုလ်ချုပ်ဟောင်း တစ်ဦးဖြစ်ပြီး အသက်(၇၂)နှစ်ရှိပြီဖြစ်သည်။ ၎င်းသည် ၁၉၈၀ ပြည့်လွန်နှစ်များက စစ်အစိုးရအဖွဲ့တစ်ရပ်ကို ဦးဆောင်ခဲ့သူဖြစ်သော်လည်း ယခုအခါ ဒီမိုကရက်တစ်ဦးအဖြစ် ၎င်းကိုယ်တိုင် ထုတ်ဖော်ပြောဆိုထားသည်။ ဘူဟာရီသည် ၁၉၈၄ ခုနှစ် ဇန်နဝါရီလမှ ၁၉၈၅ ဩဂုတ်လအထိ နိုင်ဂျီးရီးယားနိုင်ငံကို အုပ်စိုးခဲ့သည်။

ဘူဟာရီသည် အားလုံးတိုးတက်ရေး ဝါဒီကွန်ဂရက်ပါတီ ( အေပီစီ)၏ ခေါင်းဆောင်ဖြစ်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကြွေးကြော်ခဲ့သဖြင့် ရွေးကောက်ပွဲဝင်ခဲ့သည်။

လက်ရှိသမ္မတ ဂျိုနသန်မှာမူ ပြည်သူ့ ဒီမိုကရက်တစ်ပါတီ (ပီဒီပီ)၏ ခေါင်းဆောင်ဖြစ်ပြီး ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာပါမည်ဟု လွှန်ခဲ့သည့် ရက်သတ္တပတ်က သဘောတူညီခဲ့သည်။ **ရိုက်တာ။**



# တောင်ကိုရီးယား ကူးတို့သင်္ဘောနစ်မြုပ်မှုတွင် သေဆုံးခဲ့သည့် ကျောင်းသားများအတွက် နစ်နာကြေးပေးမည်

**ဆိုးလ် မေ ၁**

တောင်ကိုရီးယား အစိုးရက လွန်ခဲ့သည့်နှစ်တွင် ကူးတို့သင်္ဘောနစ်မြုပ်မှုကြောင့် သေဆုံးသွားသည့် ကျောင်းသား ၂၅၀ ခန့်နှင့် ပျောက်ဆုံးနေဆဲ ကျောင်းသားများအတွက် နစ်နာကြေးအဖြစ် ဝမ် သန်း ၄၂၀ ပေးအပ်သွားမည်ဖြစ်ကြောင်း မေ ၁ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ ယင်းမှာ ကျန်ရစ်သူမိသားစုဝင်များအတွက် ပထမဆုံးအကြိမ် ထောက်ပံ့ပေးအပ်မည့် အစီအစဉ်ဖြစ်သည်။



သင်္ဘောနစ်မြုပ်မှုတွင် သေဆုံးသွားသည့် ကျောင်းဆရာ ၁၁ ဦး၏ မိသားစုများမှာ ဝမ် သန်း ၇၆၀ ရရှိမည်ဖြစ်ပြီး ယင်းသို့ လျော်ကြေးပမာဏများပြားရခြင်းမှာ ၎င်းတို့၏ ဝင်ငွေနစ်နာဆုံးရှုံးမှုများကိုပါ ထည့်သွင်းတွက်ချက်ထားသောကြောင့်ဖြစ်ကြောင်း သမုဒ္ဒရာများနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။ အခြားခရီးသည်များမှာ ဝမ် သန်း ၁၅၀နှင့် သန်း ၆၀၀ ကြာတွင်ရရှိမည်ဖြစ်သည်။ သေဆုံးသူများ၏ အသက်နှင့် ဝင်ငွေအပေါ်မူတည်၍ လျော်ကြေးရရှိမည်ဖြစ်သည်။

နစ်မြုပ်သွားသည့် ဆီဝိုလ်ကူးတို့သင်္ဘောပေါ်တွင် ခရီးသည် ၄၇၆ ဦးအနက် သုံးပုံနှစ်ပုံမှာ ကျောင်းသားကျောင်းသူလေးများ ဖြစ်ကြသည်။ သေဆုံးသူအများစုမှာ သင်္ဘောအမှုထမ်းများက သင်္ဘောပေါ်ရှိ အခန်းငယ်များတွင်သာနေရန် ညွှန်ကြားခဲ့ခြင်းကြောင့် သင်္ဘောတိမ်းမှောက်နစ်မြုပ်သည့်အခါ ပိတ်မိသေဆုံးခဲ့ကြရခြင်းဖြစ်သည်။ သင်္ဘောနစ်မြုပ်မှုသည် လွန်ခဲ့သည့်နှစ် ဧပြီ ၁၆ ရက်ကဖြစ်သည်။

သမုဒ္ဒရာများနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက လျော်ကြေးပေးမည့် ကော်မတီသည် သေဆုံး သို့မဟုတ် ပျောက်ဆုံးနေသည့် ကျောင်းသားများ၏ မိသားစုများအတွက် ဝမ် ၄၂၅ ဒသမ ၈ သန်း ပေးအပ်သွားမည်ဖြစ်ပြီး ကျောင်းသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၈၀၀၀၀ ခန့်ရရှိမည်ဟု ဆိုသည်။ **ရိုက်တာ။**

# ယီမင်နိုင်ငံ နို့ချက်စက်ရုံတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွား၊ လူ ၂၅ ဦးသေ

**အေဒင် မေ ၁**

ယီမင်နိုင်ငံ ဟော်ဒီယာဒါဆိပ်ကမ်းရှိ နို့ချက်စက်ရုံတစ်ရုံတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံးအလုပ်သမား ၂၅ ဦး သေဆုံးခဲ့ပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုသည် အနီးဝန်းကျင်ရှိ စစ်အခြေစိုက်စခန်းမှ ဒုံးကျည်ကျရောက်မှု သို့မဟုတ် ဆော်ဒီအာရေဗျ ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုမှ ကျရောက်ခဲ့သည့် ဗုံးကျည်ထိမှန်သည်ဟု ခန့်မှန်းရသည်။

လေကြောင်းတိုက်ခိုက်မှုများသည် ယမန်နေ့ ညပိုင်းက နို့ချက်စက်ရုံကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဆက်သွယ်မေးမြန်းခဲ့သော ဒေသခံများနှင့် မျက်မြင်သက်သေများက ဆိုသည်။ သို့သော် အခြားဒေသခံများက စစ်အခြေစိုက်စခန်းမှ ဒုံးကျည်ပစ်ခတ်မှုကြောင့် စက်ရုံပေါက်ကွဲခြင်းဖြစ်ကြောင်း ပြောသည်။

စက်ရုံတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အလုပ်သမား ၃၇ ဦး သေဆုံးခဲ့ပြီး ၈၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယီမင်တပ်မတော်၏ 'စက်တင်ဘာ ၂၆' ဝက်ဘ်ဆိုက်က ဖော်ပြထားသည်။

ဟူသီစစ်သွေးကြွများအား ချေမှုန်းနေသော ဆော်ဒီဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုများ စတင်ခဲ့သည့် မတ် ၂၆ ရက်ကစပြီး ယခုအချိန်ထိ နိုင်ငံတွင်း ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုဖြစ်စဉ်များတွင် ယခု ပေါက်ကွဲမှုသည် အသေအပျောက်အများဆုံးဖြစ်သည်။

ဆော်ဒီအာရေဗျအဖွဲ့နှင့် ဆွန်နီမွတ်စလင်နိုင်ငံများက ဟူသီစစ်သွေးကြွများနှင့် သမ္မတဟောင်း ဆာလက်ခ် တို့ တိုင်းပြည်၏အာဏာကို ပြန်လည်မသိမ်းပိုက်နိုင်ရန် ကာကွယ်သည့်အနေဖြင့် စစ်ဆင်ရေးများ ဆင်နွှဲလျက်ရှိသည်။

**ရိုက်တာ။**

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံ ကွန်ဂရက်လူနည်းစုခေါင်းဆောင် အောက်လွှတ်တော်အမတ် မစ္စနန်စီပီလိုစီဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဆွေ၊ ဦးလှမြင့်ဦးနှင့် ဦးခက်ထိန်နန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသောဒေါက်တာဝင်းမြင့်၊ ဒေါက်တာမျိုးအောင်၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်နန်းနွံနှင့် ဒေါ်မိမြင့်သန်း၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် အောက်လွှတ်တော်အမတ်ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်လ်လည်းတက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေးနှင့်အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့် ဧည့်သည်တော် အောက်လွှတ်တော်အမတ်မစ္စနန်စီပီလိုစီတို့သည် အမှတ်တရလက်ဆောင်များအပြန်အလှန်ပေးအပ်ခဲ့ကြသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေး လမ်းပြမြေပုံစတင်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သောငွေကြေးကဏ္ဍတည်ဆောက်ရေးအတွက် တာဝန်ယူမှုရှိပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော၊ အရည်အသွေးပြည့်ဝသော ငွေကြေးဝန်ဆောင်မှုကို ၂၀၁၄ ခုနှစ်တွင် နိုင်ငံအတွင်း အရွယ်ရောက်ပြီးသူဦးရေ၏ ၃၀ ရာခိုင်နှုန်းသုံးစွဲရာမှ ၂၀၂၀ ခုနှစ်တွင် ၄၀ ရာခိုင်နှုန်းအထိတိုးတက်သုံးစွဲရေး၊ ငွေကြေးဝန်ဆောင်မှုတစ်ခုထက် ပိုမိုသုံးစွဲသူဦးရေ၏ ၆ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ တိုးတက်ရရှိရေးစသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍ




တည်ဆောက်ရေးလမ်းပြမြေပုံစတင်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I) ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မိမိတို့နှစ်နိုင်ငံခေါင်းဆောင်များ ဆက်ဆံရေးကောင်းမွန်သည်နှင့်အမျှ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်ပါကြောင်း။

မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သောငွေကြေးကဏ္ဍတည်ဆောက်ရေးအတွက် အရေးကြီးသောခြေလှမ်းတစ်ရပ်မှာအာဆီယံနိုင်ငံများ၏ ဘဏ္ဍာရေးဆိုင်ရာ ပါဝင်ဆောင်ရွက်နိုင်မှုကွန်ဖရင့်ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၉ နှင့် ၃၀ ရက်များတွင် ကျင်းပနိုင်ခဲ့ပါကြောင်း၊ အဆိုပါ ကွန်ဖရင့်မှ ရန်ကုန်ရလဒ်ကိုထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်သောငွေကြေးကဏ္ဍသည် အဆင့်အမျိုးမျိုးအတွက် အကျိုးကျေးဇူးများရရှိနိုင်သည်ကို သဘောတူညီခဲ့ပါကြောင်း။

ထို့သို့ ဘဏ္ဍာရေးဆိုင်ရာပါဝင်ဆောင်ရွက်နိုင်မှု တိုးတက်လာမှုအခြေအနေများသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးကျေးဇူးရှိပါကြောင်း၊ ဘဏ္ဍာရေးကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပြီးအားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရားမက်ဆီမာက မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သောငွေကြေးကဏ္ဍတည်ဆောက်ရေးလမ်းပြမြေပုံ စတင်ဆောင်ရွက်နိုင်မှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တိုးတက်လာသောအခြေအနေများကိုမိမိအနေဖြင့် လေ့လာတွေ့ရှိရပါကြောင်း၊ ယနေ့သည် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေးလမ်းပြမြေပုံ စတင်ဆောင်ရွက်နိုင်သည့်နေ့ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ငွေကြေးကဏ္ဍတည်ဆောက်ရေး လမ်းပြမြေပုံဆောင်ရွက်နိုင်ရေးအတွက် ခိုင်မာသောကတိကဝတ်များဖြင့် ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ ထို့သို့ ပူးပေါင်းဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်ပြီး ပြည်သူများအတွက်လည်း အကျိုးကျေးဇူးများရရှိခံစားရစေမည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့်လည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာဆောင်ရွက်သွားမည်ဟုသိရှိရပါကြောင်း၊ ထို့ပြင် ဦးဆောင်ကော်မတီဖွဲ့စည်းရန် ဆောက်ရွက်လျက်ရှိသည်ဟုလည်း သိရှိရပါကြောင်းဖြင့် ပြောကြားသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းကလည်းမြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သောငွေကြေးကဏ္ဍတည်ဆောက်ရေး လမ်းပြမြေပုံ စတင်ဆောင်ရွက်ခြင်းအခြေအနေအပေါ် ယခုလမ်းပြမြေပုံဆောင်ရွက်ရာ၌ အခြေခံအုတ်မြစ်နှစ်ခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းအခြေခံအုတ်မြစ်နှစ်ခုမှာ ဘဏ္ဍာရေးကဏ္ဍ ခိုင်မာစေရန် တည်ဆောက်ခြင်းနှင့် ဦးစားပေးကဏ္ဍများကို ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ နွမ်းပါးသည့် အိမ်ထောင်စုများကို ကူညီထောက်ပံ့ခြင်းများအပြင် ငွေကြေးဆိုင်ရာပညာပေးလုပ်ငန်းများကိုလည်း လုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ ငွေကြေးဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ကျယ်ပြန့်သော လေ့လာဆန်းစစ်မှုများကိုလုပ်ဆောင်ခဲ့ပါကြောင်းနှင့် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေးလမ်းပြမြေပုံစတင်ခြင်းကို တရားဝင်ဖွင့်လှစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် UNRC မှ UN Resident Coordinator ဖြစ်သူ Ms. Renata Lok. Dessallien က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က အခမ်းအနားပိတ်ပွဲ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် UNDP-UNCDF တို့ ပူးပေါင်းဆောင်ရွက်သော UNDP ပုံမှန်နိုင်ငံဆိုင်ရာအကောင်အထည်ဖော်မှုအစီအစဉ်ဖြင့် Making Access to Finance Possible(MAP) စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ MAP စီမံကိန်း၏ ရည်ရွယ်ချက်မှာ အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေး လမ်းပြမြေပုံအကောင်အထည်ဖော်ရေးအတွက် ခိုင်မာ၍ အထောက်အထားကို အခြေပြုသော လေ့လာဖော်ထုတ်မှုများ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ငွေကြေးဆိုင်ရာပါဝင်ဆောင်ရွက်နိုင်မှုသည် ဘဏ်နှင့် တရားဝင်ငွေကြေးဝန်ဆောင်မှုမှ ကင်းလွတ်နေသောဝင်ငွေနည်းအိမ်ထောင်စုများ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီရေးတို့ကို တိုးတက်စေကြောင်း၊ ထို့ပြင် ငွေကြေးဆိုင်ရာပါဝင်ဆောင်ရွက်နိုင်မှု တိုးတက်ခြင်းသည် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေသည့်အပြင် ဝင်ငွေနည်းမိသားစုအနေဖြင့် ပညာရေးနှင့် ကျွမ်းကျင်မှု ပညာရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ချေးငွေနှင့် စုငွေဝန်ဆောင်မှုများအသုံးပြု၍ ပိုမိုရင်းနှီးမြှုပ်နှံနိုင်မည့်အပြင် စွန့်စားမှု အန္တရာယ်များကိုလည်းလျှော့ချနိုင်ပါကြောင်း။

ငွေကြေးဆိုင်ရာပါဝင်ဆောင်ရွက်နိုင်မှု လမ်းပြမြေပုံတွင် အဖွဲ့အစည်းဆိုင်ရာတည်ဆောက်ခြင်း၊ ဈေးကွက်တည်ဆောက်ခြင်း၊ စိုက်ပျိုးရေးကဏ္ဍငွေကြေးဝန်ဆောင်မှုပေးခြင်း၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေကြေးဝန်ဆောင်မှုပေးခြင်းနှင့် ဝင်ငွေနည်း ပြည်သူများကို ငွေကြေးဝန်ဆောင်မှုပေးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားကိုတက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(ဝဲပုံ)**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရားမက်ဆီမာသည် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သောငွေကြေးကဏ္ဍတည်ဆောက်ရေးလမ်းပြမြေပုံစတင်ခြင်း အခမ်းအနားကျင်းပပြီးနောက် သတင်းမီဒီယာများနှင့်တွေ့ဆုံကာ သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ဖြေကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းများအား ပြည်ပနိုင်ငံ ၄၄ နိုင်ငံသို့ နိုင်ငံခြားပညာတော်သင်စေလွှတ်ခဲ့

**နေပြည်တော် မေ ၁**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ် မတ်လအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၃၀နှင့် ဘွဲ့မယူသောသင်တန်း (Training) သို့ ပညာသင် ၁၄၈ ဦး စုစုပေါင်း ပညာသင် ၁၇၈ ဦးကို ပြည်ပနိုင်ငံ ၁၉ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။ မတ်လအတွင်း ပညာသင်ဦးရေ အများဆုံးစေလွှတ်ခဲ့သည့် နိုင်ငံများမှာ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ဖြစ်သည်။

နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကာလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၃၆၉ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training)သို့ ပညာသင် ၂၆၄၅ ဦး စုစုပေါင်း ပညာသင် ၃၀၁၄ ဦးကို ပြည်ပနိုင်ငံ ၄၄ နိုင်ငံသို့ ပညာသင်ယူဆည်းပူးနိုင်ရေးစီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ ပြည်ထောင်စုရာထူးဝန်အဖွဲ့က သတင်းထုတ်ပြန်ထားကြောင်းသိရသည်။

**(ကြေးမုံ)**

# ငြိမ်းချမ်းရေးတံခါးပွင့်ပြီ

**မောင်သောင်းဝင်း(တမန်ဟောင်း)**

တနင်္ဂနွေနေ့တွင် စာဖတ်သူတို့ရုပ်သံလိုင်း (Readers'Channel)မှ ဆရာကြီးလယ်တွင်းသားစောချစ်၏ ဘဝစာမျက်နှာများအစီအစဉ်ထုတ်လွှင့်သွားသည်ကို အမှတ်မထင်ကြည့်ရှုမိလိုက်သည်။ ဆရာကြီးက လူတစ်ဦးသည် အောင်မြင်မှုရရှိရန်အတွက် **စိတ်ဆန္ဒပြင်းပြရမည်**ဟုဆိုသည်။ မြတ်စွာဘုရားဟောကြားထားသည့် ပဋ္ဌာန်းတရားတော်ကြီးတွင်လည်း အဓိပတိလေးပါးရှိကြောင်း၊ ၎င်းတို့မှာ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိနှင့် ဝီမံသာဓိပတိတို့ဖြစ်ကြောင်း ရည်ညွှန်းပြောကြားခဲ့သည်။ ထို့အပြင်**အောင်မြင်မှုရရှိရန်အတွက်တံခါးများကို ခေါက်နေရမည်**ဆိုသော ဆရာကြီးပီမိုးနင်း၏ အဆိုအမိန့်ကိုလည်း ထည့်သွင်းပြောကြားသွားသည်။ စာရေးသူတို့ဘဝအတွက် များစွာခွန်အားဖြစ်စေသော စကားများပင်ဖြစ်သည်။ ထိုစကားများသည် လူတစ်ဦးချင်းစီကိုသာမက လူ့အဖွဲ့အစည်းနှင့်တိုင်းပြည်တစ်ခုအတွက်လည်း အရေးပါသော စကားများပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိမှုနှင့်အတူ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများလည်း တစ်ပါတည်းပါရှိလာသည်။ ထို့ကြောင့် အစိုးရအဆက်ဆက်သည် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် ငြိမ်းချမ်းရေးတံခါးများကို အကြိမ်ကြိမ်ခေါက်ခဲ့ရသည်။

တိုင်းပြည်တစ်ခုတွင် တည်ငြိမ်အေးချမ်းမှုရှိနေခြင်းသည် ထိုတိုင်းပြည်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအကြောင်းတရားများအနက် အဓိကကျသော အချက်တစ်ရပ်ပင်ဖြစ်သည်။ ထိုရည်မှန်းချက်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်လည်း ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအသီးသီးသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ ရရှိရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်ခဲ့ကြသည်မှာ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူအားလုံး အသိပင်ဖြစ်သည်။ ထို့အပြင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော လက်ရှိအစိုးရအဖွဲ့သည်လည်း ကောင်းမြတ်သောအစဉ်အလာများနှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းများကို တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရနှင့်နိုင်ငံသားအားလုံး၏ တူညီသောဆန္ဒသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားပြည်သူများ၏နေ့စဉ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ထိုရည်မှန်းချက်များ ရုပ်လုံးပေါ်လာစေရန်အတွက် လက်ရှိအစိုးရအဖွဲ့သည် ၂၀၁၁ ခုနှစ် ဩဂုတ်လကတည်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးရန် တရားဝင်ကမ်းလှမ်းခဲ့သည်။ ထိုကမ်းလှမ်းဆွေးနွေးမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင် ၁၄ ဖွဲ့အနက် ၁၂ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ကျန်နှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ရေးအတွက်လည်း စိတ်ရှည်သည်းခံသဘောထားကြီးစွာဖြင့် စောင့်ဆိုင်းဆွေးနွေးလျက်ရှိပေသည်။

ထိုကဲ့သို့စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်မှုများကြောင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သည့် (၆၈)နှစ်မြောက်ပြည်ထောင်စုနေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့်နိုင်ငံရေးဆွေးနွေးပွဲများကို အထောက်အကူပြုစေမည့် ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကတိပြုချက်(Deed of Commitment for Peace and National Reconciliation)ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုကတိပြုချက်ကို နိုင်ငံတော်သမ္မတ အပါအဝင် အစိုးရအဖွဲ့ကိုယ်စားပြုကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စားပြုကိုယ်စားလှယ်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားပြုကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားပြုကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီကိုယ်စားပြုကိုယ်စားလှယ်များ ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ထိုကတိပြုချက် လက်မှတ်ရေးထိုးနိုင်ခြင်းသည် မြန်မာ့သမိုင်းတစ်လျှောက်တွင် အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးညီညွတ်စွာဖြင့် ငြိမ်းချမ်းရေးအပေါ်တွင်ထားရှိသည့် စိတ်ရင်းစေတနာမှန်နှင့် ဆန္ဒပြင်းပြမှုကိုခိုင်မာစွာသက်သေပြနိုင်ခဲ့ခြင်းဖြစ်သည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးတည်ဆောက်သွားကြရန်ဆိုသည့် နိုင်ငံရေးအာမခံချက်ကို သဘောတူနိုင်ခဲ့သဖြင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တစ်လျှောက်တွင် တစ်ကြိမ်တစ်ခါမျှရရှိခဲ့ဖူးခြင်းမရှိသော အောင်မြင်မှုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် ၂၀၁၅ ခုနှစ် မတ်လ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို)မှ ဒေါက်တာလဂျာဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့ကြသည်။ နိုင်ငံတော်အဆင့်တာဝန်ရှိသူများနှင့်(ကေအိုင်အို)အဖွဲ့တို့အကြား ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်သော်လည်း ယုံကြည်မှုတည်ဆောက်ခြင်းကို ပိုမိုခိုင်မာအောင် ပြုလုပ်နိုင်ခဲ့ကြသည်။ ထို့ကြောင့်(ကေအိုင်အို)သည် ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်လာသည့်အတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

ထိုသို့တွေ့ဆုံစဉ်နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ပြောကြားချက်များအနက်အချို့ကို ကောက်နုတ်ဖော်ပြရလျှင် **"တကယ်တမ်းတွင် ကချင်ပြည်နယ်သည် တပ်မတော်အစိုးရလက်ထက်က ၁၇ နှစ်လုံးလုံး ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး ငြိမ်းငြိမ်းချမ်းချမ်းနှင့်ရှိခဲ့သည့်ပြည်နယ်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းစွာရှိစဉ် နေထိုင်ခဲ့ရသည့် ကချင်ပြည်နယ်တွင်ရှိသည့် ပြည်သူများ၏ဘဝနှင့် မငြိမ်းမချမ်းရှိနေသည့် ယခုဘဝနှိုင်းယှဉ်ကြည့်ပါက အကောင်းအဆိုးကိုမိမိတို့ခွဲခြားသိမြင်နိုင်ပါကြောင်း၊ငြိမ်းချမ်းစွာနေထိုင်လိုခြင်းသည် ပြည်သူများ၏စစ်မှန်သော ဆန္ဒဖြစ်ပါကြောင်း၊ စစ်ဘေးစစ်ဒဏ်ကို ကိုယ်တိုင်တွေ့ကြုံခဲ့ကြရသည့် ပြည်သူများ၏ခါးသီးသည့်ဘဝကို မိမိတို့ စာနာထောက်ထားကြရမည်ဖြစ်ကြောင်း"** အလေးအနက်ထားပြောကြားခဲ့သည်။ နိုင်ငံတော်အကြီးအကဲတစ်ဦး၏ ပြည်သူများအပေါ်ထားရှိသော စိတ်စေတနာများပင်ဖြစ်သည်။

ထို့အပြင် ကေအိုင်အိုအဖွဲ့နှင့်တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပြောကြားချက်အချို့ကိုလည်း ကောက်နုတ်ဖော်ပြရလျှင် **"တပ်မတော်အနေဖြင့် ပဋိပက္ခများကို လက်နက်ကိုင်ဖြေရှင်းမှုအား မလိုလားဆုံးဖြစ်ကြောင်း၊ တိုက်ပွဲများကြောင့် တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများအတွက်ပါ မြန်မာတိုင်းရင်းသားများသာ ဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုမှာလည်း နစ်နာဆုံးရှုံးရကြောင်း၊ တပ်မတော်နှင့်လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် လျော့သွားသောအင်အားကို Recruiting လုပ်၍စုဆောင်းဖြည့်တင်းနိုင်သော်လည်း ပြည်သူလူထု၏ သားသမီးများဆုံးရှုံးပါက ပြန်လည်ဖြည့်၍ မရနိုင်သဖြင့် ဆုံးရှုံးမှုကြီးမားသောကြောင့် နက်နက်နဲနဲထည့်သွင်းစဉ်းစားပါကြောင်း"** အသိပေးပြောကြားခဲ့သည်။ ထိုပြောကြားချက်များသည် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ထားရှိသော စစ်မှန်သည့် အမြင်သဘောထားများပင်ဖြစ်သည်။

ထို့ကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(Union Peace-Making Working Committee-UPWC)နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team-NCCT)တို့အကြား(၇) ကြိမ်မြောက်ဆွေးနွေးပွဲကို မတ်လ ၁၇ ရက်နေ့မှစ၍ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(Myanmar Peace Centre-MPC)၌ စတင်ဆွေးနွေးခဲ့ရာ (၇)ရက်မြောက်ဖြစ်သည့် မတ်လ ၃၀ ရက်နေ့ဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA)နောက်ဆုံးမူကြမ်းတွင်ပါဝင်သည့် အခန်းပေါင်း(၇)ခန်း၊ အပိုဒ်ပေါင်း(၃၃)ပိုဒ် နှင့် အပိုဒ်ငယ်ပေါင်း(၈၆)ခု အားလုံးကို နှစ်ဖက်သဘောတူဆွေးနွေးနိုင်ခဲ့သည်။ နှစ်ဖက်အဖွဲ့အစည်းများသည် ထိုသို့သဘောတူညီခဲ့သည့်NCA စာချုပ်နောက်ဆုံးပါအချက်များအားလုံးကို ပြန်လည်သုံးသပ်ပြီးနောက် မတ်လ ၃၁ ရက်နေ့တွင် ပဏာမသဘောတူညီမှုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ တစ်မျိုးသားလုံးအတွက် မင်္ဂလာရှိသော သတင်းကောင်းတစ်ခုပင်ဖြစ်သည်။ ထို့အပြင် နှစ် (၆၀) ကျော် ပြည်တွင်းစစ်ချုပ်ငြိမ်းစေမည့် ငြိမ်းချမ်းရေးတံခါးခေါက်သံလည်း ဖြစ်သည်။

အစိုးရနှင့်တပ်မတော်အပိုင်းသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် စိတ်ရှည်သည်းခံစွာဖြင့် လိုက်လျောမှုများပြုလုပ်ပေးခဲ့သည်ဟုဆိုသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် စာချုပ်အပြီးသတ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် NCA စာချုပ်နောက်ဆုံးမူကြမ်း၏ သဘောတူညီချက်များအား NCCT ဘက်မှတိုင်းရင်းသားအဖွဲ့ပေါင်းစုံ၏ထိပ်သီးညီလာခံသို့ တင်ပြသွားမည်ဖြစ်သည်။ ထို့နောက်တိုင်းရင်းသားခေါင်းဆောင်များသည် အပြီးသတ်စာချုပ်ကိုလက်မှတ်ရေးထိုးသွားမည်ဖြစ်သည်။ UPWC သည် နိုင်ငံတော်အစိုးရမှအတည်ပြုထားပြီးဖြစ်သောကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ(Union Peace-Making Central Committee-UPCC)သို့သတင်းပို့ရန်သာကျန်ရှိသည်။ UPWC နှင့် NCCT တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလကတည်းက စတင်ခဲ့ရာ တရားဝင်(၇)ကြိမ်နှင့် အလွတ်သဘောဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရပါသည်။

သကြ်န်ကာလနောက်ပိုင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA) လက်မှတ်ရေးထိုးနိုင်မည်ဆိုလျှင် နောက်တစ်ဆင့်အနေဖြင့် အားလုံးပါဝင်သော ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပနိုင်တော့မည်ဖြစ်သည်။ ထိုဆွေးနွေးပွဲများမှသည် တိုင်းရင်းသားညီအစ်ကိုများအကြား နိုင်ငံရေးသဘောတူညီချက်များ ရရှိလာမည်ဖြစ်သည်။ ထိုသို့ သဘောတူညီချက်များရရှိခဲ့လျှင် နိုဝင်ဘာလဆန်းတွင် ကျင်းပမည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး၌ တိုင်းရင်းသားအားလုံးပါဝင်ယှဉ်ပြိုင်ခွင့်ရှိလာမည်ဖြစ်သည်။ ထို့အပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကျင်းပနိုင်သည့်အတွက် လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲ၏ အနှစ်သာရကိုလည်းဖော်ဆောင်နိုင်မည်ဖြစ်သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) အပြီးသတ်လက်မှတ်ရေးထိုးနိုင်မည်ဆိုလျှင် စစ်ဘေးရှောင်ဒုက္ခသည်များသည် သက်ဆိုင်ရာဒေသများသို့ သွားရောက်နေထိုင်နိုင်ပြီး စိတ်လက်အေးချမ်းစွာ လုပ်ကိုင်စားသောက်နိုင်မည်ဖြစ်သည်။ ထို့အပြင် ကလေးငယ်များသည်လည်း ပညာဆက်လက်သင်ကြားခွင့်ကို စိုးရိမ်ပူပန်မှုကင်းစွာဖြင့် ဆက်လက်သင်ယူနိုင်မည်ဖြစ်သည်။ ထိုဒေသများတွင် လမ်းပန်းဆက်သွယ်ရေးချောမွေ့လာသဖြင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး ကုန်ဈေးနှုန်းများကျဆင်းလာမည်ဖြစ်သည်။ ဒေသခံပြည်သူများ၏ အခြေခံ စား၊ ဝတ်၊ နေရေးလုပ်ငန်းများ အဘက်ဘက်မှ တိုးတက်လာမည်ဖြစ်သည်။ ဒေသကုန်ထုတ်လုပ်ငန်းများတိုးတက်လာသဖြင့် လူမှုစီးပွားဘဝများမြင့်မားလာမည်မှာအမှန်ပင်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် မြန်မာနိုင်ငံတွင်တာဝန်ထမ်းဆောင်ခဲ့သောအစိုးရအဆက်ဆက်သည် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးတံခါးကိုအကြိမ်ကြိမ်ခေါက်ခဲ့ကြရသည်။ လက်ရှိဒီမိုကရေစီအစိုးရလက်ထက်တွင် UPWC တို့ NCCT အကြား ငြိမ်းချမ်းရေးတံခါးကိုအကြိမ်ကြိမ်ခေါက်ခဲ့သဖြင့် မတ် ၃၀ ရက်တွင် NCA စာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုသဘောတူညီချက်သည် တိုင်းပြည်နှင့်လူမျိုးအတွက် မင်္ဂလာရှိသောသတင်းပင်ဖြစ်သည်။ ထိုသဘောတူညီချက်မှသည် တိုင်းပြည်အတွက် ထာဝရငြိမ်းချမ်းရေးသဘောတူစာချုပ်တစ်ရပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုကြီးအတွင်းမှီတင်းနေထိုင်သော တိုင်းရင်းသား ပြည်သူအားလုံးသည် ပြင်းပြသောစိတ်ဆန္ဒဖြင့်ငြိမ်းချမ်းရေးတံခါးကို အကြိမ်ကြိမ်ခေါက်သွားကြပါစို့ဟု တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။ ။

**တိုင်းပြည်အတွက် ထာဝရငြိမ်းချမ်းရေး သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားပြည်သူအားလုံးသည် ပြင်းပြသောစိတ်ဆန္ဒဖြင့် ငြိမ်းချမ်းရေးတံခါးကို အကြိမ်ကြိမ်ခေါက်သွားကြပါစို့။**

## မွန်နှင့် ကရင်ပြည်နယ်ရှိ တောင်သူများအား သီးနှံလျော်ကြေးများပေးအပ်

**မော်လမြိုင် မေ ၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကြီးမှူးကျင်းပသည့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ၃၅ မိုင်အစားထိုးအဆင့်မြှင့်လဲလှယ်ရေး စီမံကိန်း (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ် ပိုက်လိုင်း လမ်းကြောင်းထိုးခြင်းလုပ်ငန်းကြောင့် ပျက်စီးသွားသော သီးနှံပင်များအတွက် လျော်ကြေးပေးခြင်းအခမ်းအနားကို မတ် ၃၀ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ခြောက်မိုင်-ကျွဲခြံကုန်းရပ်ကွက်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ဖွဲ့စည်းပေးထားသော သီးနှံလျော်ကြေးပေးချေရေးကော်မတီအဖွဲ့ဝင်များ၊ ခြောက်မိုင် - ကျွဲခြံကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများနှင့် သီးနှံပင်များ ပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများ တက်ရောက်ပြီး စွမ်းအင်ဝန်ကြီးဌာနမှ ကြီးကြပ်ရေးအင်ဂျင်နီယာ ဦးဌေးလွင်နှင့် ဆောက်လုပ်ရေး အင်ဂျင်နီယာ ဦးမြင့်နိုင်တို့က စုစုပေါင်းလျော်ကြေးငွေကျပ် ၆၉ သိန်းကျော်ကို သီးနှံပျက်စီးဆုံးရှုံးခံရသည့် တောင်သူငါးဦးအား တစ်ဦးချင်းခွဲဝေပေးအပ်ခဲ့သည်။

အလားတူ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ် ရေးမြို့နယ်တွင် မတ် ၃၀ ရက်က တောင်သူခြောက်ဦးအား လျော်ကြေးငွေကျပ် ၁၀၁ သိန်းကျော်ကို လည်းကောင်း၊ သံဖြူဇရပ်မြို့နယ်၌ ပထမအကြိမ်တွင် တောင်သူ ၃၇ ဦးအတွက် လျော်ကြေးငွေကျပ် ၉၁၂ သိန်းကျော်ကို လည်းကောင်း၊ ဒုတိယအကြိမ်၌ တောင်သူ ၁၃ ဦးအတွက် လျော်ကြေးငွေကျပ်သိန်း ၈၀ ကျော်ကိုလည်းကောင်း၊ ကျိုက်မရောမြို့နယ်တွင် တောင်သူ ၁၃ ဦးအတွက် လျော်ကြေးငွေကျပ် ၆၅ သိန်းကျော်ကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် တောင်သူ ၁၅၃ ဦးအတွက် လျော်ကြေးငွေကျပ် သိန်း ၁၈၀ ကျော်ကို လည်းကောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် သီးနှံလျော်ကြေးငွေ စုစုပေါင်းကျပ်သိန်း ၁၄၁၁ ကျော်ကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များ စည်းမျဉ်းစည်းကမ်းနှင့်အညီဖြစ်စေရေး အဆိုတင်သွင်း

**နေပြည်တော် ဧပြီ ၁**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းပြီး အချိန်မီပြီးစီးအောင်မြင်စေရေးနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဖြစ်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးက တင်သွင်းရာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်က အဆိုကို အတည်ပြုခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်း၊ တံတား လုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်နှင့်အညီ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ အရည်အသွေးစိစစ်ရေး ကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်း၍ ပွင့်လင်းမြင်သာပြီး တိကျသေချာသော တင်ဒါစနစ်ဖြင့်



ဒုတိယဝန်ကြီး
ဒေါက်တာလင်းအောင်။

ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ပစ္စည်းဝယ်ယူရေး လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ရာတွင် အိတ်ဖွင့်တင်ဒါစနစ်နှင့် နိုင်ငံတော်အစိုးရအဖွဲ့မှ ညွှန်ကြားထားသည့် **"ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့်လုပ်ငန်း လမ်းညွှန်ချက်များ"**အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ်မှ စတင်၍ဖော်ဆောင်လျက်ရှိရာ အမိန့်ကြော်ငြာစာ ၄၂/၈၆ပါ ဘဏ္ဍာရေးစည်းမျဉ်းများကိုလည်း ခေတ်နှင့်



ဒုတိယဝန်ကြီး
ဦးစိုးတင့်။

လျော်ညီအောင် ပြင်ဆင်ရေးကို ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ရည်မှန်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လစာနှုန်းများ တိုးမြှင့်ပေးထားသည်နှင့်အမျှ လစာစရိတ်နှင့်ပတ်သက်သည့် သာမန်အသုံးစရိတ်များကို ပိုမိုဂရုပြု၍ စိစစ်ကြပ်မတ်သွားမည်ဖြစ်ပါကြောင်း၊ ဌာနအဖွဲ့အစည်းအလိုက် အမြဲတမ်းဝန်ထမ်း၊ နေ့စားဝန်ထမ်းခန့်အပ်မှုများကို စိစစ်ခြင်း၊ လုပ်ငန်းပမာဏနှင့် ဝန်ထမ်းအင်အားမျှတမှု ရှိ၊ မရှိ၊ အင်အားဖောင်းပွနေမှု ရှိ၊ မရှိတို့ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပုံမှန်ဆောင်ရွက်နေမှုများအပြင် ၂၀၁၄ ခုနှစ် ဩဂုတ် ၄ ရက်တွင် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်း

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ◗**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# သစ်လွင်လက်ထောက်ဆရာဝန်များ ဧပြီလတွင် ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ပြင်ဆင်ခြင်း၊ ကော်မရှင်သက်တမ်းသတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးတာဝန်ကို ကြိုးစားဆောင်ရွက်ခဲ့ကြသည့်အတွက် ဥပဒေပေါင်း ၁၄၉ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းသည် လွှတ်တော်တွင်ဖွဲ့စည်းထားသည့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ အတွေ့အကြုံ၊ အရည်အချင်းနှင့် ကြိုးစားအားထုတ်မှုများ ပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်ပါကြောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ သက်တမ်းအား ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိသတ်မှတ်ပါကြောင်းဖြင့် လွှတ်တော်သို့ ရှင်းလင်းတင်ပြ အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုသည်။

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်



ဒုတိယဝန်ကြီး
ဒေါက်တာဒေါ်သိန်းသိန်းဌေး။



လွိုင်လင်မဲဆန္ဒနယ်မှ
ဦးခင်မောင်သီ။

တင်၏ **လဲချားမြို့နယ်အတွင်း လမ်း၊ တံတားများကို ချဲ့ကားပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က လွိုင်လင်-ပန်ကေတု- သီပေါလမ်းအား ၂၀၁၄ -၂၀၁၅ ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၂၀၅ သန်းဖြင့် ဖာထေးပြုပြင်ခြင်း ၇ မိုင် ၄ ဖာလုံ ကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတား ၆ စင်းကိုလည်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားပါကြောင်း၊ လဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းအွတ်-မိုင်းကောင်းလမ်းရှိ လဲချားမြို့အပိုင်းအား ၂၀၁၄-၂၀၁၅ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လဲချားမြို့နယ်အတွင်း ဖြတ်သန်းသွားသည့် လွိုင်လင်-ပန်ကေတု-သီပေါလမ်းနှင့် လဲချား-မိုင်းနောင်-မိုင်းအွတ်-မိုင်းကောင်းလမ်းတို့အား ၁၈ ပေအကျယ်လမ်းဖြစ်ရန် တည်ဆောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ **ပင်လုံမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံနှင့် မိုင်းပွန်ကျေးရွာအုပ်စု ပြည်သူ့ဆေးရုံတို့တွင် တာဝန်ခံဆရာဝန်များ ခန့်အပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပင်လုံမြို့ ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသည့် တာဝန်ခံဆရာဝန်နေရာတွင် ဆမ- ၂၃၁၅၅ ဒေါက်တာစိုင်းမြတ်သူရအား ဖြည့်ဆည်းခန့်အပ်ပြီးဖြစ်ပါကြောင်း၊ မိုင်းပွန်မြို့ ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသည့် တာဝန်ခံဆရာဝန်အား ရှမ်းပြည်နယ်အစိုးရမှ ခေါ်ယူခန့်အပ်သည့် သစ်လွင်လက်ထောက်ဆရာဝန်များ နေရာချထားနိုင်မည့် ၂၀၁၅ ခုနှစ် ဧပြီလတွင် ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# သတ္တုတွင်းကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာမေးခွန်းများ မေးမြန်းခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ဆောင်ရွက်

**နေပြည်တော် ဧပြီ ၁**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၈)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ သတ္တုတွင်းကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများ မေးမြန်းခြင်းနှင့် ဥပဒေကြမ်း တစ်ခုအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးသိန်းလှိုင်၏ **ကျေးရွာပိုင်မြေနှင့် သတ္တုမိုင်းမြေအား ခွဲခြားသတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ကလေးဝမြို့နယ် ကလေးဝကျောက်မီးသွေးသတ္တုတွင်းနှင့် သစ်ချောက်ဒေသတွင် ကျောက်မီးသွေးအကြီးစားထုတ်လုပ်သည့် လုပ်ငန်းလုပ်ကိုင်နေသည့် ထူးအပြည်ပြည်ဆိုင်ရာစက်မှုလုပ်ငန်းစု ကုမ္ပဏီ



ဒုတိယဝန်ကြီး
ဦးဝင်းသန်း။

လီမိတက်မှ ဆေးရုံ၊ ဆေးခန်းမြေနေရာ ၁ ဒသမ ၂၈ ဧကနှင့် အဆောက်အအုံများကို သတ္တုတွင်းဝန်ကြီးဌာနမှ တစ်ဆင့် လွှဲပြောင်းပေးအပ်ခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနတို့သို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ သစ်ချောက်ကျေးရွာ(၈)ရပ်ကွက်နှင့် ကျောက်အုံကျေးရွာတို့ကို အလားတူလွှဲပြောင်းပေးနိုင်ရေးအတွက် လုပ်ငန်းစဉ်အတိုင်း ကျေးရွာမြေလွှဲပြောင်းရေးကိစ္စများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဆက်သွယ်ရေးကဏ္ဍဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇဝန၏ **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငှားရမ်းထုတ်ပေးထားသော CDMA(450 MHz) ဖုန်း၏ အနာဂတ်စီမံဆောင်ရွက်မည့် အခြေအနေကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် CDMA (450 MHz)စနစ်ထက် GSM/ UMTS စနစ်ကို အသုံးပြုလာသဖြင့် ရေဒီယိုစက်ပစ္စည်းများနှင့် ဟမ်းဆက်များ ထုတ်လုပ်သူရှားပါးလာခြင်းကြောင့်လည်းကောင်း၊ International Roaming ဆောင်ရွက်ရာတွင်အခက်အခဲရှိ၍ ကျယ်ပြန့်စွာ အသုံးပြုမှုနည်းပါးလာခြင်းကြောင့်လည်းကောင်း CDMA(450 MHz)စနစ်ကို ထပ်မံတိုးချဲ့ပေးရန်နှင့် CDMA(450 MHz) မိုဘိုင်းတယ်လီဖုန်းပြောဆိုခနှုန်းထားများကို လျှော့ချပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။


ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဖိုးဇော်၏ **ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်အပါအဝင် PCO အငှားဖုန်း၊ CDMA(450 MHz) များအတွက် ပေးသွင်းငွေများ ပြန်လည်ထုတ်ပေးနေသည့်အခြေအနေနှင့် မည်သည့်စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ပေးနေပြီး တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ အငှားဖုန်းအတွက် ပေးသွင်းထားသူများအား မည်သည့်အချိန်တွင် ပြန်လည်ထုတ်ပေးသွားမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ CDMA-450 (PCO) များကို သနပ်ပင်မြို့နယ်ရှိ ဖုန်း ၇၇ လုံးအနက် ၁၇ လုံးနှင့် ကဝမြို့နယ်ရှိ ဖုန်း ၄၁ လုံးအနက် ၅ လုံးသာ ကိုယ်ပိုင်ပြုလုပ်ရန်ကျန်ရှိပြီး ကျန်ရှိသောဖုန်းများတွင် ဝန်ဆောင်ခကြွေးကျန်ရှိ၍ ဌာနမှယာယီပိတ်ထားသော ဖုန်းများဖြစ်သောကြောင့် ဆက်သွယ်အသုံးပြု၍ မရပါကြောင်းနှင့် ကြိုတင်ငွေများကို အချိန်ကာလသတ်မှတ်ထားခြင်းမရှိဘဲ ဆက်လက်ထုတ်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၈)မှ ဦးသိန်းလှိုင်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်း**ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**



*** ဒုတိယသမ္မတမှ**
ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံသည်။**(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်း၊ ဦးမော်သာထွေး၊ ဒေါ်စန္ဒာခင်၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံမှ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ယဉ်ကျေးမှုရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံက သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ရန် အလှည့်ကျသည့် စီအယ်လ်အမ်ဗွီနှင့် အက်ခ်မက်အဖွဲ့ဆိုင်ရာ ကိစ္စရပ်များ၊ မဲခေါင်မြစ်ကော်မရှင်ဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံပူးတွဲကော်မရှင် အစည်းအဝေးကျင်းပနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးတို့ ဦးဆောင်သည့်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားပြတိုက်သို့ရောက်ရှိကြပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ အမှတ်တရလက်ဆောင်ပစ္စည်းအား ပေးအပ်ခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သောအဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

◆

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်နှင့်စပ်လျဉ်း၍

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက်

### ထုတ်ပြန်ချက်အမှတ်(၄/၂၀၁၅)

၁။ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCCT)တို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ သမိုင်းဝင်အောင်မြင်မှုတစ်ရပ်အဖြစ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ဤဆွေးနွေးပွဲမှရရှိထားသော သဘောတူစာချုပ်(အတည်ပြုမူကြမ်း)ကို သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးတို့က မိမိတို့၏ခေါင်းဆောင်များထံ တင်ပြအတည်ပြုချက်များရယူပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(Nationwide Ceasefire Agreement-NCA)ကို တရားဝင်လက်မှတ်ရေးထိုးကြမည်ဖြစ်ရာ အဆိုပါလုပ်ငန်းစဉ်အား ချောမွေ့လျင်မြန်စွာ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါသည်။

၃။ ယင်းကဲ့သို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ချောမွေ့လျင်မြန်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများစတင်ကျင်းပနိုင်ရန် များစွာအထောက်အကူဖြစ်စေမည်ဟု ကော်မရှင်အနေဖြင့် ယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# သုံးနှစ်အတွင်း စားသောက်ကုန်လုပ်ငန်းဆိုင်ရာလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ရင်းနှီးမြှုပ်နှံသွားမည်

**ရန်ကုန် မေ ၁**

မြန်မာနိုင်ငံမှ Capital Diamond Star Group နှင့် ဂျပန်နိုင်ငံ မစ်ဆူဘီရှိ ကော်ပိုရေးရှင်းတို့ စားသောက်ကုန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ပူးပေါင်းလုပ်ဆောင်မှုကုမ္ပဏီဖွဲ့စည်း၍ အမျိုးမျိုးသော စားသောက်ကုန်လုပ်ငန်းများတွင် သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း Capital Diamond Star Group Limited မှ သတင်းရရှိသည်။

ဂျပန်နိုင်ငံတွင် ကုန်သွယ်လုပ်ငန်းကဏ္ဍ၌ ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သော မစ်ဆူဘီရှိကော်ပိုရေးရှင်းသည် မြန်မာနိုင်ငံသားပိုင် Capital Diamond Star Group နှင့် ပူးပေါင်းလုပ်ဆောင်မှုကုမ္ပဏီ Lluvia ကို ဖွဲ့စည်း၍ အစုရှယ်ယာတန်ဖိုး ၃၀ ရာခိုင်နှုန်းဖြင့် လုပ်ဆောင်သွားမည်ဟု သိရသည်။

Lluvia အနေဖြင့် အမျိုးမျိုးသော စားသောက်ကုန် လုပ်ငန်းများတွင် သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်သွားမည်ဖြစ်သည်။ Lluvia မှ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် မြန်မာ့စားသောက်ကုန်လုပ်ငန်းဆိုင်ရာ ကဏ္ဍများနှင့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာကဏ္ဍများတွင် တောင်သူလယ်သမားများအပါအဝင် အကျိုးပြုရည်ရွယ်ဆောင်ရွက်သွားမည်ဟု ဆိုသည်။ Lluvia မှ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဆိုင်ရာ စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်းဈေးကွက်ကို အခြေခံ၍ နိုင်ငံတကာနှင့် အာရှနိုင်ငံများတွင် စားသောက်ကုန် လုပ်ငန်းများ၌ ဦးဆောင်ကုမ္ပဏီအဖြစ် ပါဝင်စေရန် ဆောင်ရွက်သွားမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

ယင်းအပြင် စိုက်ပျိုးရေးနှင့် စားသောက်ကုန်လုပ်ငန်း ကဏ္ဍကို အခြေခံထားသည့်အတွက် တောင်သူလယ်သမားများ ငွေပင်ငွေရင်း ရရှိနိုင်မှုအခွင့်အလမ်းများ ပိုမိုတိုးတက်လာနိုင်ခြင်း၊ စိုက်ပျိုးရေးနည်းပညာနှင့် အသိပညာများ ဖလှယ်နိုင်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန် ထုတ်လုပ်ဖြန့်ဖြူးခြင်း (Food Safety) အရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် နည်းပညာသစ်များ ဖလှယ်ရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း ပူးပေါင်းဆောင်ရွက်မှုမှ ရရှိလာနိုင်မည်ဟု သိရသည်။

မြန်မာနိုင်ငံမှ Capital Diamond Star Group သည် Premier အမှတ်တံဆိပ် ကော်ဖီနှင့် နို့မှုန့်၊ Tea Master အမှတ်တံဆိပ် လက်ဖက်ရည်၊ ဒိုးပုံအမှတ်တံဆိပ် ဂျုံမှုန့်၊ Diamond Star အမှတ်တံဆိပ် ဂျုံမှုန့် အစရှိသည့် ကုန်အမှတ်တံဆိပ်များဖြင့် မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး ဈေးကွက်တွင် ဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုဖြစ်သည်။ **(၀၀၁)**

◗ **စာမျက်နှာ ၇ မှ**

ပေးခဲ့သည့် **“ဘဏ္ဍာငွေသုံးစွဲမှု စနစ်တကျဖြစ်စေရေး ကြီးကြပ်မှုကော်မတီ”** မှလည်း ထပ်ဆင့်၍ သာမန်အသုံးစရိတ်ဆိုင်ရာ ဆပ်ကော်မတီ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဆိုင်ရာဆပ်ကော်မတီတို့ကိုဖွဲ့စည်းပြီး ဘဏ္ဍာငွေသုံးစွဲမှုများ စနစ်တကျဖြစ်စေရန် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုတင်သွင်းသည့် အရေးကြီးအဆိုတွင် တင်ပြသည့်အတိုင်း မိမိတို့ဆောင်ရွက်လျက်ရှိသည်များကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန်နှင့် ဆက်လက်၍ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် အဆိုတွင်ပါရှိသည့် လိုအပ်ချက်များ ယခုထက်ပိုမိုပြည့်စုံရေးအတွက် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများနှင့် လွှတ်တော်ဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီကို လိုအပ်သလိုရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စာရင်းဆိုင်ရာ သဘောထားအကြံဉာဏ်များပေးခြင်း၊ လိုအပ်ချက်များထောက်ပြအကြံပြုခြင်းစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စာရင်းစစ်ရုံးအဆင့်ဆင့်၏ ဖွဲ့စည်းပုံအင်အား၊ ခန့်ထားအင်အားတို့ကို ထမ်းဆောင်ရသည့် လုပ်ငန်းပမာဏ၊ နိုင်ငံတော်၏ခွင့်ပြုနိုင်သည့် အင်အားပမာဏတို့နှင့်ကိုက်ညှိပြီး ခန့်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှိရင်း စာရင်းစစ်ဝန်ထမ်းများကို အဆင့်ဆင့်သော မွမ်းမံသင်တန်းများပေးခြင်း၊ လုပ်ငန်းလမ်းညွှန်များ ထုတ်ပြန်ခြင်းဖြင့် တာဝန်ထမ်းဆောင်နိုင်မှုအင်အားကို တိုးမြှင့်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအသီးသီး၏ စာရင်း/ဘဏ္ဍာရေး/ဌာနတွင်း စာရင်းစစ်ဝန်ထမ်းများအတွက်လည်း စာရင်းကိုင်၊ စာရင်းစစ်၊ ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းစသည့် ဘာသာရပ်များကို သင်ကြားပေးရန်အတွက် သင်တန်းအဆင့်(၃)မျိုးကိုလည်း ဖွင့်လှစ်ပို့ချပေးနေပါကြောင်း။

အလားတူ ဝန်ကြီးဌာနများတွင်ပို့ချသည့် သင်တန်းများတွင်လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းကထိက/နည်းပြများ ပါဝင်သင်ကြားပေးသည့်အပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ သင်တန်းများတွင်လည်း အခြားဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များက ပါဝင်ပို့ချပေးလျက်ရှိပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

**❖ မန္တလေးမှ**

မွန်းလွဲပိုင်းမှာ မန္တလေးအခြေစိုက်တီးဝိုင်းတွေဖြစ်တဲ့ ဂျော်နီ၊ ဝင်းနားနဲ့ ပါဝါပလက် စတဲ့တီးဝိုင်းတွေကလည်း အလှည့်ကျဖျော်ဖြေသွားမှာပါ။ စည်ပင်ဝန်ထမ်း ၃၄ ဦးကလည်း ကပြဖျော်ဖြေမယ့်အစီအစဉ်တွေ ပါဝင်ပါတယ်”ဟု ၎င်းက ပြောသည်။

နိုင်ငံကျော် အဆိုတော်များဖြစ်သည့် ဖြိုးကြီး၊ ဇော်ပိုင်၊ ဂရေဟမ်၊ စိုးပိုင်၊ သားစိုး၊ ဝေလျှံ၊ အယ်လ်ဆိုင်းဇီ၊ ဆုန်သင်းပါရ်၊ ပိုပို၊ ဆူဇီ၊ ခင်စုစုနိုင် စတဲ့ အနုပညာရှင်များလည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကာ မဏ္ဍပ်အလှပြိုင်ပွဲ၊ အလှပြကားပြိုင်ပွဲ၊ ခတ်ပုံပြိုင်ပွဲများ ပါဝင်မည့်အပြင် သင်္ကြန်သံချပ်ပြိုင်ပွဲများလည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယခုနှစ်သင်္ကြန်မဏ္ဍပ်များကို နန်းမြို့ရိုးကျုံးတောင်ဘက် (၂၆)လမ်းတွင် မဏ္ဍပ် ၁၀ ခု၊ ကျုံးအရှေ့ဘက် (၆၆)လမ်းတွင် မဏ္ဍပ် ၁၀ ခု၊ ကျုံးအနောက်ဘက် လမ်း(၈၀)တွင် မဏ္ဍပ် သုံးခု၊ ကျုံးမြောက်ဘက် (၁၂)လမ်းတွင် မဏ္ဍပ် တစ်ခု စုစုပေါင်း မဏ္ဍပ် ၂၄ နေရာချထားပေးပြီးဖြစ်ကြောင်းနှင့် မြို့တွင်းတွင် မဏ္ဍပ် ငါးခု၊ ကန်တော်ကြီးတွင် မဏ္ဍပ် လေးခု ဆောက်လုပ်ခွင့်ပြုထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဝန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့အစည်းများမှ အရာရှိကြီးများ မွမ်းမံသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မေ ၁**

နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားတိုးတက်ကောင်းမွန်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်း အစီအစဉ်အရ ဖွင့်လှစ်ခဲ့သော ဝန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့အစည်းများမှ “အရာရှိကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၁)” သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီ မိနစ် ၂၀ က ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးတွင် ကျင်းပသည်။

အဆိုပါသင်တန်းကို နိုင်ငံတော်သမ္မတကြီး လမ်းညွှန်ထားရှိသည့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအဖွဲ့အစည်းများ၏အခန်းကဏ္ဍ ပိုမိုမြင့်မားပြီး စွမ်းဆောင်ရည်မြင့်မားတိုးတက်ကာ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် အပြည့်အဝဝန်ဆောင်မှုပေးနိုင်စေရေးရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ၊ တာဝန်ရှိသူများ၊ သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

“အရာရှိကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၁)” ကို မတ် ၉ ရက်မှ မေ ၁ ရက်ထိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးတွင် ဖွင့်လှစ်ခဲ့ပြီး ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးအဆင့် အရာရှိကြီးများ စုစုပေါင်း ၇၃ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများက ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် ဧပြီ ၁

**နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား မတ် ၃၁ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့မှ အဖွဲ့ဝင်များ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများက မတ် ၃၁ ရက်တွင် ကြေညာချက်များ ထုတ်ပြန်ခဲ့ကြကြောင်း သိရှိရသည်။**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ ပြောရေးဆိုခွင့်ရှိသူရုံးမှထုတ်ပြန်သော ထုတ်ပြန်ချက်တွင် ယနေ့လက်မှတ်ရေးထိုးသည့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်သည် တစ်ဖက်နှင့် တစ်ဖက်အကြား ယုံကြည်ကိုးစားမှု၊ ယုံကြည်စိတ်ချမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခြေလှမ်းသစ်တစ်ခုနှင့် မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုအသီးအပွင့် စတင်ဝေဆာလာခြင်း၏ လက္ခဏာရပ်တစ်ခုဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေးသဘောတူချက်ရရှိခြင်းသည် အံ့သြဖွယ်ရာ အောင်မြင်မှုဖြစ်ကြောင်း၊ မြန်မာ့မြေပေါ်တွင် ပြဿနာနှင့် အခက်အခဲအမျိုးမျိုး ကျန်ရှိကောင်း ကျန်ရှိမည်ဖြစ်သော်လည်း ယနေ့ သဘောတူညီမှုရရှိသည့် အောင်မြင်မှုမှာ မြန်မာနိုင်ငံအတွင်း စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် အခြေခံကျသည့် အချက်တစ်ချက်ဖြစ်ကြောင်းဖြင့် ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renata Dessallien ၏ ထုတ်ပြန်ချက်တွင် လက်နက်ကိုင်ပဋိပက္ခများ နှစ် ၆၀ ကျော် ဖြစ်ပွားပြီးနောက် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဤသဘောတူညီချက်မှာ ဖွဲ့ လှံ့လ၊ စိတ်စေတနာကောင်းနှင့် အတိတ်ကာလမှ အခက်အခဲများ၊ ခြားနားမှုများအပေါ် ကတိကဝတ်အဖြစ် ကိုယ်စားပြုနေကြောင်း၊ ထို့ပြင်ဤသဘောတူညီချက်မှာ ရေရှည်တည်တံ့သော အခြေခံကျသည့် ယုံကြည်မှုတစ်ရပ်တည်ဆောက်ရန် အဖွဲ့အစည်းများအားလုံး၏ စွမ်းရည်အပေါ် စမ်းသပ်မှုတစ်ခုဖြစ်ကြောင်း၊ တောက်ပသော၊ ကြွယ်ဝသော အနာဂတ်တစ်ခုတည်ဆောက်ရန် မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ် ထောက်ပံ့မှုကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ရန်ကုန်မြို့ရှိ ကုလသမဂ္ဂစင်တာ၏ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့တို့ နှစ် ၆၀ ကျော်ကြာ ပဋိပက္ခအပေါ် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် သမိုင်းဝင်ထူးခြားသော အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် ယင်းသမိုင်းဝင်ဖြစ်ရပ်ကို ကြိုဆိုပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ၎င်း၏ စေ့စပ်ညှိနှိုင်းရေးအဖွဲ့များ၊ တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်များ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့တို့ကို ဂုဏ်ယူကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်အတူ စေ့စပ်ဆွေးနွေးပွဲတွင် လေ့လာသူများအဖြစ် တက်ရောက်ခဲ့သော ကုလသမဂ္ဂအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့တို့၏ ကြိုးပမ်းအားထုတ်မှု၊ မှန်ကန်သော ဆုံးဖြတ်ချက်၊ စစ်မှန်သော ရပ်တည်ချက်နှင့် စေတနာတို့ကို တွေ့မြင်ခဲ့ရသည့်အတွက် အထူးလေးစားမိပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အလားတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၏ ထုတ်ပြန်ချက်တွင် သဘောတူစာချုပ်မူကြမ်းကို အဆုံးသတ်စေခဲ့သည့် ပူးတွဲကြေညာချက် စာတမ်းတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့မှုအပေါ် ကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ ရေရှည်အမြင်ချင်းမတူ၊ ကွဲပြားခြားနားမှုပြဿနာရပ်များ ဖြေရှင်းရေးအပေါ် ညှိနှိုင်းဆွေးနွေးရန် ခိုင်မာတောင့်တင်းသော ကတိကဝတ်ပြုမှုနှင့် ညှိနှိုင်းဆွေးနွေးလိုစိတ်ရှိသည့် ဘက်ပေါင်းစုံအပေါ် မိမိတို့ချီးကျူးပါကြောင်း၊ အမေရိကန်ပြည်ထောင်စုအနေဖြင့် ဒီမိုကရေစီ၊ တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ် မိမိတို့၏ အပြောင်းအလဲမရှိသည့် ဦးတည်ချက်များနှင့်အတူ မြန်မာပြည်သူများက ကြိုဆိုနေကြသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်သွားရေးအတွက် ကူညီပေးရန်အဆင်သင့်ရှိပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံး၏ ကြေညာချက်တွင် သဘောတူစာချုပ်မူကြမ်းကို ပြဋ္ဌာန်းနိုင်ရန် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ကြေညာချက်အပေါ် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံရုံးအနေဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါသည်ဟု ဖော်ပြပါရှိသည်။

ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံး၏ ကြေညာချက်တွင် သဘောတူစာချုပ်မူကြမ်း လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံးအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယင်းမှာ သမိုင်းဝင်သော အခမ်းအနားတစ်ရပ်ဖြစ်ပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံရုံး၏ ကြေညာချက်တွင် သဘောတူညီချက်မူကြမ်း လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းမှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး ပြည်သူများက ၎င်းတို့၏ အမြင်မတူညီမှုများကို ဖိအားပေးဖြေရှင်းရန် ကြိုးစားခြင်းထက် စတင်ဆွေးနွေးဖြေရှင်းလာသည့် ထူးခြားသော တိုင်းပြည်၏ နိုင်ငံရေးယဉ်ကျေးမှု၌ အခန်းကဏ္ဍသစ်တစ်ခု စတင်လိုက်ခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်မူကြမ်းအတည်ပြုချက်မှာ ပဋိပက္ခဖြစ်ပွားရာ နယ်မြေများတွင် နေထိုင်လျက်ရှိပြီး ၎င်းတို့၏ အခွင့်အလမ်း ပြန်လည်ရရှိရန် ရပ်တည်နေရသည့် ပြည်သူအားလုံးအတွက် ပုံမှန်ဘဝသစ်တစ်ခု စတင်ခြင်းလည်းဖြစ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အလားတူ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သော ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ကလည်း ယခုကဲ့သို့ သဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်မှုသည် ကမ္ဘာပေါ်တွင် ပြည်တွင်းစစ်အကြာဆုံးဖြစ်ပွားမှုကြောင့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသော မြန်မာနိုင်ငံရှိ ကလေးသူငယ်များအတွက် သတင်းကောင်းတစ်ရပ်ပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ သန်းပေါင်းများစွာသော ကလေးသူငယ်များသည် ပဋိပက္ခဒဏ်ကို ခံစားကြုံတွေ့နေကြရပြီး ယင်းပဋိပက္ခများကြောင့် ကလေးသူငယ်များအတွက် ပေးအပ်နေသော အခြေခံဝန်ဆောင်မှုများဖြစ်သည့် ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခံရခွင့် အခွင့်အရေးများ၊ ပညာသင်ကြားနိုင်ခွင့် အခွင့်အရေးများ ပျက်စီးဆုံးရှုံးခဲ့ပြီး ကလေးသူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်ပျက်စီးစေသည့်အပြင် လူကုန်ကူးခံရခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များတွင် တပ်သားအဖြစ် ခေါ်ယူစုဆောင်းအသုံးချခံရခြင်း စသည့်အန္တရာယ်များနှင့်လည်း ကြုံတွေ့ခဲ့ကြရကြောင်း၊ ယခု သဘောတူစာချုပ်သည် မြန်မာနိုင်ငံရှိ အခွင့်အလမ်းအနည်းပါးဆုံး ကလေးသူငယ်များအတွက် တိုးတက်ကောင်းမွန်လာမည့် အာရုံသစ် အချိန်ကာလတစ်ရပ် ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မြန်မာနိုင်ငံရှိ ကလေးသူငယ်များအနေဖြင့် အရည်အသွေးမီပညာရေးကို ၎င်းတို့၏ တိုင်းရင်းသားဘာသာစကားများဖြင့် လေ့လာသင်ယူနိုင်မည်ဖြစ်ပြီး လက်နက်ကိုင်တပ်ဖွဲ့များတွင် ကလေးစစ်သားအဖြစ် ခေါ်ယူစုဆောင်းအသုံးချခံရခြင်းမှလည်း ကင်းလွတ်သွားနိုင်မည်ဖြစ်ကြောင်းဖြင့် ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ငွေကျပ် ၁၂ သိန်းကျော်ကောက်ရသည့် ကလေးငယ်က ပိုင်ရှင်ထံ ပြန်လည်ပေးအပ်

**ကျောက်တံခါး ဧပြီ ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်သို့ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ပြန်လည်ပေးဆပ်ရန် ဘဏ်သို့ လာရောက်ငွေသွင်းစဉ် ငွေထုပ် ထွက်ကျခဲ့ပြီး ကောက်ရခဲ့သည့်ကလေးငယ်က ပိုင်ရှင်ဖြစ်သူအား ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲက ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာနေ တောင်သူ ဦးနေသူအောင်(ခေါ်)သံချောင်း (၃၂) နှစ်သည် မိမိလယ်ယာမှထွက်သော ပဲများနှင့် စပါးများအားရောင်းချပြီး ရငွေနှင့် အခြားတောင်သူများ၏ငွေများအား ဘဏ်ချေးငွေပြန်ဆပ်ရန် လွယ်အိတ်အတွင်း ငွေကျပ် ၁၂၄၆၀၀၀ ကို အထုပ်ထုပ်ကာ ထည့်ထားပြီး ဘဏ်ငွေကောင်တာတွင် ငွေထုတ်ပေးမည်ပြုစဉ် ငွေထုပ် ထွက်ကျပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ “ကျွန်တော့်ငွေ ၁၂ သိန်းကျော် ပျောက်သွားမှန်း သိလိုက်တဲ့အချိန်မှာ ဘယ်လိုမှဖြေသိမ့်လို့မရတော့ပါဘူး၊ နိုင်ငံတော်က ချေးယူထားတဲ့ ငွေပြန်ဆပ်ဖို့ အိမ်မှာရှိတဲ့ စပါးနဲ့ မတ်ပဲတွေကိုရောင်းပြီး အကုန်လုံးယူလာတာပါ၊ နောက်ထပ် ပြန်ဆပ်ဖို့ဆိုတာ ဘယ်လိုမှစဉ်းစားလို့မရတော့ပါဘူး၊ ဒီနှစ်မှာ စပါးအထွက်နည်းတာရယ်၊ ပဲအထွက်နည်းတာကြောင့် စီးပွားရေးအဆင်မပြေပါဘူး၊ ဒါပေမယ့် ဘဏ်ထဲမှာပဲ ကောက်ရတဲ့ ကလေးငယ်က ပြန်ပေးလို့ အတိုင်းမသိဝမ်းသာမိပါတယ်”ဟု ပြောသည်။

ထိုနေ့က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခင်မိမိ၏ သမီး မဝမ်းဝမ်း (ခေါ်) မခင်ဝတ်ရည်ဟိန်း (၁၂)နှစ် သတ္တမတန်းကျောင်းသူက အဆိုပါ ငွေထုပ်ကို ကောက်ရခဲ့ခြင်းဖြစ်ပြီး ကလေးမိခင်မှတစ်ဆင့် တာဝန်ရှိသူများထံအပ်နှံခဲ့ရာ ဘဏ်မှအသိပေးပြီး ပျောက်ဆုံးသူက ငွေအရေအတွက်၊ ငွေတန်ဖိုး အထောက်အထားများကို ဘဏ်မန်နေဂျာ ဦးအုံးချိုနှင့် ရင်းတိုက်ကုန်းအုပ်စု စိုက်ဘဏ်အတွင်းရေးမှူး ဦးတင်သန်းတို့အား အမှန်အတိုင်း တင်ပြနိုင်သဖြင့် ပိုင်ရှင်ဖြစ်သူအား ပြန်လည်ပေးအပ်နိုင်ခြင်းဖြစ်သည်။ ဘဏ်ဝန်ထမ်းကောင်းဖြစ်သူ မိခင်၏ သမီးဖြစ်သူက ဖြူစင်သောစိတ်ထားဖြင့် ပြန်လည်ပေးအပ်ခဲ့သဖြင့် ပျောက်ဆုံးသူက ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားခဲ့သည်။



**ခင်ကို(ကျောက်တံခါး)**

# "ငြိမ်းချမ်းရေးဘောဂဗေဒ" စီးပွားရေးဆိုင်ရာဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ရုံးအမှတ်(၂၂၈/၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်၌ ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်းကျောင်း၏ Business Talk အစီအစဉ်အရ စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို ဧပြီ ၈ ရက် နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ နိုင်ငံတော်သမ္မတအကြံပေးပုဂ္ဂိုလ် ဒေါက်တာအောင်ထွန်းသက်က **“ငြိမ်းချမ်းရေးဘောဂဗေဒ”**(Peace Economics) ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးရုံး ပဉ္စမထပ်ရှိ ညီလာခံခန်းမ၌ ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကမ္ဘာ့အော်တစ်ဇင် အထိမ်းအမှတ်နေ့ ကျင်းပမည်

**ရန်ကုန် ဧပြီ ၁**

မြန်မာ့အော်တစ်ဇင်အသင်း(ရန်ကုန်)မှ ပဉ္စမအကြိမ်မြောက်အဖြစ် ကမ္ဘာ့အော်တစ်ဇင်အထိမ်းအမှတ် အမှတ်တရနေ့ (World Autism Awareness Day 2015) အခမ်းအနားကို ၂၀၁၅ ခုနှစ် ဧပြီ ၂ ရက် မွန်းလွဲ ၃ နာရီမှ ည ၈ နာရီအထိ ပြည်သူ့ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ အနယ်နယ်အရပ်ရပ်မှ အော်တစ်ဇင်ကလေးများရှိကြသော မိဘများအနေဖြင့် လာရောက်လေ့လာ၍ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲနိုင်သည်။ ၎င်းအော်တစ်ဇင်ကလေးများ လမ်းလျှောက်ပွဲ၊ ဖျော်ဖြေကပြသီဆိုကြပြီး မိမိတို့ကျွမ်းကျင်သော ဝါသနာပါရာ အစွမ်းအစများဖြင့် စွမ်းရည်သတ္တိများကို ပြသကာ အနုပညာရှင်များကလည်း ပျော်ရွှင်ကြည်နူးဖွယ်ရာ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်၍ စျေးရောင်းပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(၅၄၈)**

# မူးခင်းကြိုတင်ကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**မူဆယ် ဧပြီ ၁။** ။မတ် ၃၁ ရက် နံနက် ၁၀ နာရီက မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ အောင်ဆန်းသူရိယအေးချိုရိပ်သာ၌ မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါး၊ တားမြစ်ဆေးဝါးများ၊ တရားမဝင်ရောင်းဝယ်သုံးစွဲခြင်း မရှိစေရေး၊ မူးခင်းကြိုတင်ကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းမင်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မူဆယ်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်း၊ မူးယစ်တပ်ဖွဲ့စု(၂၂)မှ ရဲမှူးတီခေါင်လွမ်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းနှင့် မူဆယ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်တို့က အသီးသီးဟောပြောခဲ့ကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

**ပြည်တွင်းရေးရာ**

# ငြိမ်းချမ်းရေးအလင်းတန်းပေါ်ထွက်ခြင်းနှင့် ပြည်သူများ၏ သဘောထား

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT) တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Casefire Agreement -NCA) ချုပ်ဆိုနိုင်ရေးအတွက် (၇) ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပခဲ့ရာ မတ် ၃၀ ရက်တွင် စာချုပ်မူကြမ်းပါအချက်အားလုံးကို သဘောတူညီမှုရရှိခဲ့ပြီး မတ် ၃၁ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။**

တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား သဘောတူညီမှုရရှိခဲ့ခြင်းသည် နိုင်ငံတော်သမ္မတကြီးက ပြည်သူများအတွက် ဖွင့်လှစ်ပေးခဲ့သော ငြိမ်းချမ်းရေးမော်ကွန်းသမိုင်းမှတ်တိုင်သစ်ဟု ဆိုရမည်ဖြစ်သည်။


ဦးတင်သိန်း။


ဦးလှရွှေ။


ဦးဇော်ဝင်း။


ဦးဟန်ညွန့်။


ဒေါ်ညိုညိုယဉ်။

ထိုကဲ့သို့ ငြိမ်းချမ်းရေးမော်ကွန်းမှတ်တိုင်စိုက်ထူနိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ နယ်ပယ်စုံ၊ အလွှာစုံမှ ပြည်သူများ၏ ရင်တွင်းခံစားရမှုများကို ကြေးမုံစာတည်းအဖွဲ့က ပြန်လည်မျှဝေပေးလိုက်ပါသည်။

**ဦးတင်သိန်း**
**မန်နေဂျာ(ငြိမ်း)**
**မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းလက်မှတ်ရေးထိုးတဲ့အပေါ် ဂုဏ်ယူပါတယ်။ ဒီသတင်းစကားကြားရတာအများကြီးဝမ်းသာစရာ ကောင်းပါတယ်။ ဒီသတင်းကို ပြည်သူအားလုံးကလည်း မျှော်လင့်နေကြတာပါ။ ထိုးသင့်တာလည်း ကြာပါပြီ။မငြိမ်းချမ်းရင် စားဝတ်နေရေး လုပ်ကိုင်စားသောက်ရတာကအစ စိတ်အေးအေးချမ်းချမ်းနဲ့ မနေရဘူး။ ဘာပဲပြောပြော ဒီလိုငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်တာ အတိုင်းမသိ ဝမ်းသာတယ်။ ပစ်ကြ၊ ခတ်ကြတဲ့အခါမှာ များသောအားဖြင့် ပြည်သူလူထုပဲ ဒုက္ခတွေ ခံစားကြရတာပါ။ အေးချမ်းပြီဆိုရင် နိုင်ငံကြီး တိုးတက်ဖို့ပဲရှိတယ်။ ငြိမ်းချမ်းရေး တည်ဆောက်ဖို့ အစိုးရအစဉ်အဆက် ကြိုးပမ်းခဲ့ကြပေမယ့် ဒီအစိုးရလက်ထက်ကျမှ အောင်မြင်တဲ့အတွက် ဂုဏ်ယူပါတယ်။ ဝမ်းလည်းသာပါတယ်။ မငြိမ်းချမ်းခင်ကာလတွေမှာဆိုရင် စိုးရိမ်စိတ်တွေနဲ့ နေခဲ့ကြရပေမယ့် ယခုလိုလက်မှတ်ထိုးနိုင်ခဲ့လို့ ဘာပဲလုပ်လုပ် ကြောက်စရာ မလိုတော့ဘူးပေါ့။ ငြိမ်းချမ်းရေးရပြီဆိုရင် တိုင်းပြည်ဟာ ပိုတိုးတက်လာဖို့ပဲရှိတယ်။စီးပွားရေးတွေလည်း လွတ်လွတ်လပ်လပ် လုပ်လာနိုင်မယ်။ ဒီစာချုပ်အတိုင်း ဆက်သွားမယ်ဆိုရင် တိုင်းပြည်မှာလည်း ပြည်ပမှစီးပွားရေးလုပ်ငန်းရှင်တွေ ပိုမိုဝင်ရောက်လာနိုင်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေမှာ ပိုမိုလုပ်ဆောင်လာနိုင်မှာပါ။ ဒီငြိမ်းချမ်းရေးသဘောတူစာချုပ်မူကြမ်းဟာ အချိန်အကြာကြီး ဆွေးနွေးပြီးမှ ရလာတာဖြစ်တဲ့အတွက် ကောင်းသော ပြောင်းလဲမှုတွေကိုပဲ ဖော်ဆောင်ပေးသွားမယ်လို့ မျှော်လင့်ပါတယ်။

**ဦးလှရွှေ**
**တရားလွှတ်တော်ရှေ့နေ**

ဒီသတင်းကြားရတဲ့အတွက် ကျွန်တော့်အနေနဲ့ အားရမိပါတယ်။ ကျွန်တော့်အမြင်ကို ပြောရမယ်ဆိုရင် အပေါ်လူကြီးတွေတင် ပါဝင်လို့မဖြစ်ဘူး။ တကယ်တိုက်ပွဲဝင်နေတဲ့တပ်မတော်သားတွေ၊ ဟိုဘက်ဒီဘက်အဖွဲ့အစည်းတွေပါ ပါဝင်မယ်ဆိုရင် သမ္မတကြီးပြောသလို ငြိမ်းချမ်းရေးရောင်ခြည်တင်မကပါဘူး အလင်းရောင်ပါတွေ့ရမှာပါ။ ကျွန်တော့်အနေနဲ့ မီဒီယာအပိုင်းကို အကြံပြုတင်ပြလိုတာက အပြစ်တွေပြောမယ့်အစား အားလုံး ဝိုင်းဝန်းပြီး စုပေါင်းအဖြေရှာရင် ပိုကောင်းပါတယ်။ ဝိုင်းဝန်းစုပေါင်းပြီး လုပ်ခြင်းအားဖြင့် တိုင်းပြည်တိုးတက်လာမယ်လို့ယုံကြည်ပါတယ်။ အခုလည်း သတင်းစာမှာ ဖတ်ရတဲ့အတွက် အားရမိပါတယ်။ ဒါပေမယ့် ရှင်းရှင်းလင်းလင်း ဝမ်းမသာနိုင်သေးပါဘူး။ ကျွန်တော့်အမြင်ပြောရရင် လိုအပ်ချက်လေးတွေရှိနေသေးတယ်လို့ မြင်မိပါတယ်။ တကယ်လုပ်မယ်ဆိုရင် ငြိမ်းချမ်းရေးဆိုတာ လက်တစ်ကမ်းမှာပါ။ ကျွန်တော်တော့ ဒီလိုပဲမြင်မိပါတယ်။ ဆွေးနွေးပွဲတက်ရောက်တဲ့သူတွေအနေနဲ့ သူတို့ရဲ့အဖွဲ့အစည်းတွေဆီကို ပြန်လည်တင်ပြမှုအရည်အသွေးပေါ် မူတည်ပါတယ်။သတင်းထုတ်ပြန်မှုအပိုင်းတွေမှာလည်း ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ မူကြမ်းအပြည့်အစုံ ထည့်သွင်းဖော်ပြနိုင်မယ်ဆိုရင် ပိုကောင်းလိမ့်မယ်လို့ ထင်ပါတယ်။ ယခုလက်ရှိမှာပြီးပြည့်စုံတဲ့ငြိမ်းချမ်းမှုရရှိတယ်လို့ မဆိုလိုနိုင်ပေမယ့် အတော့်ကို ငြိမ်းချမ်းသွားပြီးလို ဆိုရမှာပါ။ တိုက်ပွဲတွေကြောင့် လူတွေထပ်ပြီး ဒုက္ခမရောက်စေချင်တော့ဘူး။

**ဦးဇော်ဝင်း**
**အလယ်တန်းပြ (ငြိမ်း)**

ဒါဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် ကောင်းတဲ့အခြေအနေတစ်ခုပါ။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့တိုင်းပြည်ဟာ နှစ်ပေါင်းများစွာ ပြည်တွင်းစစ်ဖြစ်ခဲ့တာကိုး။ ပြည်တွင်းစစ်ဆိုတာ မဖြစ်သင့်တဲ့ကိစ္စပါ။ ငြိမ်းချမ်းရေးပဏာမ သဘောတူလက်မှတ်ရေးထိုးတယ်ဆိုတော့ ကျွန်တော်တို့ တိုင်းပြည်အတွက် ကောင်းတဲ့အလားအလာတစ်ခုပါ။ သူတို့အနေနဲ့ ရှေ့ဆက်ပြီးတော့လည်း ဆွေးနွေးစရာတွေ အများကြီးရှိသေးတယ်လို့လည်း ကျွန်တော်မြင်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း လက်ရှိအစိုးရနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ ဆက်လက်ဆွေးနွေးတိုင်ပင်တဲ့အခါမှာလည်း အဆင်ပြေစေချင်ပါတယ်။ စည်းဝေးတယ်၊ တိုင်ပင်တယ်ဆိုတာ တစ်ဦးနဲ့တစ်ဦး အပေးအယူမျှဖို့လိုပါတယ်။ ကျွန်တော့်လို အရပ်သားတစ်ယောက်အနေနဲ့ကတော့ အားလုံးကို ပြေလည်စေချင်ပါတယ်။ လက်ရှိမှာ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေတဲ့ကာလဖြစ်တဲ့အတွက် ဒီမိုကရေစီအုတ်မြစ် ခိုင်မာဖို့ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးဆိုတာ မရရင်မဖြစ်ဘူး။ အပေးအယူမျှမျှနဲ့ အားလုံးအပြီးအစီး ငြိမ်းချမ်းရေးရခဲ့မယ်ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးရပြီလို့ဆိုနိုင်သလို ဒီမိုကရေစီတစ်ဝက်ကျိုးပြီလို့တောင် ပြောလို့ရပါတယ်။ အောင်လည်း အောင်မြင်စေချင်ပါတယ်။ ဆက်လက်ပြီးတော့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေလည်း အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်။ နိုင်ငံတစ်နိုင်ငံဆိုတာ မိသားစုတစ်စုလိုပါပဲ။ မိသားစုအတွင်းမှာ မငြိမ်းချမ်းရင် လူမှုရေး၊ စီးပွားရေးတွေ ဘာမှုလုပ်လို့မရတော့ဘူး။ အခုလို ပဏာမ ငြိမ်းချမ်းရေးစာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဟန်ညွန့်(ဥပဒေပညာရှင်)**

ငြိမ်းချမ်းရေးမရရှိသေးတဲ့ကာလတစ်လျှောက် ခေတ်အဆက်ဆက်မှ အစိုးရတွေက ငြိမ်းချမ်းရေးရဖို့ ကြိုးပမ်းလာခဲ့တာ အားလုံးအသိပါပဲ။ဒါပေမယ့် ကာလဒေသ၊ ပရောဂအခြေနေကြောင့် လိုက်လျောပြေပြစ်မှု၊ ပူးပေါင်းမှုမရှိတာတွေကြောင့် အပြီးသတ်သဘောတူညီမှုမရရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုတွေ နှောင့်နှေးခဲ့ရတယ်။ ဒီနေ့မှာတော့ သမ္မတဦးဆောင်ပြီး ပြည်တွင်း ငြိမ်းချမ်းရေးအတွက် NCA စာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီ ဖြစ်တဲ့အတွက် အလွန်ပဲဝမ်းသာမိပါတယ်။


NCA စာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီ ဖြစ်တဲ့အတွက် Political Dialogue အတွက် တံခါးပွင့်သွားပြီလို့ ဆိုကြတာမှန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ငြိမ်းချမ်းရေးမရလို့သာ နိုင်ငံရေးပါတီအချင်းချင်း၊ နိုင်ငံရေးသမားအချင်းချင်း ဆန္ဒတွေ၊ဘဝတွေကွဲပြားနေရတာပါ။ ငြိမ်းချမ်းရေးကအားလုံးရဲ့အခြေခံပါ။ အပင်တစ်ပင်နဲ့ နှိုင်းယှဉ်ရမယ်ဆိုရင် ငြိမ်းချမ်းရေးက ပင်စည်ကြီးပါ။ ပင်စည်ကြီးခိုင်မာမယ်၊ စည်ပင်မယ်ဆိုရင် ကိုင်းဖျားကိုင်းနားတွေ၊ ကျန်တဲ့သစ်ရွက်သစ်ခက်တွေပါ ဝေဖြာစည်ပင်နေမှာပါလို့ ထင်ပါတယ်။

ဒီနေ့ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို အားလုံးသဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါပြီ။ပထမအဆင့် အောင်မြင်မှုရသွားပါပြီ။နောက်တစ်ဆင့်အနေနဲ့ စာချုပ်စာချောကိုလည်း မလွဲမသွေ လက်မှတ်ရေးထိုးနိုင်လိမ့်မယ်လို့ ပြည်သူတွေက ယုံကြည်မျှော်လင့်နေကြပါပြီ။ ဒါကြောင့် အလွန်အင်မတန်မင်္ဂလာရှိပါတယ်။ အခုလို နှစ်သစ်ကူးအခါသမယအချိန်မှာ အတာရေနဲ့အတူ အေးချမ်းတဲ့နိမိတ်အဖြစ် ကြိုဆိုလိုက်ပါတယ်။

**ဒေါ်ညိုညိုယဉ်(ဒိုက်ဦး)**
**စာရေးဆရာမ**

ကျွန်မတို့တိုင်းပြည် အေးချမ်းသာယာပြီး ငြိမ်းချမ်းဖို့ လူတိုင်းမျှော်လင့်ခဲ့ကြပါတယ်။ အထူးသဖြင့် ကျွန်မတို့ စာရေးဆရာတွေအနေနဲ့ ငြိမ်းချမ်းရေးစာပေတွေကိုပဲရေးသားချင်ပါတယ်။ ဒီနေ့ဆိုရင် ကျွန်မတို့ဆန္ဒတွေ ပြည့်ဝလာပြီလို့ မျှော်လင့်မိပါတယ်။ ဆက်လက်ပြီး အပြီးသတ်စာချုပ်ချောကိုလည်း လက်မှတ်ရေးထိုးနိုင်ပြီး တစ်နိုင်ငံလုံးငြိမ်းချမ်းကြပါစေ။ ရွှင်လန်းဝမ်းမြောက် ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

**ကြေးမုံသတင်းအဖွဲ့**



## တာချီလိတ်ခရိုင်အတွင်း အာဆီယံ အဝေးပြေးလမ်းကြောင်း ရှေ့ပြေးလေ့လာ

**တာချီလိတ် မေ ၁**

မတ် ၃၀ ရက်မှ ဧပြီ ၄ ရက်ထိ UNODC ၏ ခရီးစရိတ်ကျခံမှုဖြင့် အာဆီယံ အဝေးပြေးလမ်းကြောင်း (R3B) ကွင်းဆင်းစစ်ဆေးမှုခရီးစဉ်အရ ထိုင်းနိုင်ငံ ONCB မှ အထွေထွေအတွင်းရေးမှူးချုပ် Mr.Pempong Chaovalit၊ တရုတ်နိုင်ငံ ONNCC မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr.Wei Xiaojun နှင့် မြန်မာနိုင်ငံမှ မူးယစ်ဗဟိုတွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ် ကျော်ဝင်းတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ၁၄ ဦးတို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ရှေ့ပြေးလေ့လာမှုမူကြမ်းသုံးသပ်ခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ရန်အတွက် မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က မြန်မာ-ထိုင်းနယ်စပ် အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဝင်ရောက်လာခဲ့ရာ အဆိုပါ R3B ကွင်းဆင်းစစ်ဆေးမှုအဖွဲ့အား အမှတ်(၁) ချစ်ကြည်ရေးတံတားတွင် တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြိုဆိုကြသည်။

ဆက်လက်၍ ရောက်ရှိလာသော UNODC၊ ONNCC၊ ONCB ကိုယ်စားလှယ်အဖွဲ့များနှင့် မြန်မာနိုင်ငံမှ ရဲမှူးချုပ်ကျော်ဝင်း ဦးဆောင်သောအဖွဲ့သည် ညနေ ၄ နာရီခန့်က တာချီလိတ်မြို့အထွက် ဟွေ့ရဲပူးပေါင်းစစ်ဆေးရေးဂိတ်၊ လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်၊ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် မြန်မာ-ထိုင်းနယ်စပ် မယ်ဆိုင်ချောင်းရှိ ဝါးရေဆိပ်၊ မကာဟိုခမ်းရေဆိပ်၊ မေဖလားဝါးကွင်းရှိ ဝမ်းဂျီဝမ်းဆဲလ်ဗင်းဟိုတယ်အနီး နိုင်းနိုင်းရေဆိပ်များသို့ ရောက်ရှိလေ့လာစစ်ဆေးမေးမြန်းခဲ့ရာ သက်ဆိုင်ရာဌာနအလိုက် မေးမြန်းမှုများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

ဧပြီ ၁ ရက်နံနက်ပိုင်းက အာဆီယံ အဝေးပြေးလမ်းကြောင် R3B ကွင်းဆင်းစစ်ဆေးမှုအဖွဲ့သည် တာချီလိတ်-ကျိုင်းတုံသွားကားလမ်းရှိ မယ်ယန်း ပူးပေါင်းစစ်ဆေးစခန်းနှင့် တာလေမြို့အဝင် တိုးဂိတ်တို့အား ကြည့်ရှုစစ်ဆေးပြီးနောက် ကျိုင်းတုံမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**



# သုံးခွကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပံတပွတ်တံတားတည်ဆောက်

**နေပြည်တော် ဧပြီ ၁**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် မတ် ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သုံးခွကျွန်းဒေသဖွံ့ဖြိုးရေးအတွက် ပံတပွတ်တံတား တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် မအူပင်ဘက်ကမ်းရှိ တည်ဆောက်ရေးလုပ်ငန်းခွင် လုပ်ငန်းဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ပံတပွတ်တံတားသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဆောက်လုပ်ရေးအထူးအဖွဲ့ (၁၂)သို့ လုပ်ငန်း အပ်နှံဆောင်ရွက်နေသော အရှည်ပေ၇၂၀၊ အကျယ် ပေ ၃၀၊ ရေလမ်းကင်းလွတ်အကျယ်ပေ၂၂၀၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၃၀ရှိ တံတားဖြစ်ပြီး လမ်းအထူးအဖွဲ့ (၄)မှ အရှည် ၂၄၇၂ပေရှိ ချဉ်းကပ်လမ်းများအား ဖောက်လုပ်လျက်ရှိရာ ၅၀ ရာခိုင်နှုန်း လုပ်ငန်းပြီးစီးနေပြီဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မအူပင်မြို့ ရှေးဟောင်းမြို့ဦး ပေါ်တော်မူစေတီတော်မြတ်ကြီး မြစ်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

မြို့ဦးပေါ်တော်မူစေတီတော်မြတ်ကြီး မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းသည် မြေဝင်ပေ ၆၀ရှိ ဘိုးပိုင် ၆၉ လုံးဖြင့် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ တမံ အလျား ၃၀၄ပေ၊ Wing Wall မြေထိန်းနံရံ အလျား ၂၆၅ ပေ အား တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၇)**

# စံတော်ချိန် နေ့စဉ်သတင်းစာထုတ်ဝေခြင်း နှစ်နှစ်ပြည့်အခမ်းအနား ကျင်းပ



**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး စံတော်ချိန် နေ့စဉ်သတင်းစာထုတ်ဝေခြင်း နှစ်နှစ်ပြည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (ဓာတ်ပုံ-ငွေးအောင်)

**ရန်ကုန် ဧပြီ ၁**

“မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနနှင့် စာနယ်ဇင်းသမားများသည် တစ်လှေတည်းစီး၊ တစ်ခရီးတည်း သွားနေကြသည့် ပုဂ္ဂိုလ်များဖြစ်ခြင်းကြောင့် ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် မီဒီယာလောကနှင့် စာနယ်ဇင်းသမားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားအားပေးကူညီလျက်ရှိပါကြောင်း”ဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ Western Park Royal Restaurant ၌ ကျင်းပသည့် စံတော်ချိန်နေ့စဉ်သတင်းစာ ထုတ်ဝေခြင်း နှစ်နှစ်ပြည့် အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် စံတော်ချိန် နေ့စဉ်သတင်းစာထုတ်ဝေသူ ဦးကိုကိုလေးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက မှဒိတာစကားပြောကြားရာ “ယနေ့အချိန်တွင် ဆင်ဆာစနစ် ရုပ်သိမ်းခြင်း၊ ပုဂ္ဂလိကသတင်းစာများထုတ်ဝေခွင့်ပြုခြင်း၊ မဏ္ဍိုင်ကြီးသုံးရပ်နှင့် စာနယ်ဇင်းသမားများတွေ့ဆုံခွင့်၊ ဝန်ကြီးဌာနများမှ သတင်းအချက်အလက်များ ရယူပိုင်ခွင့်၊ ယနေ့ နိုင်ငံတော်သမ္မတအိမ်တော်တွင် သတင်းရယူနိုင်ခွင့် အစရှိသော မီဒီယာလောကဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးကို အားပေးလျက်ရှိကြောင်း၊ ထုတ်ဝေခွင့်နှင့် မှတ်ပုံတင်ခွင့်လုပ်ငန်းများကိုလည်း အဆင်ပြေမြန်ဆန်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထုတ်ဝေသူများ၊ ပုံနှိပ်စက်ပိုင်ရှင်များအနေဖြင့် ထုတ်ဝေခွင့်နှင့် ပုံနှိပ်စက်သက်တမ်းတိုးခြင်း၊ အသစ်မှတ်ပုံတင်ခြင်း လုပ်ငန်းများတွင် အခက်အခဲ တစ်စုံတစ်ရာရှိပါက အမြန်ဆုံးအဆင်ပြေအောင် စီမံဆောင်ရွက်ပေးမည် ဖြစ်ကြောင်းကို အသိပေးလိုပါကြောင်း၊ စံတော်ချိန်သတင်းစာအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွားကို မြင့်မားစေရန် ပြည်သူလူထုအတွက် မှန်ကန်အကျိုးဖြစ်ထွန်းစေသော သတင်းများကို ဆက်လက်ဖြန့်ဝေပေးစေလိုပါကြောင်းနှင့် နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း”ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် စံတော်ချိန်သတင်းစာမှ ထူးချွန်ဆုရရှိကြသူများအား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် စံတော်ချိန်သတင်းစာမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

စံတော်ချိန် နေ့စဉ်သတင်းစာသည် အစိုးရသစ်လက်ထက် ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ပုဂ္ဂလိကသတင်းစာတစ်စောင်အဖြစ် စတင်ထုတ်ဝေခဲ့ရာ ယနေ့တွင် နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ယနေ့ မြန်မာနိုင်ငံစာနယ်ဇင်းလောကတွင် ပုဂ္ဂလိကသတင်းစာ ၃၂ စောင်၊ ဂျာနယ် အစောင် ၄၃၀၊ မဂ္ဂဇင်း ၃၆၀ နှင့် အထွေထွေထုတ်ဝေခွင့်ရစာစောင်ပေါင်း ၉၇၁ စောင် စုစုပေါင်း ၁၇၉၃ စောင် ထုတ်ဝေခွင့်ပြုထားကြောင်း သိရသည်။ **(ဝင်းဝင်းမော်)**

# အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒသာမိ မဟာထေရ်ဆရာတော် ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဧပြီ ၁**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် ခိုင်သဇင်တိုက်ကျောင်း၏ ဦးစီးပဓာနနာယက သက်တော်(၇၉)နှစ်၊ သိက္ခာတော် (၅၉)ဝါ ရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒသာမိ မဟာထေရ်ဆရာတော်သည် ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် (၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်) (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အောင်ဘာလေသိန်းဆုဖွင့်

**ရန်ကုန် ဧပြီ ၁**

(၃၁၅) ကြိမ် ၁-၄-၂၀၁၅ ရက်နေ့တွင် အောင်ဘာလေသိန်းဆုဌာနခွဲမှ ထွက်ပေါ်လာသော ဆုမဲများမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကျပ်သိန်း(၁၅၀၀)ဆု**

ကခ-၂၀၇၀၄၁

**ကျပ်သိန်း(၁၀၀၀)ဆု**

ပ-၄၃၈၇၃၂ ပ-၃၀၃၉၀၆

**ကျပ်သိန်း(၅၀၀)ဆုများ**

ည-၃၅၈၃၇၆ ကစ-၂၅၀၅၀၆
ကဃ-၁၀၇၅၂၀ ရ-၃၇၅၆၁၅
င-၁၉၅၂၄၅

**ကျပ်သိန်း(၃၀၀)ဆုများ**

ဋ-၇၈၁၃၀၁ ဝ-၈၃၉၈၅၃
ဖ-၄၆၅၁၃၀ ဍ-၁၇၄၃၉၇
ကဆ-၄၆၃၉၇၆ ဆ-၇၇၈၃၂၄

**ကျပ်သိန်း(၂၀၀)ဆုများ**

မ-၈၄၃၀၄၁ ဟ-၆၇၇၁၂၇
ဃ-၉၄၁၁၅၅ ဖ-၅၃၆၂၁၀
ည-၉၃၇၁၆၄ ဏ-၈၈၅၅၁၁
ခ-၃၈၁၅၈၉

**ကျပ်သိန်း(၁၀၀)ဆုမဲများ**

ရ-၃၁၆၆၁၇ ထ-၉၆၄၈၃၈
ခ-၉၄၃၇၁၈ ည-၇၆၂၆၁၉
ဟ-၃၂၄၃၇၁ ခ-၇၇၅၆၀၈
ကခ-၅၃၄၇၆၂ ကင-၄၀၉၈၆၀
ပ-၅၀၉၈၀၀ ဋ-၈၄၇၉၄၂
ဏ-၆၁၈၁၃၁ ဟ-၇၇၇၉၄၈
ကဆ-၇၃၀၃၄၇ ဌ-၇၇၇၁၈၃
တ-၈၇၈၁၇၂ ဖ-၅၉၈၃၇၃
ပ-၉၅၈၈၇၆ ထ-၅၉၃၃၁၄

# ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (ဂုဏ်ထူး)ကို တိုင်းဒေသကြီးနှင့် ပြည်နယ် စာဖြေဌာန ၅၀ ၌လည်းကောင်း၊ ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ် စာဖြေဌာန ၂၃၈ ဌာနတို့၌လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ (ဂုဏ်ထူး)ကို စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၅၉၇ ပါးအနက် ၂၈၃ ပါး ဖြေဆိုကြသဖြင့် ၄၇ ဒသမ ၄၀ ရာခိုင်နှုန်းဖြေဆိုကြပြီး ၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၅၉၂၂၇ ပါးအနက် ၄၆၃၈၄ ပါး ဖြေဆိုကြသဖြင့် ၇၈ ဒသမ ၃၂ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၁၃၇၆-၁၃၇၇ ခုနှစ်အတွက် မဟာသင်္ကြန် အကျ၊ အကြတ်၊ အတက်၊ နှစ်ဆန်း(၁)ရက်နှင့် ဝါဆို၊ ဝါကပ်၊ လ၊ ရက်များ

၁။ **မဟာသင်္ကြန် ကျရက်**
- ဇေယတု- မြန်မာသက္ကရာဇ်- ၁၃၇၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၁ ရက်- အင်္ဂါနေ့
- ရခိုင်သက္ကရာဇ်- ၁၃၇၆ ခုနှစ် ပထမ တာကူးလပြည့်ကျော် ၁၁ ရက် အင်္ဂါနေ့
- ခရစ်နှစ် ၂၀၁၅ ခုနှစ် ဧပြီလ ၁၄ ရက် အင်္ဂါနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နေ့လွဲစက် ၄ နာရီ ၃၁ မိနစ် ၁၆ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**
- မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၂ ရက် ဗုဒ္ဓဟူးနေ့
- ရခိုင်သက္ကရာဇ် ၁၃၇၆ ခုနှစ် ပထမတာကူးလပြည့်ကျော် ၁၂ ရက် ဗုဒ္ဓဟူးနေ့
- ခရစ်နှစ် ၂၀၁၅ ခုနှစ် ဧပြီလ ၁၅ ရက် ဗုဒ္ဓဟူးနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်သည်။

၃။ **မဟာသင်္ကြန် အတက်ရက်**
- မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက် ကြာသပတေးနေ့
- ရခိုင်သက္ကရာဇ် ၁၃၇၆ ခုနှစ် ပထမတာကူးလပြည့်ကျော် ၁၃ ရက် ကြာသပတေးနေ့
- ခရစ်နှစ် ၂၀၁၅ ခုနှစ် ဧပြီလ ၁၆ ရက် ကြာသပတေးနေ့ မြန်မာစံတော်ချိန် ညစက် ၈ နာရီ ၃၅ မိနစ် ၅၇ စက္ကန့်အချိန်တွင် မဟာသင်္ကြန်အတက်ရက်ဖြစ်သည်။

၄။ **မြန်မာ၊ ရခိုင်၊ နှစ်ဆန်း ၁ ရက်**
- မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၄ ရက် သောကြာနေ့
- ရခိုင်သက္ကရာဇ် ၁၃၇၇ ခုနှစ် ပထမတာကူးလပြည့်ကျော် ၁၄ ရက် သောကြာနေ့
- ခရစ်နှစ် ၂၀၁၅ ခုနှစ် ဧပြီလ ၁၇ ရက် သောကြာနေ့သည် မြန်မာ၊ ရခိုင် နှစ်ဆန်း(၁)ရက်နေ့ ဖြစ်ပါသည်။

၅။ **ဝါဆို၊ ဝါကပ်၊ လ၊ ရက်များ**
- မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်သည် အဓိမာသအမျာဟရှိသောကြောင့် ဗုဒ္ဓဘာသာ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့မှာ ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၇၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ ခရစ်နှစ် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက်၊ စနေနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။ ဒုတိယပစ္ဆိမဝါကို ၁၃၇၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၃၁ ရက် တနင်္လာနေ့တွင် ဒုတိယပစ္ဆိမဝါကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

# ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၁**

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)မှ ကြီးမှူး၍ ၂၀၁၅ ခုနှစ် ကမ္ဘာ့ ကျန်းမာရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော ထုတ်လုပ်မှသည် စားသောက်သည်အထိ အဆင့်ဆင့်သန့်ရှင်းရောဂါကင်း၏ ဟူသော ခေါင်းစဉ်ဖြင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးပွဲကို ဧပြီ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီထိ လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ပဲခူး၌ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်တံဆိပ်ပေးအပ်ချီးမြှင့်ပွဲကျင်းပ

**ပဲခူး မေ ၁**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်တံဆိပ် ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ မတ် ၃၀ ရက် နံနက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က စိုက်ပျိုးရေးထူးချွန်ဆု ပထမအဆင့်၊ စက်မှုလက်မှုထူးချွန်ဆု ပထမအဆင့်၊ စီမံခန့်ခွဲရေးထူးချွန်ဆု ပထမအဆင့်၊ ဒုတိယအဆင့်၊ ပညာရေးထူးချွန်ဆု ပထမအဆင့်၊ ပညာရေးထူးချွန်မှု ဂုဏ်ထူးဆောင်လက်မှတ် ဒုတိယအဆင့်၊ တတိယအဆင့်၊ လူမှုရေးထူးချွန်ဆု ပထမအဆင့်၊ ဒုတိယအဆင့်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးထူးချွန်ဆု ပထမအဆင့်၊ ဘာသာသာသနာထူးချွန်ဆု ပထမအဆင့်၊ ဒုတိယအဆင့်၊ ဝန်ထမ်းမှုထူးချွန်ဆု ပထမအဆင့်၊ ဒုတိယအဆင့်၊ လုံခြုံရေး အေးချမ်းသာယာရေးနှင့် ဥပဒေစိုးမိုးရေး ထူးချွန်ဆု ဒုတိယအဆင့်၊ တတိယအဆင့်၊ အားကစားထူးချွန်ဆု ပထမအဆင့်၊ ဒုတိယအဆင့်ရရှိသူများအား ဆုလက်မှတ်နှင့် ဆုတံဆိပ်များ ချီးမြှင့်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုးတို့သည် မတ် ၂၉ ရက် ညနေက ပဲခူးမြို့ ရွှေမော်ဓောဘုရား (၂၅၉၇)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မီးခလုတ်ဖွင့်လှစ်၍ ပွဲတော်ကိုဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(ကရင်ပြန်/ဆက်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက် ရာဇာဓိရာဇ်လမ်း အမှတ် (၁၈၁) တွင်ပါတီရုံးချုပ်တည်ရှိသော **မွန်အမျိုးသားပါတီ** သည် ယင်းပါတီ၏ တံဆိပ် (Logo) ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏အလံနှင့်တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မွန်အမျိုးသားပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



**မေ ၁ ရက်တွင် ကျရောက်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉) ၏ သင်တန်းဆင်း(၂၇)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၌ ထာဝရဆွမ်းပဒေသာပင် မတည်အလှူငွေကျပ် ၁၀ သိန်းကို မေ ၁ ရက်က သွားရောက်လှူဒါန်းစဉ်။** (ကြေးမုံ)

# စာကြည့်တိုက်လုပ်ငန်းကျွမ်းကျင်မှု (အခြေခံအဆင့်)သင်တန်း မေလဆန်းတွင် ဖွင့်လှစ်မည်

**ရန်ကုန် မေ ၁**

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ ကြီးမှူး၍ စာကြည့်တိုက်လုပ်ငန်းကျွမ်းကျင်မှု(အခြေခံအဆင့်)သင်တန်း အမှတ်စဉ်(၁/၂၀၁၅)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၈၅) သီရိမင်္ဂလာလမ်းသွယ် ကမ္ဘာအေးဘုရားလမ်း ရန်ကင်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်၌ တစ်လတာဖွင့်လှစ်မည်ဟု စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါသင်တန်းကို ရပ်ရွာကျေးရွာများ၊ လူမှုအခြေပြုစာကြည့်တိုက်များတွင် စာကြည့်တိုက်ပညာ စိတ်ဝင်စားသူများအတွက် အရည်အချင်းမြင့်မားစွာဖြင့် တာဝန်ထမ်းဆောင်နိုင်စေရန်နှင့် ဝန်ကြီးဌာနအသီးသီးရှိ စာကြည့်တိုက်များ၊ ပြည်သူ့စာကြည့်တိုက်များ၊ စာကြည့်တိုက်ပညာ ပြန့်ပွားရေးအတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလမှာ မေ ၄ ရက်မှ ၂၉ ရက်အထိ တစ်လသင်တန်းဖြစ်ကြောင်းနှင့် လျှောက်လွှာများကို အမျိုးသားစာကြည့်တိုက်နှင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ကျောက်တံတားမြို့နယ်ရှိ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ဌာနတို့တွင် ရယူ၍ မေ ၄ ရက် ညနေ ၃ နာရီ နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်း၊ သင်တန်းသားဦးရေ ကန့်သတ်ထားကြောင်း သိရသည်။

သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၀၃၅၄၃၅၄၊ ၀၉-၄၉၃၂၄၉၉၀၊ ၀၉-၅၁၈၆၃၉၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

နိုင်ငံကြီးသားပီသစွာ
အခွန်ထမ်းဆောင်တာ
စားသုံးပြီးက
ပြေစာဖြတ်
အခွန်ပါပြီးမှတ်

# မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၇၆ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၁ ရက်နေ့မှ နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင်နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်း ရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၇၆ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့် အညီကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည်မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်၊

(၆) သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့်ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး(သို့မဟုတ်)အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများ ဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ယဉ်ကျေးမှု အစဉ်အလာသင်္ကြန်ကို လေးစားတန်ဖိုးထားမှုလျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြော၊ အဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ပါရန်၊

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ် လားရှိုးမြို့နယ် (၈)ရပ်ကွက် သိန်းနီလမ်း အမှတ် (ဇ-၄/၇) တွင် ပါတီရုံးချုပ်တည်ရှိသော **"ဝ" ဒီမိုကရက်တစ်ပါတီ** သည် ယင်းပါတီ၏ အလံနှင့်တံဆိပ်ကိုဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏ အလံနှင့်တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**'ဝ' ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**



**'ဝ' ဒီမိုကရက်တစ်ပါတီ၏တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဟိုပင်၌ မိုးပွင့်(အထူး)စီမံချက်လှုံ့ဆော်ရေးပိုစတာစိုက်ထူ

**ဟိုပင် မေ ၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့၌ မေ ၁ ရက် နံနက် ၈ နာရီက မိုးပွင့်(အထူး)စီမံချက် လှုံ့ဆော်ရေးပိုစတာများကို ပြည်ထောင်စုလမ်းမကြီးဘေးသံလမ်းဆုံအနီးတွင်လည်းကောင်း၊ နန့်ရင်းလမ်းထိပ်ဂါတ်ကုန်း လမ်းဆုံတွင်လည်းကောင်း၊ ဟိုပင်မြို့မဈေးထိပ်တွင်လည်းကောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးသူ၊ မြို့နယ်ဦးစီးမှူး (လဝကမှူး) ဦးဝင်းဇော်နှင့်ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းမြင့်၊ စည်ပင်သာယာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသောင်းလွင်နှင့်တာဝန်ရှိသူများက လှုံ့ဆော်ရေးပိုစတာများကို စိုက်ထူပေးကြသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကို ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(တိုးတိုးမေ-ဟိုပင်)**

# သုတေသနပြုချက်အသစ်အရ စီရိုနယ်လ်ဒိုသည် ဥရောပ၏ အကောင်းဆုံးတိုက်စစ်မှူးနံပါတ် (၂၉)နေရာတွင်သာရှိ

ဥရောပ၏ လိဂ်ငါးလိဂ်မှ အကောင်းဆုံး ကစားသမားများကို သုတေသနပြုခဲ့ရာ လက်ရှိ သလွန်းဒီအောဆုရှင် ခရစ္စတီယာနိုရိုနယ်လ်ဒိုက အကောင်းဆုံး တိုက်စစ်မှူးစာရင်း၌ နံပါတ် (၂၉) နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။ သို့သော် စီရိုနယ်လ်ဒို၏ ပြိုင်ဘက်မက်ဆီကမူ တိုက်စစ်မှူး နံပါတ်(၁)နေရာကို ရရှိခဲ့ပြီး ကွင်းလယ်တိုက်စစ်နေရာတွင် အိုဖေးလ်ကနံပါတ် (၁)အဖြစ် ရပ်တည်နိုင်ခဲ့သည်။

ယင်း သုတေသနပြုချက်ကို ဆွစ်ဇာလန်အခြေစိုက် CIES စောင့်ကြည့်ရေးအဖွဲ့က ဦးဆောင်ပြုလုပ်ခဲ့ကာ ၂၀၁၅ ခုနှစ်အတွင်း ပရီမီယာလိဂ်၊ ဘွန်ဒက်စ်လီဂါ၊ စီးရီးအေ၊ လီဂူး-၁၊ လာလီဂါများမှ ကစားသမားများ၏ ၂၀၁၅ခုနှစ် စွမ်းဆောင်ရည်အပေါ် မူတည်၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မက်ဆီက တိုက်စစ်နေရာတွင် ထိပ်ဆုံးမှရပ်တည်နိုင်ခဲ့ပြီး ၎င်း၏ နောက်တွင် ဘွန်ဒက်စ်လီဂါ တိုက်စစ်တွဲဖြစ်သည့် အာဂျန်ရော်ဘင်နှင့် ဘတ်စ်ခရော့ခ်တို့က အစဉ်လိုက် ရပ်တည်နေသည်။ ရိုနယ်ဒိုကမူဂီရော့ဒ်၊ ဟယ်ရီကိန်းတို့နောက် အဆင့် (၂၉)နေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

ကစားပုံနည်းစနစ်နှင့် ကစားကွက်ပုံဖော်နိုင်မှု ညွှန်းကိန်းအရ ကွင်းလယ်တိုက်စစ်နေရာတွင် အိုဖေးလ်နှင့် ဟာဇက်တို့က ထိပ်ဆုံးမှ ရပ်တည်နေသည်။ ဗဟိုကွင်းလယ်နေရာအတွက်မူ လီဗာပူးမှ ဆာဟင်က ပေါ့ဘာနှင့် ဖာနန်ဒင်ညိုတို့ကို ကျော်လွန်ကာ နံပါတ်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။



မေလှသင်း

# အက်သလက်တီကိုသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်မှုများပြုလုပ်နေသည်ဟူသောသတင်းများကို ကာဇိုလာ ငြင်းဆန်

အာဆင်နယ် ကွင်းလယ်ကစားသမား ကာဇိုလာက ၎င်း၏ ဇာတိမြေစပိန်သို့ ပြန်လည်ခြေချခွင့်ရရန် အက်သလက်တီကို မက်ဒရစ်နှင့် ချိတ်ဆက်မှုများ ပြုလုပ်နေသည်ဟူသော သတင်းများကို ငြင်းဆန်ခဲ့သော်လည်း အက်သလက် နည်းပြဆီမွန်နီအနေဖြင့် အက်သလက်တီကိုနှင့်စာချုပ်သက်တမ်းကို တိုးမြှင့်လိုက်ခြင်းအတွက်မူ ကျေနပ်မိကြောင်း ပြောကြားသည်။

ကာဇိုလာအနေဖြင့် အာဆင်နယ်က ၎င်းအပေါ် တန်ဖိုးထားနေသ၍ ကလပ်အသင်းနှင့် ပူးပေါင်းသွားမည်ဖြစ်ကာ လက်ရှိ အချိန်ကာလများမှာ ၎င်းအတွက် အမှန်တကယ် ကျေနပ်ဖွယ်ကောင်းသည်ဟုလည်း ထပ်လောင်းပြောကြားခဲ့သည်။ အဆိုပါ စပိန်ကစားသမားသည် အာဆင်နယ်ကွင်းလယ်နေရာအတွက် ပရိသတ်အကြိုက်အိုဖေးလ်နှင့် ယှဉ်ပြိုင်နေရသော်လည်း ကလပ်အတွက် ကစားရသည့် အချိန်တွင်သာ အကောင်းဆုံးကစားရန်လိုသည်ဟု ဆိုခဲ့သည်။

ကာဇိုလာက "ဒီသတင်းတွေထွက်လာတာက ကောလာဟလ သက်သက်ပါပဲ။ ဒါတွေကို အခုမှ ကျွန်တော်ကြားမိတယ်။ ကျွန်တော်က အာဆင်နယ်နဲ့ပဲ သက်ဆိုင်တဲ့လူဖြစ်သလို ဒီမှာပဲ အကောင်းဆုံးကစားပေးဖို့ ဆန္ဒရှိနေတာပါ။ ကျွန်တော်အာဆင်နယ်ကို အလွန်မြတ်နိုးသလို ကလပ်အသင်းက ကျွန်တော့်ကို တန်ဖိုးထားသ၍ ဒီမှာပဲ ဆက်ရှိနေဦးမှာပါ။ နည်းပြမွန်နီအနေနဲ့ စာချုပ်သက်တမ်းထပ်တိုးနိုင်တာက သူ့အတွက်ရော၊ အက်သလက်ပရိသတ်တွေအတွက်ပါ သတင်းကောင်းဖြစ်တဲ့အတွက် သူ့အတွက် ကျွန်တော် ဂုဏ်ပြုလိုပါတယ်"ဟု ပြောကြားခဲ့သည်။

❖❖❖

# မြန်မာလူငယ်ဂေါက်သီးကစားသမားများ လက်ရည်စစ်ပွဲ အောင်မြင်

**ရန်ကုန် ဧပြီ ၁**

မတ် ၂၆ ရက်မှ ၂၈ရက်အထိ ထိုင်းနိုင်ငံ Lotus Valley Golf Resort ၌ ကျင်းပသည့် Optimist International Qualifying Junior Golf Championships 2015 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာကစားသမားကိုးဦး လက်ရည်စစ်ပွဲအောင်မြင်ခဲ့သည်။

မြန်မာလူငယ် ဂေါက်သီးကစားသမားဖြစ်သော သင်းဝေခိုင်က (Girl 10-12) သက်တမ်းတွင် ပထမဆုရရှိပြီး လက်ရည်စစ်ပွဲ အောင်မြင်ခဲ့သလို အမျိုးသမီးဂေါက်သီးအားကစားသမားများဖြစ်သော သံလွင်မိုးသက်၊ ဝင့်ဖူးနဒီအောင်၊ ဖူးပွင့်ရတီခိုင်၊ အမျိုးသားဂေါက်သီးအားကစားသမားများဖြစ်သော ကောင်းမြတ်ကျော်၊ မင်းသံလွင်အောင်၊ ဟိန်းစည်သူ၊ ထွန်းအောင်ခိုင်၊ ဇင်အောင်မင်းတို့သည် လက်ရည်စစ်ပွဲ အောင်မြင်ကာ ဇူလိုင်လတွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါ၌ကျင်းပမည့် The Optimist International Junior Golf Championships 2015 ပြိုင်ပွဲသို့ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ယင်းလက်ရည်စစ်ပွဲကို မြန်မာ၊ ထိုင်း၊ မလေးရှား၊ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် ဗီယက်နမ် စုစုပေါင်း ခုနစ်နိုင်ငံမှ အားကစားသမား ၆၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်ဦးဆောင်၍ ကစားသမား အမျိုးသား ကိုးဦး၊ အမျိုးသမီးငါးဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

လက်ရည်စစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် မတ် ၂၉ ရက်က ပြန်လည်ရောက်ရှိလာပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖိုးသော်ဇင်**



# စပိန်လာလီဂါရင်ခုန်သံ – ၂၉

စပိန်လာလီဂါပြိုင်ပွဲရဲ့ပွဲစဉ်(၂၉)ကို ဧပြီ ၄၊၅၊၆၊၇ နေ့တွေမှာကျင်းပသွားဖို့ရှိပြီး ဆီဗီးလ်နဲ့ ဘီလ်ဘို၊ ဗလန်စီယာနဲ့ ဗီလာရီးယဲလ်တို့ဆုံတွေ့တဲ့ပွဲတွေ ပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိမှာပါ။ ဒါ့အပြင် ဒီပွဲဟာ ပွဲစဉ် ၃၀ နဲ့လည်း နီးကပ်နေတာကြောင့် ပွဲစဉ်နီးကပ်နေပြီးခြေကုန်ထုတ်ဖို့ ခက်ခဲနိုင်ကြတာကို သတိပြုရပါမယ်။

**အီဘား-ဗယ်လီကာနို** **နံနက် ၁း၁၅(၄-၄-၁၅)**

အီဘားရဲ့ခြေစွမ်းက အခုနောက်ပိုင်းအတော်လေးအားနည်းနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်မှတ်သာရခဲ့တာကိုတွေ့ရတယ်။ ဗယ်လီကာနိုကတော့ အခုနောက်ပိုင်းမှာ ကစားပုံကောင်းမွန်နေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့နှစ်ပွဲဆက်တိုက်အနိုင်ကစားနိုင်ခဲ့ပါတယ်။အီဘားအိမ်ကွင်းဖြစ်ပေမယ့် ဗယ်လီကာနိုပဲ ကပ်နိုင်သွားမှာပါ။

**ဆီဗီးလ် -ဘီလ်ဘို** **ည ၈း၃၀(၄-၄-၁၅)**

ဆီဗီးလ်ဟာ အခုနောက်ပိုင်းခြေစွမ်းကောင်းမွန်နေပါတယ်။ နောက်ဆုံးသုံးပွဲဆက်နိုင်ခဲ့ရသလို ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ မျှော်လင့်ချက်ရှိလာတာကြောင့်လည်း အမှားခံမှာ မဟုတ်ဘူး။ ဒါပေမယ့် ဘီလ်ဘိုက အခုနောက်ပိုင်း ခြေစွမ်းထက်မြက်နေကာ ငါးပွဲဆက်မနိုင်ရခဲ့တဲ့ အခြေအနေအရ ဆီဗီးလ်အနိုင်ရမယ်ဆိုရင်တောင် ပြတ်သားဖို့ခက်တယ်။

**ကော်ဒိုဘာ-အက်သလက်** **ည ၁၀း၃၀ (၄-၄-၁၅)**

အက်သလက်တီကိုဟာ အခုနောက်ပိုင်းခြေစွမ်းမတည်ငြိမ်မှုတွေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့တောင် အာမခံချက်မရှိတော့လို့ ဒီလိုပွဲမျိုးမှာ အမှားခံမှာ မဟုတ်ပါဘူး။ အထူးသဖြင့် ကော်ဒိုဘာဟာ ခြေစွမ်းပိုင်းအားနည်းမှုတွေများလွန်းပါတယ်။ ကော်ဒိုဘာတို့တန်းမဆင်းရရေး ရုန်းကန်လာမှာဖြစ်ပေမယ့် အက်သလက်တီကိုပဲ အနိုင်ရသွားမှာပါ။

**အယ်မာရီယာ-လီဗန်တေး** **နံနက် ၀၀း၃၀(၅-၄-၁၅)**

အယ်မာရီယာကတန်းဆင်းဇုန်နဲ့ ကပ်နေပြီး လီဗန်တေးကလည်း တန်းဆင်းဇုန်အတွင်းအသင်းဖြစ်လို့ အကြိတ်အနယ်ရှိမှာသေချာနေပါတယ်။ လက်ရှိအသင်းလိုက်ခြေစွမ်းပိုင်းအရ လီဗန်တေးအနည်းငယ်သာပေမယ့် လီဗန်တေးဟာ အဝေးကွင်းမှာခံစစ်ကအစ ကျစ်လျစ်မှုအားနည်းပါတယ်။ အယ်မာရီယာကပ်နိုင်သွားမှာပါ။

**မာလာဂါ-ဆိုစီဒက်** **နံနက် ၂း၃၀(၅-၄-၁၅)**

မာလာဂါရဲ့ အခုနောက်ပိုင်းခြေကမတည်ငြိမ်ပါဘူး။ နောက်ဆုံးသုံးပွဲမှာ တစ်ပွဲသာနိုင်ပြီးနှစ်ပွဲရှုံးခဲ့ပါတယ်။ ဒါပေမယ့် မာလာဂါက အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် ကစားပုံကျစ်လျစ်တာကိုသတိပြုရမှာဖြစ်သလို ဆိုစီဒက်ကလည်း အဝေးကွင်းအားနည်းပါတယ်။ ဒါကြောင့်ဒီပွဲမှာ မာလာဂါတို့ အနိမ့်ဆုံးသရေရမှာပါ။

**ရီးယဲလ်-ဂရန်နာဒါ** **ညနေ၄း၃၀ (၅-၄-၁၅)**

ဘာစီလိုနာနဲ့ လေးမှတ်အကွာရောက်နေတာကြောင့် ရီးယဲလ်တို့ထပ်မံအမှားခံမှာ မဟုတ်ဘူး။ ဂရန်နာဒါက တန်းမဆင်းရဖို့ ရုန်းကန်နေသလို နောက်ဆုံးသုံးပွဲမှာတစ်ပွဲသာ ရှုံးခဲ့ပေမယ့် ရီးယဲလ်လိုအသင်းမျိုးကိုတော့ အဝေးကွင်းမှာ ထိန်းချုပ်လို့မလွယ်နိုင်ပါဘူး။ အစစအရာရာသာနေတဲ့ ရီးယဲလ်ကသာ အနိုင်ရသွားမှာပါ။

**ဗလန်စီယာ-ဗီလာရီးယဲလ်** **ည ၉း၃၀(၅-၄-၁၅)**

လက်ရှိခြေစွမ်းပိုင်းအရ ဗလန်စီယာ အကောင်းဆုံးအခြေအနေမှာရှိနေပါတယ်။ နောက်ဆုံးငါးပွဲမှာ အရှုံးမရှိ လေးပွဲအနိုင်ကစားနိုင်ခဲ့ကာတိုက်စစ်ကလည်း ဂိုးသွင်းခြေထက်မြက်နေပါတယ်။ အထူးသဖြင့် ဗလန်စီယာဟာ အိမ်ကွင်းကစားပုံပိုကောင်းတတ်လို့ ခြေမငြိမ်တဲ့ဗီလာရီးယဲလ်ကို ထိန်းချုပ်နိုင်မှာပါ။ ဗလန်စီယာပဲကပ်နိုင်မယ်။

**ဂီတာဖေး-ဒီပို့တီဗို** **ည ၉း၃၀(၅-၄-၁၅)**

ဂီတာဖေးက အခုနောက်ပိုင်းခြေမတည်ငြိမ်ပါဘူး။နောက်ဆုံးလေးပွဲမှာတစ်ပွဲသာနိုင်ပြီးသုံးပွဲရှုံးခဲ့ပါတယ်။ ဒါပေမယ့် အဲဒါကြောင့်လည်း အမှတ်လိုနေတဲ့ ဂီတာဖေးဟာ အခုအိမ်ကွင်းပွဲမှာခြေကုန်ထုတ်ပြီး နိုင်ပွဲပြန်ရဖို့ အားစိုက်လာရမှာပါ။ ဒီပို့တီဗိုရဲ့လက်ရှိခြေနဲ့ အဝေးကွင်းစွမ်းဆောင်ရည်ကလည်း အားနည်းလို့ ဒီပို့တီဗိုသရေရဖို့တောင် မလွယ်ဘူး။

**ဆယ်တာဗီဂို-ဘာစီလိုနာ** **နံနက် ၁း၃၀(၆-၄-၁၅)**

ဘာစီလိုနာဟာ ရီးယဲလ်နဲ့လေးမှတ်ကွာခြားနေမှုကို လျော့မသွားအောင် အမှားခံမှာမဟုတ်ပါဘူး။ ဘာစီလိုနာရဲ့ လက်ရှိခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုရှိပါတယ်။ ဆယ်တာဗီကိုကလည်းခြေစွမ်းမဆိုးတဲ့အပြင် အိမ်ကွင်းဖြစ်နေပေမယ့် ဘာစီလိုနာကို ပွဲချိန်ပြည့်ထိန်းဖို့ခက်မယ်။ ဘာစီလိုနာအနိုင်သေချာပါတယ်။

**အက်စ်ပန်ညို-အဲလ်ချီ** **နံနက် ၀၀း၃၀ (၇-၄-၁၅)**

အဲလ်ချီဟာ တန်းမဆင်းရဖို့ ရုန်းကန်နေပေမယ့်ခြေစွမ်းပိုင်းက အားရစရာမရှိပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတစ်ပွဲသာအနိုင်ရခဲ့ပါတယ်။ အက်စ်ပန်ညိုက နောက်ဆုံးလေးပွဲမှာတစ်ပွဲနိုင်၊နှစ်ပွဲသရေထိန်းနိုင်ခဲ့ပြီး တစ်ပွဲသာ ရှုံးခဲ့သလို အိမ်ကွင်းအားနဲ့ဖိအားပေးသွားမှာပါ။ အက်စ်ပန်ညိုပဲနိုင်ပွဲရမယ်။

ရှိုင်းမင်းမင်း

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်း ထုတ်ယူသယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများကို အရှိန်အဟုန်မြှင့် ဖမ်းဆီးဖော်ထုတ်အရေးယူလျက်ရှိသည်။

မတ် ၂၇ ရက်တွင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောအကွက်-XVI အတွင်းမှ တရားမဝင်ပျဉ်းကတိုးသစ် ၁၃ လုံး (၁ ဒသမ ၀၃၈)တန်အား ပိုင်ရှင်မဲ့အဖြစ် လည်းကောင်း၊ ပန်းတောင်းမြို့နယ် သူရဲတန်း ကြိုးဝိုင်းအနီး မကြီးထုံးအုပ်စုထောက်ရှာတန်းရွာမှ တရားမဝင်အခြားခွဲသား ၂၃ ချောင်း (သုည ဒသမ ၁၉၃၂)ကုဗတန်နှင့် လူတစ်ဦး၊ သူရဲတန်းကြိုးဝိုင်းအကွက် အမှတ်(၄၅)အတွင်းမှ ပျဉ်းကတိုးခွဲသား ၁၂ ချောင်း (၁ ဒသမ ၇၂၄၀) တန်အား ပိုင်ရှင်မဲ့အဖြစ် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ချိုင်ကျေးရွာအောက်ဘက် ချင်းတွင်းမြစ်ကမ်းဘေးမှ တမလန်းခွဲသားလေးတန် တင်ဆောင်ထားသော မော်တော် အသားခွဲ တစ်စင်း၊ အင်ခွဲသား ခုနစ်တန်တင်ဆောင်ထားသော ဖွဲ့မြင့်မြတ်သံခွဲ မော်တော်ယာဉ် တစ်စင်း၊ အင်ခွဲသား ခုနစ်တန် တင်ဆောင်ထားသော ငွေလင်းယုန် မော်တော်ယာဉ်တစ်စင်း၊ အင်ခွဲသား တစ်တန် တင်ဆောင်ထားသော အဖြူရောင်သစ်သားခွံ မော်တော်ယာဉ်တစ်စင်း၊ ပျဉ်းကတိုးခွဲသား နှစ်တန် တင်ဆောင်ထားသော ကြယ်စင်ဝင်း မော်တော်ယာဉ်တစ်စင်းနှင့် စုစုပေါင်း လူ ၁၃ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မတ် ၂၈ ရက်တွင် ပန်းတောင်းမြို့နယ် သူရဲတန်းကြိုးဝိုင်းအကွက် အမှတ်(၃၇)အတွင်းမှ တရားမဝင်စကားဝါခွဲသား ၁၀ ချောင်း (၁ ဒသမ ၄၃၂၂)တန်၊ တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တော အကွက်-XVI အတွင်းမှ တရားမဝင် ကျွန်းသစ်လေးလုံး (၁ ဒသမ ၄၀၈)တန်အား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ မတ် ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် တောင်ပိတောက်ကုန်းကျေးရွာအနီး မြောက်ယမားရေကူတမံသွား လမ်းနံဘေးမှ ပျဉ်းကတိုးသစ် ၂၁ လုံး (၃ ဒသမ ၆၂၆၆)တန်၊ ယာဉ်တစ်စီးနှင့် လူနှစ်ဦးအား လည်းကောင်း၊ မုံရွာမြို့နယ် ထန်းတောရပ်ကွက် သီရိမင်္ဂလာလမ်းအတွင်းမှ ပိတောက်သစ် နှစ်ချပ် (သုည ဒသမ ၇၆၃၈)တန်၊ ယာဉ်တစ်စီးနှင့် လူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။


**(သတင်းစဉ်)**



ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းဧဓြေအောင် ဦးဆောင်၍ ညွှန်ကြားရေးမှူး(စီမံ) ဒေါက်တာသိမ်းကျော်၊ ညွှန်ကြားရေးမှူး (သုတေသနဖွံ့ဖြိုးရေး) ဦးဝင်းမြင့်တို့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မတ် ၃၀ ရက်မှ ဧပြီ ၃ ရက်အထိ ကျင်းပမည့် ASEAN Task Force on Traditional Medicine (ATFTM) နှင့် ဆက်စပ်အစည်းအဝေးသုံးခုသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မတ် ၂၉ ရက်က ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

# ယာဉ်စည်းကမ်းစစ်ဆေးသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား တိုက်ခိုက်သူကို ဖမ်းဆီးအရေးယူ





**နေပြည်တော် မေ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဆေးရုံထောင့်လမ်းဆုံမီးပွိုင့်၌ မတ် ၂၉ ရက် နံနက် ၉ နာရီခွဲခန့်က အမှတ်(၁၂) ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့ခွဲ(မြစ်ကြီးနား)မှ တပ်ဖွဲ့ဝင်များသည် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်နေစဉ် ရုံးကြီးလမ်းအတိုင်း အရှေ့မှအနောက်သို့ Hi Bird-125 အစိမ်းပုပ်ရောင်ဆိုင်ကယ် စီးနင်းသူ အမျိုးသားတစ်ဦးက မီးနီအား ဖြတ်မောင်းနှင်သဖြင့် တာဝန်ကျယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များဖြစ်သည့် ဒုတပ်ကြပ် ပြည့်စုံဝင်းနှင့် ရဲတပ်သား သက်ပိုင်စိုးတို့က ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် အဆိုပါ ဆိုင်ကယ်ယာဉ်မောင်းမှ ဆိုင်ကယ်အား ရပ်တန့်၍ ဆဲဆိုကာ ရဲတပ်သား သက်ပိုင်စိုးအား လမ်းဘေးရှိ ကျောက်ခဲနှင့်ထုပြီး ဒုတပ်ကြပ် ပြည့်စုံဝင်းအား အရိုးအသွား ၁၂ လက်မကျော်ခန့်ရှိ ခေါက်ဓားဖြင့် ထိုးကာ ဆိုင်ကယ်အား ဆေးရုံမြောက်ဘက် ရင်ခွဲရုံလမ်းကြားအတိုင်း ဒူကထောင်ရပ်ကွက်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ ထိုအခါ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အနီးရှိပြည်သူများနှင့် ဒူကထောင် ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ၎င်းက ဓားဖြင့် ပြန်လည်ခုခံပြီး ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်၌ ပုန်းအောင်းနေစဉ် ဝိုင်းဝန်းဖမ်းဆီးရမိခဲ့သည်။ ပြစ်မှုကျူးလွန်သူသည် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်နေ အင်ဗွန်းဇော်အောင် (၄၀)နှစ် **(ဝဲပုံ)**ဖြစ်ကြောင်း သိရှိရပြီး ၎င်း၏ ပြန်လည်ရန်ပြုမှုကြောင့် ဒုတပ်ကြပ် ပြည့်စုံဝင်းနှင့် ရဲတပ်သား သက်ပိုင်စိုးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် အင်ဗွန်းဇော်အောင်အား မြစ်ကြီးနားမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



ပြည်တွင်းရေးရာ

# ပဲခူးမြို့အတွင်း ညစ်ညမ်းအခွေ အငှားဆိုင်များအား ထိရောက်စွာ စစ်ဆေးကြပ်မတ်ရန်ဒေသခံများလိုလား

**ပဲခူး ဧပြီ ၁**

ပဲခူးမြို့တွင်း အခွေငှားဆိုင်အများအပြား ဖွင့်လှစ်ငှားရမ်းလျက်ရှိကြရာတွင် နိုင်ငံခြားအခွေများ၊ ညစ်ညမ်းအခွေများ ငှားရမ်းသည့် အငှားဆိုင်များ ရှိနေ၍ ဆယ်ကျော်သက် လူငယ်များအတွက် လွန်စွာစိုးရိမ်သောကြောင့် ယင်းဆိုင်များအား ထိရောက်စွာ စစ်ဆေးကြပ်မတ် ဆောင်ရွက်သင့်ကြောင်း ဒေသခံများက ပြောသည်။

"မြန်မာဇာတ်လမ်း တစ်ခွေကို ကျပ် ၃၀၀ နဲ့ ငှားတယ်။ တချို့ဆိုင်တွေဆို ဆင်ဆာရှိတဲ့ အခွေတစ်ခွေကို တရားဝင် ဝယ်ယူထားပြီး အခွေပွားတွေ ခိုးကူးပြီးငှားကြတာ။ အဲဒီလို မတင်ထားရင်လည်း အခွေငှားတဲ့ လူနည်းပါးတယ်"ဟု ပဲခူးမြို့ရှိ အခွေငှားဆိုင် ဖွင့်လှစ်ထားသည့် ဆိုင်ရှင်တစ်ဦးက ပြောသည်။

ထိုသို့ ဆင်ဆာမဲ့အခွေ အငှားဈေးကွက်မှာ တဖြည်းဖြည်း ကျယ်ပြန့်လာကြောင်း သိရသည်။

အဆိုပါ ဆင်ဆာမဲ့ ညစ်ညမ်းဇာတ်လမ်းအခွေများမှာ မြန်မာနိုင်ငံအတွင်းသို့ နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်လာလျက်ရှိပြီး ပြည်တွင်းရှိ ဆယ်ကျော်သက် လူငယ်အချို့အတွက် ရင်လေးဖွယ်ရာဖြစ်ကြောင်း မြို့တွင်းရှိဒေသခံများက ပြောသည်။

ဆင်ဆာမဲ့ ညစ်ညမ်းခွေများကို ငှားရမ်းနေကြသော အခွေငှားဆိုင်များအား ထိရောက်စွာ စစ်ဆေးအရေးယူခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုကို တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းရာရောက်သကဲ့သို့ အတုမြင်အတတ်သင် လူငယ်များအတွက်လည်း လမ်းမှားမရောက်အောင် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ဒေသခံများကပြောသည်။

**မျိုးသိန်း(ပဲခူး)**

## ကျိုက်ထိုမြို့နယ်အတွင်း ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းပြုပြင်ဖောက်လုပ်



**ကျိုက်ထို ဧပြီ ၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ခရွဲကျေးရွာနှင့် ချောင်းဝကျေးရွာအကြားရှိ မြေသားလမ်းမှာ မိုးရာသီတွင် တောင်ကျရေများကြောင့် ချောင်းဝကျေးရွာနေ ပြည်သူများက ကိုယ့်အားကိုယ်ကိုး စက်ယန္တရားများ ငှားရမ်း၍ ပြုပြင်ဖောက်လုပ်လျက်ရှိသည်။

ခရွဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ငွေက "ချောင်းဝကျေးရွာက လူတွေက စည်ကားတဲ့ သိမ်ဇရပ်မြို့ကို စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စတွေနဲ့ သွားရင် ဒီလမ်းတစ်လမ်းပဲ သုံးစရာရှိပါတယ်။ အထက်တန်း ကျောင်းတက်တဲ့ ကလေးတွေဆို နေ့စဉ်နေရတော့ မိုးရာသီမှာ သိပ်ဒုက္ခရောက်ပါတယ်။ ဒါကြောင့်လည်း နှစ်ရွာစုပေါင်းပြီး ကုမ္ပဏီက စက်ယန္တရားငှား၊ ကိုယ့်ဆီ စက်သုံးဆီကိုယ့်ဘာသာကိုယ် ဝယ်ဖြည့်ပြီး လမ်းကောင်းအောင် ဆောင်ရွက်ရတာပါ။ တောင်ကမ်းပါးယံဘက်က မြေကြီးဖို့ပြီး လမ်းထပ်ချဲ့ထားပါတယ်"ဟု ပြောသည်။

ယင်းကိုယ့်အားကိုယ်ကိုး လမ်းမှာ အရှည်နှစ်မိုင်ခွဲခန့်၊ အကျယ် ၁၈ ပေခန့်ရှိပြီး လမ်းဖောက်ရာတွင် မြေတူးမြေတင်စက်၊ မြေသယ်ယာဉ်နှင့် စက်သုံးဆီသုံးစွဲခ စုစုပေါင်း သိန်းငါးဆယ်ခန့် ကုန်ကျမည်ဖြစ်ပြီး ကျေးရွာနေသူအများစုမှာ လက်လုပ်လက်စားများဖြစ်ကြောင်း သိရသည်။ **ရဲခေါင်ဦး**

## သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် နှစ်လက်မ စက်ရေတွင်းဖွင့်လှစ်

**မိုးညို ဧပြီ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ညောင်လေးပင်ကျေးရွာအုပ်စု ပိုးစတောလေး ကျေးရွာတွင် မတ် ၂၃ ရက် နံနက် ၉ နာရီက နှစ်လက်မ စက်ရေတွင်းအား ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမင်းမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်း၊ ရွှေနရီကုမ္ပဏီမှ ဦးသိန်းဇော်ဝင်းတို့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ စက်ရေတွင်းပြုလုပ်ပေးခြင်းဖြင့် ဒေသနေပြည်သူများအတွက် သောက်သုံးရေ အဆင်ပြေမည်ဖြစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သည်၊

ဒေသခံဦးဝင်းက"အခုလို နိုင်ငံတော်က ဆောင်ရွက်ပေးလို့ ကျွန်တော်တို့ ဒေသခံပြည်သူ ၅၀၀ ကျော် ရေအခက်အခဲမရှိ ရရှိတဲ့အတွက် အဆင်ပြေပါတယ်"ဟု ပြောသည်။ **ခင်လတ်(မိုးညို ပြန်/ဆက်)**

## ဆရာဝန်၊ သွားဆရာဝန် သစ်လွင်များအား တာဝန်ပေးအပ်ခြင်း အခမ်းအနားကျင်းပ

**ပုသိမ် ဧပြီ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ခန့်အပ်သောဆရာဝန်၊ သွားဆရာဝန်သစ်လွင်များအား တာဝန်ပေးအပ်ခြင်းအခမ်းအနားကို မတ် ၃၁ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ အ-ထ-က(၁) ရတနာတန်ဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသိန်းအောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ပေးအပ်ခံရသည့်ဆရာဝန်၊ သွားဆရာဝန်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူးဒေါက်တာခင်ဝင်းသက်တို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတ၊ မော်လမြိုင်ကျွန်းမြို့တို့တွင် တာဝန်ထမ်းဆောင်မည့်ဆရာဝန်သစ်လွင်များကို ခန့်အပ်လွှာများ ပေးအပ်ခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူက တိုင်းဒေသကြီးအတွင်း ဖျာပုံ၊ မအူပင်၊ လပွတ္တာ၊ ဘိုကလေး၊ မြို့များတွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန်၊ သွားဆရာဝန်များအားလည်းကောင်း တာဝန်အပ်နှင်းခန့်အပ်လွှာများ ပေးအပ်ခဲ့သည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**


၂၀၁၅ခုနှစ်၊ နိုင်ငံတော်မှဆက်ကပ်သည့် သာသနာတော်ဆိုင်ရာ "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံ ခရိုင်၊ ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဇောင်းကျေးရွာ ဗလသုခကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တဥတ္တမ အရှင်သူမြတ်အား ကြက်ဖမွေးဇောင်းကျေးရွာနေ တပည့်ဒါယကာ၊ ဒါယိကာမတို့မှ အောက်ပါအစီအစဉ်အတိုင်း ဂုဏပူဇာပွဲတော် ကျင်းပပူဇော်ကြမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ ဆရာတော်၏ တပည့်သံဃာတော်များ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြပါရန် လေးစားစွာ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၀-၄-၂၀၁၅ရက်(သောကြာနေ့)
(၁၃၇၆ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၇ရက်)
ကျင်းပမည့်အချိန် - မွန်းတည့် ၁၂ နာရီမှ ၃ နာရီအထိ
ကျင်းပမည့်နေရာ - ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဇောင်းကျေးရွာ၊ ဗလသုခကျောင်းတိုက်





သူတို့ပြောသော အတွင်းဝန်များအကြောင်း
နှင့်
အုပ်ချုပ်ရေးအကြောင်း တစေ့တစောင်း

ဤစာအုပ်တွင်မြန်မာမင်းများလက်ထက်မှစ၍ဗြိတိသျှ၊အိန္ဒိယ၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာအတွင်းဝန် ယန္တရားများအကြောင်းနှင့် ပဋိညာဉ်ဝန်ထမ်း (I.C.S) စနစ်၊ လက်ရှိ မြန်မာနိုင်ငံအမြဲတမ်း အတွင်းဝန်ပြောင်းလဲရေး တို့ပါဝင်သည်။

စာရေးသူ - ဦးကျော် (အောင်မြတ်ကျော်)
ညွှန်ကြားရေးမှူး (ငြိမ်း) မြန်မာနိုင်ငံဝန်ထမ်း
ကျော်စာပေ (ဖုန်း - ၀၁ ၃၉၂၁၁၂) တန်ဖိုး - ၂၀၀၀ ကျပ်


## ပြည်ထဲရေးဝန်ကြီးဌာန
## e-Passport ထုတ်လုပ်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ်အား MRP (Machine Readable Passport) စနစ်မှ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် e-Passport စနစ်သို့ ကူးပြောင်းထုတ်လုပ်ရေးအတွက် နည်းပညာဆိုင်ရာစက်ပစ္စည်းများ တပ်ဆင်အသုံးပြုခြင်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအား တင်ဒါ ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိက လုပ်ငန်းရှင်များဦးဆောင်သည့် နည်းပညာကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်း နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ e-Passport လုပ်ငန်းအား ဆောင်ရွက်လိုသော ပြည်တွင်းမြန်မာနိုင်ငံသား နည်းပညာကျွမ်းကျင်သည့် လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာကို ၂၀၁၅ခုနှစ်၊ ဧပြီလ(၆)ရက် (တနင်္လာနေ့)မှစ၍ နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)တွင် ဝယ်ယူနိုင်ပြီး ၂၀၁၅ခုနှစ်၊ ဧပြီလ(၃၀)ရက် (ကြာသပတေးနေ့) ညနေ ၁၆း၀၀နာရီ နောက်ဆုံးထား၍ ရုံးအမှတ်(၃၈)သို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ နည်းပညာလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်၊ ပူးပေါင်းဆောင်ရွက်မည့် ပြည်ပနည်းပညာကုမ္ပဏီများ၏ မှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည်ဖြစ်ပါသည်။


၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) သတင်းရဲတပ်ဖွဲ့ ဖုန်း၀၆၇-၄၁၁၅၆၇၊ ၀၆၇-၄၁၁၅၈၀
(ခ) မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးဌာနခွဲ ဖုန်း၀၁-၅၄၆၆၂၄


GUSTO
Institute of Information Technology

ယနေ့ ၂၁ရာစုမှာ အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာ ပညာရှင် ဖြစ်လိုပါသလား?

နိုင်ငံတကာ တက္ကသိုလ်ကြီးများမှ B.Sc.(Hons:) Computing ဘွဲ့ကို ပြည်တွင်း၌ အချိန်တိုအတွင်း စရိတ်သက်သာ စွာဖြင့် ရယူလိုပါသလား?



တက္ကသိုလ်ဝင်တန်းဖြေဆို/ အောင်မြင်ထားသူများ လျှောက်ထားနိုင်ပါပြီ။

International Diploma/ Degree Program

HND Diploma in Computing (UK)
B.Sc.(Hons:) Computing (UK)

MAY Intake

# 289 (A) Pyay Road, Sanchaung Tsp, Yangon. CALL NOW! 09- 8628806, 09-73031302

ပြည်တွင်းရေးရာ

ဆောင်းပါး

# တော်လှန်ရေး၏သမိုင်းအစ တို့ခြေရာ

**ယမန်နေ့မှအဆက်**

ထိုသို့ သတ်မှတ်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ရှေ့တန်းစစ်ဌာနချုပ်သို့ ထွက်ခွာရန်အကြောင်းပြ ချက်ဖြင့် ဖက်ဆစ်တော်လှန်ရေးဌာနချုပ်အဖြစ် သတ်မှတ်ထားသည့် နေရာနှင့် နီးကပ်သော အာလံမြို့(မြေထဲမြို့) သို့ထွက်ခွာခဲ့သည်။ သို့ပေမယ့် မတ်လ ၂၅ ရက်နေ့တွင် ပဲခူးမြို့ရှိ ဗိုလ်မှူးကျော်ဇောထံမှ တော်လှန်မည့် နေ့ရက်ကို မတ် ၂၇ ရက်နေ့သို့ အချိန်စော ပြောင်းရွှေ့သတ်မှတ်ပေးရန် တောင်းခံတင်ပြသည့်စာတစ်စောင် ဆက်သားဖြင့် ရောက်ရှိလာခဲ့သည်။ ဗိုလ်မှူးကျော်ဇောက ပဲခူးမြို့ရှိ ၎င်းတို့၏ တပ်ဖွဲ့များကို ဂျပန်တပ်များက ဝိုင်းဝန်းပိတ်ဆို့ပြီး လက်နက်သိမ်းဖမ်းဆီးမည့် လက္ခဏာများကို တွေ့ရှိရကြောင်း တင်ပြသဖြင့် ဗိုလ်ချုပ်အောင်ဆန်းက ဖက်ဆစ်တော်လှန်ရေး စတင်မည့်ရက်ကို မတ် ၂၇ ရက်သို့ ပြောင်းလဲဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ဤသို့ဖြင့် ဖက်ဆစ်တော်လှန်ရေးကြီးသည် မတ် ၂၇ ရက်သို့ ဖြစ်လာခဲ့ရသည်။ မြန်မာနိုင်ငံသည် ကျွန်သဘောဘဝအကြိမ်ကြိမ်ကျရောက်ခဲ့သဖြင့် မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်ကျူးကျော်မှု စစ်ကိုသုံးကြိမ်တိုင်တိုင် ရဲစွမ်းသတ္တိ အပြည့်ဖြင့် ဗမာ့သားကောင်းတပ်မတော်သားများသည် တွန်းလှန်ဖြိုဖျက်ခဲ့သည်။

မြန်မာနိုင်ငံသမိုင်းတွင်လည်း ပထမမြန်မာနိုင်ငံကို အနော်ရထာမင်းစောက တည်ထောင်ခဲ့၏။ ဒုတိယ မြန်မာနိုင်ငံကို ဘုရင့်နောင်ကတည်ထောင်ခဲ့သလို တတိယမြန်မာနိုင်ငံကို အလောင်းဘုရား ဦးအောင်ဇေယျက တည်ထောင်ပြီး တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား စတုတ္ထမြန်မာနိုင်ငံကို စည်းရုံးတည်ထောင်သူအဖြစ် မြန်မာ့သမိုင်းများတွင် သိမှတ်လက်ခံထားကြသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် အဓိကအင်အားစုအဖြစ် တပ်မတော်က ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသောအခါ နယ်ချဲ့တို့က သွေးခွဲအုပ်ချုပ်သောကြောင့် အမျိုးသားရေးပြိုကွဲခဲ့ရသည်။ အာဏာရရှိရေး ရမ္မက်ဆိုးကြောင့်၊ ဝါဒစွဲ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် လက်နက်ကိုင်အာဏာလုပွဲဖြစ်ခဲ့ရသည်။ အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲ၍ နှစ်ပေါင်းကြာမြင့်သည် ထိရင်ကြားစေ့မရသေးခဲ့ပေ။

တပ်မတော်ကသာလျှင် နိုင်ငံတော်၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်သည့် အဖွဲ့အစည်းအဖြစ် ရပ်တည်ခဲ့သည်။ တပ်မတော်သက်တမ်းအားဖြင့် နုနယ်သေးသည့် အချိန်ကာလအတွင်းမှာပင် မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ ဖွားဖက်တော်အဖြစ် ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းဆူပူသောင်းကျန်းမှုကြီးနှင့်အတူ၊ ပြည်ပတရုတ်ဖြူကျူးကျော်မှုကို ရင်ဆိုင်ခဲ့ရပြန်ရာ တပ်မတော်သားတို့၏ သွေးမြောက်မြားစွာကို စတေးပြီး မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည်။ နိုင်ငံရေးပါတီအချင်းချင်း ဂိုဏ်းကွဲမှု၊ အာဏာယစ်မူးမှု၊ ပုဂ္ဂိုလ်ရေးပြိုင်ဆိုင်မှု၊ ဝန်တိုမှု၊ မယုံသင်္ကာမှုတို့ကြောင့် လွတ်လပ်ရေးရပြီး ၁၀ နှစ်ကြာ ဖဆပလ နှစ်ခြမ်းကွဲလာ၏။ သက်ဆိုင်ရာ နှစ်ခြမ်းကွဲအုပ်စုမှာ မိမိတို့အာဏာရရှိရေး နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်ကြရာ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်းရေးကိုပါ ထိပါးလာပြီး နိုင်ငံတော်တွင် ဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေဆိုးများ ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရန် သန့်ရှင်း ဖဆပလ အစိုးရသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကို အာဏာလွှဲအပ်၏။ အိမ်စောင့်အစိုးရဦးဆောင်ကာ လွတ်လပ်သော တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပေးရန် ပန်ကြားခဲ့၏။ တပ်မတော်သည် တရားမျှတသော ရွေးကောက်ပွဲကို ဆောင်ရွက်ပေးခဲ့၏။

ပြည်ထောင်စုကြီးပြိုကွဲမည့် အခြေအနေဆိုးကြောင့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည်။ တော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ဖွဲ့စည်းရန် မျှော်မှန်းခဲ့သည်။ ဆိုရှယ်လစ်နိုင်ငံ တည်ထောင်ရေးအတွက် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ကာ ဆိုရှယ်လစ် စီးပွားရေးစနစ်ဖြင့် နိုင်ငံတော်တည်ထောင်ရန် ဆောင်ရွက်ခဲ့သည်။ သို့ပေမယ့် မြန်မာ့ဆိုရှယ်လစ်ပါတီ၏ အားနည်းချက်များ ပျော့ကွက်၊ ဟာကွက်များကို အခြေပြုကာ ပြည်တွင်းပြည်ပ လက်ဝဲ၊ လက်ျာအင်အားစုများ၏ သွေးမြှောက်ပင့်ပေးမှုကြောင့် ၁၉၈၈ ခုနှစ်တွင် အရေးအခင်းကြီးတစ်ခုပေါ်ပေါက်ခဲ့သည်။ ထိုအရေးအခင်းတွင် မင်းမဲ့စရိုက်ကြီးစိုး၍ အစွန်းရောက်ဝါဒီများ၏ ပြုမူဆောင်ရွက်မှုအဖြစ် အပျက်များသည် ပြည်ထောင်စုကြီးပြိုကွဲ၍ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးရမည့် အခြေအနေဆိုးကြီး ပေါ်ပေါက်ခဲ့ရသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းကာ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လုံးဝတာဝန် ယူခဲ့ရသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ပေသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဘာသာပေါင်းစုံနှင့်အတူ တပ်မတော် လက်တွဲပြီး အသက်သွေးချွေးများ ရင်းပြီးရခဲ့သော လွတ်လပ်ရေးဖြစ်သည်။ စစ်သားဇာနည် ဘာမထီတို့သည် နှလုံးရည် လက်ရုံးရည်နှင့်ပြည့်ဝသည့် တန်ဖိုးရှိသော အဖိုးမဖြတ်နိုင်သော တိုင်းပြည်အတွက် အသုံးဝင်သည့် ပုဂ္ဂိုလ်ဖြစ်သည်။

စစ်သည်တို့သည် ယောက်ျားတံခွန်လူရည်ချွန်မို့အရာရာတွင် ကြိုးပမ်းမှုကြံဆောင်သော အောင်မြင်ရအောင် ဖွဲ့ရှိရှိနှင့် သတ္တိပါပေါင်းစပ်၍ လုပ်ဆောင်နိုင်သော မြန်မာ့တပ်မတော်သားများဖြစ်သည်။ ရန်သူဟူသမျှ စိတ်ကမကြောက်မရွံ့ မတုန်မလှုပ်ဘဲ၊ သတ္တိပြောင်မြောက်စွာနှင့် နိုင်ငံတော်ကို ကာကွယ်နိုင်စွမ်းရှိသည့် တပ်မတော်သားဇာနည်ဘွားဖြစ်သောကြောင့် ကျားကို ခလုတ်၊ သစ်ငုတ်ကို သင်ဖြူး၊ ဆူးကို မွေ့ရာပမာပြု၍ နိုင်ငံတော်၏ အခက်အခဲဟူသမျှကို ရင်ဆိုင်ကာကွယ်နိုင်စွမ်းရှိခဲ့ပါချေပြီ။ ရန်သူဟူသမျှ နှိမ်နင်းကာ တိုင်းပြည်အတွက် အသက်နှင့်လဲ ခါချိန်ခါမရွေး ကာကွယ်ပေးခဲ့သည်။

သစ္စာရှိရှိ၊ တာဝန်သိသိနှင့် ရေသာခိုအချောင် မလိုက်သော တပ်မတော်သားသည့် တိုင်းပြည်အတွက် ဆောင်ရွက်သော ဝတ္တရားကား အလွန်ကြီးမားလှသည်။ ဗမာ့တပ်မတော်သားတို့ အဆင့်အတန်းအလိုက် ရာထူးဌာနန္တရ အနိမ့်အမြင့်ကွဲပြားခြားနားစေကာမူ တိုင်းပြည်အတွက် ဆောင်ရွက်ရာ၌ သူ့တာဝန်နှင့်သူ တစ်ပြေးတည်း တညီတညာတည်း၊ တစ်တန်းတစားတည်းဖြစ်ချေသည်။ တပ်မတော်သားများသည် လက်ရုံးရည်သမားများဖြစ်သည်သာမက နှလုံးရည်နှင့် တွေးခေါ်မြော်မြင်တတ်သူများလည်း ဖြစ်သည်။ တိုင်းပြည်အတွက် ဆောင်ရွက်ရသောကြောင့် ပြည်သူလူထုနှင့် ရင်းရင်းနှီးနှီးပေါင်းသင်းဆက်ဆံတတ်ကြသည်။ သနားကရုဏာ မေတ္တာတရားများ လက်ကိုင်ထားသောသူများဖြစ်ကြသည် တိုက်ပွဲသာမက ပြည်သူလူထု၏ အကျိုးကို သယ်ပိုးဆောင်ရွက်ကြသော သူများဖြစ်သည့်အလျောက် ကူညီတတ်သော စိတ်ဓာတ်များရှိကြသည်။ ယနေ့က တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတွင်မက လမ်းဖောက်၊ တံတားဆောက် ဘုရားအိုကျောင်းပျက်ပြုပြင်ထိန်းသိမ်းခြင်း၊ ယဉ်ကျေးမှု တက္ကသိုလ်တည်ဆောက်ခြင်း၊ နိုင်ငံတကာ အဆင့်မီဟိုတယ်မိုတယ်၊ အားကစားကွင်း၊ လေယာဉ်ကွင်း၊ ယဉ်ကျေးမှုပြတိုက်ပညာရေးတွင်လည်း မူလတန်းမှ တက္ကသိုလ်အထိ အဆောက်အအုံများတိုးချဲ့မွမ်းမံခြင်း၊ စီးပွားရေးဈေးကွက်စီးပွားရေးစနစ်ဖြင့် ပြုပြင်ပြောင်းလဲခြင်း၊ စာပေ၊ သဘင်၊ ဂီတ၊ ဓာက်ပုံစသည်တို့မှာလည်း ရှက်ပုန်းသီးအနုပညာ များပေါ်ပေါက်ရန်မြှင့်တင်ပေးခြင်း၊ အိမ်ရာမဲ့များကို အိမ်ခန်းမြေနေရာများပေးခြင်း၊ ဆေးရုံဆေးခန်းတိုးချဲ့ခြင်း၊ နယ်စပ်ဒေသတိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေးလုပ်ခြင်း၊ ဒီဂရီကောလိပ်များဆောင်ရွက်ခြင်း၊ သန်လျင်တံတား၊ ဘုရင့်နောင်တံတား၊ ဝင်ဝန်မြစ်ကူးတံတားအပြင် ပြည်နှင့်ကြံခင်းကိုဖြတ်ရန် တည်ဆောက်နေသော ဧရာဝတီမြစ်ကူးတံတားတို့သည် ကြီးမားခန့်ထည်၍ သမိုင်းတွင် ဖျောက်မရသော တပ်မတော်သားတို့၏ လုပ်ဆောင်ချက်ဖြစ်သည်။ တိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြုပြင်ပြောင်းလဲပုံမှာ အရှိန်အဝါမြင့်မားလှချေသည် မြန်မာ့အားကစားများဖြစ်သည့် နွား၊ လှေ၊ လှည်းနှင့် မာရသွန်စသည်တို့ကို မြှင့်တင်နိုင်ခဲ့သည်။

ဗမာ့တပ်မတော်သားများသည် ရှေ့တန်းကပြန်လာခဲ့သော်လည်း နားချိန်မယူဘဲ ပြည်သူများအတွက် မြောင်းဆိုးရွံ့ပုပ်ပါ ကော်ထုတ်၍ လုပ်အားပေးခဲ့ကြသည် ခြောက်လမ်းသွားကားလမ်းကြီး ဖောက်ရာတွင် ခဲထု မြေကအစ လုပ်အားပေးကြသည့် တပ်မတော်သားတို့၏ ဇနီး၊

စာမျက်နှာ ၁၈ သို့

နိုင်ငံရေးပါတီ အချင်းချင်း ဂိုဏ်းကွဲမှု၊ အာဏာယစ်မူးမှု၊ ပုဂ္ဂိုလ်ရေးပြိုင်ဆိုင်မှု၊ ဝန်တိုမှု၊ မယုံသင်္ကာမှုတို့ကြောင့် လွတ်လပ်ရေးရပြီး ၁၀ နှစ်ကြာ ဖဆပလ နှစ်ခြမ်းကွဲလာ . . .


EASY GO TRAVEL & TOURS ခရီးသွားလုပ်ငန်း

လှိုင်ကော်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယခရီးစဉ် 5 ည 6 ရက် 12 Apr

12 Apr 3 ည 4 ရက် ဘားအံ၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲပင်လယ်ကမ်းခြေ

လှိုင်ကော်သီးသန့်ခရီးစဉ် 3 ည 4 ရက် 30 Apr

Transportation E-mail - tour.easygotravel@gmail.com

ကုမ္ပဏီ၊ အသင်းအဖွဲ့ မိသားစုများအတွက် အထူးဈေးနှုန်းဖြင့်ကားမျိုးစုံကို ငှားရမ်းနိုင်ခြင်း၊ ခရီးစဉ်ရေးဆွဲပေးခြင်း၊ ဧည့်လမ်းညွှန်ဝန်ဆောင်မှုပေးခြင်းနှင့် Package Order တို့ကိုဧည့်သည်များစိတ်တိုင်းကျညှိနှိုင်းစီစဉ်ပေးပါမည်။

အမှတ်(၁၁၉/၁၂၁)၊ ပထမထပ်၊ လသာလမ်း၊ လသာမြို့နယ်။

Tel : 09-449011566, 449011577, 73198845, 420278588

IKBZ Insurance



**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဖြိုးအောင်ဝင်း[၁၂/သဃက(နိုင်)၁၅၁၉၉၄]၏ PP.No. MO 55656 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၂၈၅၂၀၈

**သွေးသည်အသက်**



**(၃၅)နှစ်ပြည့် မင်္ဂလာဆုတောင်း**

ချစ်ဖေဖေ ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)နှင့် ချစ်မေမေ ဗိုလ်ကြီးဒေါ်စောသိန်း(ငြိမ်း)တို့၏ ၂-၄-၂၀၁၅ ရက်တွင် ကျရောက်သော (၃၅)နှစ်ပြည့်ကျောက်စိမ်းရတု **မင်္ဂလာရက်မြတ်** မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို စိတ်တူကိုယ်တူ ကျန်းမာခြင်းပြည့်စုံစွာဖြင့် ဆောင်ရွက်နိုင်ပြီး သာယာချမ်းမြေ့သောဘဝခရီးလမ်းကို ချစ်သမီးနှင့်အတူ အသက်ထက်ဆုံး ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ . . . .

ချစ်သမီး - Dr. ဆင့်ဆင့်ဖြိုး
M.E(IT), TU(Thanlyin)
Ph.D(EC), YTU



# “ရွှေနန်းတော်ဝင်”ချစ်သူများအတွက် အထူးသတင်းကောင်း

နှစ်သစ်ကူးမဟာသင်္ကြန်တွင် “ရွှေနန်းတော်ဝင်” ပိုးထည်နှင့်ချည်ထည် ဒီဇိုင်းဆန်းများကို အားပေးကြသော ချစ်သူများအတွက် အထူးအစီအစဉ်အဖြစ် ၂-၄-၂၀၁၅ရက်မှ ၃၀-၄-၂၀၁၅ရက်ထိ (၁၀%မှ ၅၀%) ထိ အထူးလျှော့ဈေးများဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

၁။ အမှတ်(၂၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၅၅၁၅၀၊ ၀၉- ၇၃၁၈၁၃၈၁၊ ၀၉-၇၃၂၀၇၀၉၄

၂။ အမှတ်(၁၁၅)၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၂၁၂၇၄၄၊ ၀၁-၉၀၀၀၉၄၄

၃။ အမှတ်(၇၉)၊ ဗဟိုလမ်း၊ သီရိလမ်းထိပ်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၆၂၀၇၅၇


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄B၊ မြေကွက်အမှတ်(၃၀၁)၊ မြေကွက်တည်နေရာအမှတ်(၃၃)၊ (၇)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဦးကံဦး)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကံဦး (ဖခင်)နှင့် ဒေါ်သောင်း(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးမောင်မောင်[၁၂/မဂတ(နိုင်)၀၄၅၁၄၀]၊ ဒေါ်လှဝင်း[၁၂/မဂတ(နိုင်)၀၅၃၀၁၇]၊ ဒေါ်လှရှင်[၁၂/မဂတ(နိုင်)၀၆၂၅၀၈)တို့မှ သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/ခ၊ မြေကွက်အမှတ်(၅၈)၊ မြေကွက်တည် နေရာအမှတ်(၈၆)၊ ဘုရားလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဧရိယာ(၀. ၀၃၈)ဧက (ကိုဘိုးသင်း၊ မအုံးခင်)အမည်ပေါက် အေရှာမြေ(အိမ်ရာမြေ)အား လှိုင်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၂၆/၂၀၁၃)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ် (၇/၂၀၁၃)၏ အမိန့်နှင့် (၇-၁၀-၂၀၁၃) ရက်စွဲပါ ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်မိုးမိုးဆွေ[၁၂/ဥကတ(နိုင်)၀၃၅၆၁၄]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

a'|ufwmarmif&t mif

**ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။ ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)**

**ယခင်အပတ်မှအဆက်**

**ကမ္ဘာ့အရပ်ရပ်သို့ ပြောင်းရွှေ့ထုတ်လုပ်ခြင်း** (Global Dispersion) **နှင့် စက်မှုလုပ်ငန်းများ စုစည်းလာခြင်း** (Industrial Agglomeration)

ဂလိုဘယ်လိုက်ဇေးရှင်းခေတ် ကမ္ဘာ့ ထုတ်လုပ်မှုပုံစံဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ စက်မှုလုပ်ငန်းများသည် သဘာဝသယံဇာတနှင့်ထုတ်လုပ်မှုအင်အားစုများ (Factors of Production) ပိုင်ဆိုင်မှုအရနှိုင်းယှဉ် အခွင့်အရေးသာသည့် အထူးသဖြင့် လုပ်ခ သက်သာသည် ဖွံ့ဖြိုးဆဲနိုင်ငံများအသီးသီးသို့ ပြောင်းရွှေ့ထုတ်လုပ်ခြင်း (Geographical Dispersion) ရှိလာသလို ထုတ်လုပ်မှုအဆင့်များ ယခင်ကထက် များပြားလာခြင်း (Fragmentation) တို့ကို တွေ့ရမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပြောင်းရွှေ့ထုတ်လုပ်လာမှု၏ အဓိကအကြောင်းအရင်းမှာ နှိုင်းယှဉ်စရိတ်သက်သာမှုကို ဦးစားပေးလေ့ရှိသည်။ ပို၍ အသေးစိတ်ကြည့်မည်ဆိုလျှင် FDI လုပ်ငန်းကြီးများအနေဖြင့် အလေးပေးသည့် စရိတ်သက်သာမှု သုံးမျိုးမှာ ဆက်သွယ်မှု ကွန်ရက်တည်ဆောက်စရိတ်သက်သာမှု (Reduction in Network Setup Cost)၊ ဝန်ဆောင်မှုစရိတ်သက်သာမှု (Reduction in Services cost) နှင့်ထုတ်လုပ်မှုစရိတ် သက်သာမှု (Reduction in Production Cost) တို့ဖြစ်သည်။

ဆက်သွယ်မှုကွန်ရက် တည်ဆောက်မှုစရိတ်ဆိုသည်မှာ GSC တွင် အကျိုးဝင်သည့် လုပ်ငန်းများအနေဖြင့် တစ်ကမ္ဘာလုံးပျံ့နှံ့တည်ရှိမှုကြောင့် အဆိုပါ လုပ်ငန်းများအကြား ဆက်သွယ်မှုလိုအပ်သလို ပျံ့နှံ့နေသော လုပ်ငန်းများနှင့် မူလရုံးချုပ်တည်ရှိရာနိုင်ငံများ (Head Quarter Economies) အကြား အဆင်ပြေဆုံးနှင့် အမြန်ဆုံးဆက်သွယ်မှုများပြုလုပ်နိုင်ရေးအတွက်အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များ ပြည့်စုံသည့်နေရာများကိုသာ ရွေးချယ်ပြီး ရင်းနှီးမြှုပ်နှံမှသာ အကျိုးကျေးဇူးရှိနိုင်သည့်အတွက် ဆက်သွယ်မှုကွန်ရက် တည်ဆောက်မှုစရိတ်သက်သာမှုကို လုပ်ငန်းကြီးများ အလေးထားလေ့ရှိသည်။

ဒုတိယအချက်မှာ FDI လုပ်ငန်းကြီးများ လုပ်ဆောင်ရာတွင် ဝန်ဆောင်မှုဆိုင်ရာစရိတ်များဖြစ်သည့် သယ်ယူပို့ဆောင်ရေးနှင့် Logistic၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု စသည်တို့အတွက် စရိတ်အသက်သာဆုံးဖြစ်အောင် အလေးပေးလေ့ရှိသည်။ တတိယအချက်အလက်မှာ FDI လုပ်ငန်းကြီးများ ထုတ်လုပ်မှုလုပ်ဆောင်ရာတွင် စရိတ်အနည်းဆုံးဖြစ်စေရန်အတွက် အထူးဇောင်းပေးသည့်အချက်မှာ လုပ်သားခ စျေးချိုမှုနှင့်လျှပ်စစ်ရရှိနိုင်မှုပင်ဖြစ်သည်။ စရိတ်သုံးမျိုးအနက်လုပ်ခမှာ အရေးပါဆုံးဖြစ်သည့်အတွက်လည်း FDI လုပ်ငန်းများအနေနဲ့ လုပ်ခသက်သာသည့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပြောင်းရွှေ့ထုတ်လုပ်လေ့ရှိသည်။

ထို့အတွက် နိုင်ငံတကာလုပ်ငန်းကြီးများအနေဖြင့် စီးပွားရေးအချက်အချာကျပြီး အခြေခံအဆောက်အအုံများ ပြည့်စုံသည့်အပြင် ကမ္ဘာတစ်ဝန်းလုံးနှင့် အမြန်ဆုံးကုန်သွယ်နိုင်သည့် ပင်လယ်ဆိပ်ကမ်းများရှိသည့် နေရာများတွင်သာ Global Supply Chain နှင့်ဆက်သွယ်နေသည့် စက်မှုလုပ်ငန်းများစုစည်းတည်ရှိမှု (Industrial Agglomeration) ကို တွေ့ရလေ့ရှိသည်။

(Global Supply Chain) ကြောင့် စက်မှုသိသိသာသာ ဖွံ့ဖြိုးလာသည့် နိုင်ငံများကိုကြည့်မည်ဆိုလျှင် တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းအများဆုံးတစ်နည်းအားဖြင့် စက်မှုအသိပ်သည်းဆုံး (Highest Industrial Density) ဒေသများမှာ ရှန်ဟဲ၊ ရှင်းကျန့်၊ ပီကင်းမြို့ဝန်းကျင် ဒေသများဖြစ်သည်။ ထို့အတူ ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းများ အထွန်းကားဆုံးဒေသဖြစ်သည့် ဘန်ကောက်မြို့၏ မိုင် ၅၀ ပတ်လည်ဒေသတွင် နိုင်ငံတကာတွင် စက်မှုထုတ်လုပ်မှုလုပ်ငန်းများ အဓိကစုဝေးရာဒေသပင်ဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံအတွက် FDI စက်မှုလုပ်ငန်းများ အများဆုံးတည်ရှိမည့်နေရာမှာရန်ကုန်ဝန်းကျင်၊ သီလဝါ SEZ တို့ဖြစ်သည်။ လက်ငင်းကာလတွင် FDI လုပ်ငန်းကြီးများ အများဆုံးမျက်စိကျနေသည့် နေရာများဖြစ်သလို ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်များသည်လည်း စက်မှုလုပ်ငန်းစုစည်းတည်ရှိမှု (Industrial Agglomeration) အရ အလားအလာကောင်းသည့်နေရာပင်ဖြစ်သည်။ အဆိုပါ နေရာများတွင် စက်မှုထွန်းကားလာလျှင် ဦးစွာ သိသိသာသာ ဖွံ့ဖြိုးလာမည်ဖြစ်သလို ဖိတ်လျှံအကျိုးကျေးဇူး (Spill Over Effecet) အရ ကျန်ဒေသအသီးသီး၏ တိုးတက်မှုကိုပါ တစ်ဆင့်ပြီးတစ်ဆင့် ပျံ့နှံ့ဖော်ဆောင်နိုင်မည်ဖြစ်သည်။

## စက်မှုလုပ်ငန်း လုပ်ဆောင်နေသူများနှင့် လုပ်ဆောင်ရန် ရည်ရွယ်သူများ . . .

မြန်မာ့စက်မှုထူထောင်ရေး အမြန်ဆုံးလုပ်ဆောင်နိုင်ရန် GSC ထဲသို့ ပေါင်းစည်းရာတွင် ကမ္ဘာ့စက်မှုလုပ်ငန်းများအခွင့်အရေးသာသည့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပြောင်းရွှေ့ထုတ်လုပ်လာမှု (Dispersion) နှင့်စရိတ်အသက်သာဆုံးဖြစ်သည့်နေရာများတွင် စုစည်းတည်ရှိနေခြင်း (Agglomeration) တို့ကြောင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်း လုပ်ဆောင်နေသူများနှင့် လုပ်ဆောင်ရန် ရည်ရွယ်သူများ အနေဖြင့် မည်သို့ပေါင်းစည်းနိုင်သည်၊ မည်သည်တို့ကြိုတင်ပြင်ဆင်ရမည်။ ထို့အပြင် နိုင်ငံတော်မှလည်း ထိရောက်သည့်ပေါ်လစီများလည်း တိုးမြှင့်ရမည်ဖြစ်သည်။

နိုင်ငံတကာလုပ်ငန်းကြီးများ ပြောင်းရွှေ့ထုတ်လုပ်လာမှုနှင့် စက်မှုလုပ်ငန်းများ စုစည်းတည်ရှိမှု (Industrial Dispersion & Agglomeration) တို့ကို အားပေးသည့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းဖန်တီးရေး၊ အခြေခံအဆောက်အအုံများ ပြည့်စုံရေးအပြင် ယှဉ်ပြိုင်နိုင်သည့် စျေးနှုန်းများဖြစ်စေရေး၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကို အားပေးသည့် ဥပဒေနှင့် နည်းဥပဒေများ၊ GSC နှင့်ဆက်စပ်နေသည့် စက်မှုထူထောင်ရေးကို ရှေးရှုသည့်ကုန်သွယ်မှုပေါ်လစီ၊ Logistics နှင့် သယ်ယူပို့ဆောင်ရေးပေါ်လစီ စသည်တို့လည်းအကျုံးဝင်သည်။ အထူးသတိပြုရမည့် အချက်များမှာ အလားအလာရှိသည့် FDI လုပ်ငန်းကြီးများ ပိုမိုဝင်ရောက်လာနိုင်မှုများကြောင့် လုပ်ခများ သိသိသာသာ တိုးတက်သွားခြင်း၊ မြေနှင့် အဆောက်အအုံစျေးနှုန်းများ၊ ငှားခများ ထောင်တက်သွားခြင်း၊ ယာဉ်ကြောများပိတ်ဆို့ခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုပိုမိုများလာခြင်းစသည်တို့ မဖြစ်ပေါ်စေရန် လုပ်ဆောင်နိုင်မှသာ နိုင်ငံတကာလုပ်ငန်းများ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်မှုကို အားပေးမည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စက်မှုလုပ်ငန်းများဖြစ်ပေါ်ထွန်းကားလာရခြင်း၏ အခြေခံအကြောင်းရင်းဖြစ်သည့် နှိုင်းယှဉ်စရိတ်သက်သာမှုသုံးမျိုးတွင် ဆက်သွယ်မှုကွန်ရက် ဝန်ဆောင်မှုစရိတ်၊ ဝန်ဆောင်မှုလုပ်ငန်းစရိတ်၊ ထုတ်လုပ်မှု စရိတ်အသီးသီး

**ဆက်လက်ဖော်ပြပါမည်။**

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၇)
## (၁၉)ကြိမ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အခမ်းအနား ဖိတ်ကြားလွှာ

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၇)၏ (၁၉)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် သေဆုံး/ကျဆုံး သူငယ်ချင်းများအားရည်စူး၍ သံဃာတော်အရှင်သူမြတ်အပါး (၂၀၀) အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ညစာစားပွဲအစီအစဉ်များကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့်မိသားစုအားလုံး ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ဆွမ်းဆက်ကပ်ခြင်း ။ ၄-၄-၂၀၁၅ရက် (စနေနေ့) ၉း၀၀ နာရီ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်(စွယ်တော်မြတ်စေတီရှေ့၊မရမ်းကုန်း)
ညစာစားပွဲအစီအစဉ် ။ ၄-၄-၂၀၁၅ရက် (စနေနေ့)၁၈း၀၀ နာရီ
ရွှေရှမ်းကန်မြက်ခင်းပြင်စားသောက်ဆိုင်(အင်းယားလမ်း)၊

ကျင်းပရေးကော်မတီ

ထွန်းဇော်ဝင်း ၀၉-၇၉၇၇၇၇၇၇၇၊ ဇော်လတ် ၀၉-၇၉၄၇၇၇၇၇၇၊ ဇော်နိုင်ဦး ၀၉-၅၁၂၃၅၃၉၊ နေဝင်းလှိုင် ၀၉-၇၉၅၇၇၇၇၇၇၊ မြင့်အောင် ၀၉-၂၅၀၈၁၇၉၀၉၊ ကျော်ဝင်းထွန်း ၀၉-၄၉၂၆၂၇၆၀၊ ဇော်မင်းထွန်း ၀၉-၄၅၀၀၂၈၂၃၃၊ ကျော်စွာထွန်း ၀၉-၅၁၉၀၇၈၇၊ ကျော်ရဲ ၀၉-၇၉၆၇၇၇၇၇၇






# ဖျာပုံ၌ တီဘီ ရောဂါကွင်းဆင်းရှာဖွေ ကုသခြင်းဆောင်ရွက်

**ဖျာပုံ မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ခရိုင်တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့မှဦးဆောင်၍ အခမဲ့ တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသခြင်းကို မတ် ၃၁ ရက် နံနက် ၈ နာရီက ချောင်းတွင်းကျေးရွာ မြတ်ဘုန်းပွင့်ဘုရားကြီးတန်ဆောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်တီဘီ ရောဂါ တိုက်ဖျက်ရေးအဖွဲ့သည် တီဘီရောဂါကင်းဝေးဖို့ စုပေါင်းရှာဖွေကုသစို့ဟူသော ဆောင်ပုဒ်နှင့်အညီ ဖျာပုံမြို့နယ်အတွင်းရှိ ချောင်းတွင်းကျေးရွာအပါအဝင် နေရာငါးနေရာတွင် အခမဲ့ တီဘီရောဂါကွင်းဆင်းရှာဖွေကုသခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ကွင်းဆင်းရှာဖွေ ကုသခြင်းကို ခရိုင်တီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာစုစုလှိုင်နှင့် တီဘီတိုက်ဖျက်ရေးအဖွဲ့မှ ဆရာ၊ ဆရာမများက ဆောင်ရွက်ပေးလျက်ရှိရာ ချောင်းတွင်းကျေးရွာအတွင်းရှိ ကျေးရွာသူ၊ ကျေးရွာသားများအား အခမဲ့ တီဘီရောဂါ ရှိ၊မရှိ စမ်းသပ်ဆောင်ရွက်၍ ရောဂါတွေ့ရှိသူများကို ဆေးပေးကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ဖျာပုံ)**

# ကသာခရိုင် စာကြည့်တိုက်ဖွံ့ဖြိုးရေးအတွက် SkyNet နှင့် TV များပေးအပ်

**ကသာ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီမှ တတိယအကြိမ်မြောက် ကသာခရိုင်စာကြည့်တိုက်ဖွံ့ဖြိုးရေး TVနှင့် Sky Netများ ထောက်ပံ့ပေးခြင်းကို ကသာမြို့နယ်စီမံခန့်ခွဲရေးရုံးခန်းမ၌ မတ် ၃၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ကသာမြို့သို့ TV သုံးလုံးနှင့် SkyNet လေးလုံး၊ ကောလင်းမြို့သို့ TV လေးလုံးနှင့် Sky Net လေးလုံး၊ ဝန်းသိုမြို့သို့ TV နှစ် လုံးနှင့် Sky Net လေးလုံး၊ ပင်လည်ဘူးမြို့သို့ TV သုံးလုံးနှင့် Sky Net လေးလုံး၊ အင်းတော်မြို့သို့ TV သုံးလုံးနှင့် Sky Net လေးလုံး၊ ဗန်းမောက်မြို့သို့ TV သုံးလုံးနှင့် Sky Net သုံးလုံးနှင့် ထီးချိုင့်မြို့သို့ TV နှစ်လုံး Sky Net နှစ်လုံးတို့အား ပေးအပ်ခဲ့သည်။

ကသာမြို့ စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ကသာခရိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန ဦးစီးအရာရှိမှ စံငါးချက်နှင့်အညီ တည်ဆောက်ထားရှိသော စာကြည့်တိုက်များအတွက် ဖိတ်ကြားထားသော ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ အဆိုပါ SkyNet နှင့် TV များ အားလွှဲပြောင်းအပ်နှံပေးခဲ့ပြီး ဆက်လက်၍ ဘဏ္ဍာရေးနှစ်အလိုက် စာကြည့်တိုက်များတည်ဆောက်ထားရှိမှုများကို ပံ့ပိုးထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

**ငွေအိုး (ကသာ)**

# ဟင်္သာတမြို့နယ်၌ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲ ကျင်းပ

**ဟင်္သာတ မေ ၁**

စွယ်စုံမီဒီယာဂရုမိသားစုတို့က လှူဒါန်းခဲ့သည့် စစ်ကုန်းကျေးရွာ သုတစွယ်စုံ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ် စာပေဟောပြောပွဲကို မတ် ၃၀ ရက် ည ၈ နာရီတွင် ဟင်္သာတမြို့နယ် စစ်ကုန်းကျေးရွာ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ လယ်တွင်းသားစောချစ်က "ဘဝမှစာ၊ စာမှဘဝ" ခေါင်းစဉ်ဖြင့် ကျေးရွာနေပြည်သူများအသိပညာတိုးတက်ရေး စာဖတ်ကြရေး၊ စည်းလုံးညီညွတ်ကြရေး စသည်တို့ကို သူ၏ ဘဝအတွေ့အကြုံ၊ စာပေအတွေ့အကြုံများနှင့်ယှဉ်၍ ဟောပြောခဲ့သည်။

အဆိုပါ ဟင်္သာတမြို့နယ် သုတစွယ်စုံစာကြည့်တိုက်အား စွယ်စုံမီဒီယာဂရု မိသားစုများဖြစ်သည့် ဒေါက်တာတင်ထွန်းဦးနှင့် ဇနီး ဒေါက်တာမိုးမိုးတို့က လှူဒါန်းပြီး ယင်းစာကြည့်တိုက်မှာ အလျား ၂၀ ပေ၊ အနံ ၁၃ ပေ၊ အမြင့် ၁၂ ပေ ရှိ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း တစ်ထပ်အဆောက်အအုံဖြစ်ကာ ကျပ်သိန်း ၅၀ခန့် အကုန်အကျခံဆောက်လုပ်လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# တောင်သာတွင် ကျေးလက်လူငယ်စွမ်းဆောင်ရည် မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်လှစ်ပြီးစီး



**တောင်သာ မေ ၁**

တောင်သာမြို့နယ် ပဲခင်းကျော်ကျေးရွာတွင် ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းအမှတ်စဉ်(၅/၂၀၁၅)ကို မတ် ၂၉ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက သင်တန်းနည်းပြများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ကျေးလက်ဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပေါ်ပေါက်လာပုံ၊ ဦးစီးဌာနမှဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေးလုပ်ငန်းများ၊ မြစိမ်းရောင်စီမံကိန်းအကြောင်း စသည့်ဘာသာရပ်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်မွေးမြူရေး၊ စားကျက်နှင့် အာဟာရ၊ ကြိုတင်ကာကွယ်နည်းများ၊ စီးပွားဖြစ် မွေးမြူရေး အခြေခံဘာသာရပ်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ အခြေခံရေချိုငါးမွေးမြူရေးနှင့် ငါးသားဖောက်ပညာ၊ တစ်ပိုင်တစ်နိုင်စီးပွားဖြစ်မွေးမြူရေး စသောဘာသာရပ်များ သင်ကြားပို့ချခဲ့သည်။

သင်တန်းသို့ ကျေးရွာအုပ်စု ခြောက် စုတွင်ရှိသော ကျေးရွာပေါင်း ၂၀ မှ ကျေးလက်လူငယ် ၁၀၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ သုံးရက်ကြာ သင်ကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## တော်လှန်ရေး၏သမိုင်းအစ ... စာမျက်နှာ(၁၆)မှ

တော်လှန်ရေး၏သမိုင်းအစ ... စာမျက်နှာ(၁၆)မှ

သားသမီးများကလည်း မောင်ကပေးသောတစ်ရပ်တစ်ကျေးမှ ဆီမလူးသည့်ပေဖူးလွှာကို ရင်မှာပိုက်၍ ကြည်နူးနှစ်သိမ့်ကြရသည့် တပ်မတော်သား၏ ဘဝကြမ်းတက်လှမ်းသော်လည်း စိတ်ဓာတ်သည် ကြံ့ခိုင်တောင့်တင်းလှသည်။ သို့ပင်ဆိုစေကာမူ တိုင်းပြည်နှင့်လူမျိုးကို အသက်ပေးကာကွယ်သော တပ်မတော်သားများသည် လေးစားထိုက်သော ပြည်သူ့သားကောင်းကျော်ကျက်မျက်ရတနာများ ဖြစ်သည်။

ပြည်သူချစ်သောတပ်မတော်သားများကို အလေးပြုပါသည်။ ထို့ကြောင့် ငယ်စဉ်ကမတူသော နာမ်နှိမ်စနစ်ကြောင့် စစ်ထဲမဝင်လိုက်ရသော ကျွန်မသည် ပြည်သူ့တပ်မတော်သားများနှင့်အတူ သေနတ် မကိုင်ရသော်လည်း ကလောင်လက်နက်ဖြင့် တိုက်ပွဲဝင်လျက်ရှိကြောင်း ပြောကြားရင်းနိဂုံးချုပ်လိုက်ပါသည်။


**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၄/၂၀၁၅)**

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-
မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း
(က) စက်နှင့်စက်အရန်ပစ္စည်းများ-Flexible Water Hose
(ခ) ကုန်ကြမ်းပစ္စည်းများ-Woven Polypropylene Bag(WPP-Bag) Low Density Polyethylene (LDPE)
(ဂ) ဓာတုဗေဒပစ္စည်းများ-Hydrochloric Acid,Calcium Hypochloride (Bleaching Liquid),Sulphuric Acid
နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း
(က) ဓာတုဗေဒပစ္စည်းများ-Mcrox Catalyst Reagent No.-1(MCR.No-1), Unicor LHS (Corrosion Inhibitor), Propylene Dichloride (PDC), Silica Gel and Fluorescent Indicator Dyed Gel,Antifoaming Agent
(ခ) စက်နှင့်စက်အရန်ပစ္စည်းများ-PCB Variable Guide Vanc Amplifier,Low Voltage Manager (BDM-100), Spare Parts for Urea Hydrolyzer Feed Pump,Urea Solution Pump,MP Absorbent Return Pump & DiphragmDisc Pack
၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၂-၄-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်၊ အချိန် - ၅-၅-၂၀၁၅ ရက်၊ ၁၂:၀၀ နာရီ
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
စီမံရေးဌာန
ဘဏ္ဍာရေးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃



**အမည်ပြည့်စွက်**
မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ နယ်မြေ(၁၂)၊ အမှတ်(၂၉၆) နေ ဦးငွေအောင်[၁/မကန(နိုင်)၀၂၂၁၂၀]အား ဦးငွေအောင်(ခ) ဦးဖြူသီအောင်ဟု ဖြည့်စွက်ခေါ်ပါရန်။



**ဖခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ အထက(၁)၊ သတ္တမတန်း(D)မှ မဂျုံးနော၊နှင့် ပဉ္စမတန်း(E)မှ မောင်ဂျုံးခေါင်တို့၏ ဖခင်အမည်မှန်မှာ ဦးလွမ်တူးဖြစ်ပါသည်။



**ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းများအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား |
|---|---|
| | **လုပ်ငန်းစီမံကိန်းသစ်များ** |
| ၁ | ပြည်နယ်ရုံး အမှုတွဲခန်းဆောက်လုပ်ခြင်း |
| ၂ | ပြည်နယ်ရုံး (၁၁)ခန်းတွဲ မော်တော်ယာဉ်ဂိုဒေါင်ဆောက်လုပ်ခြင်း |
| ၃ | ဟိုပင်မြို့ (၂)ခန်းတွဲ ရေလောင်းအိမ်သာနှင့်ရေစင်ဆောက်လုပ်ခြင်း(RC) |
| ၄ | နှောင်မွန်မြို့နယ် (၂)ခန်းတွဲရေလောင်းအိမ်သာနှင့် ရေစင်ဆောက်လုပ်ခြင်း(RC) |
| ၅ | ဆွမ်ပရာဘွမ်မြို့နယ် ရေစင်ဆောက်လုပ်ခြင်း |
| ၆ | ပန်နန်းဒင်မြို့ငွေတိုက်ခြံစည်းရိုးကာရံခြင်း |
| ၇ | ခေါင်လန်ဖူးမြို့နယ် ဒုဦးစီးမှူးနေအိမ်(၃)လုံးဆောက်လုပ်ခြင်း (ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး) |
| | **ပြုပြင်မွမ်းမံခြင်း** |
| ၁ | ပြည်နယ်ရုံးဝန်ထမ်းနေအိမ်ပြုပြင်ခြင်း |
| ၂ | ဝိုင်းမော်မြို့နယ် အမှုထမ်းနေအိမ်(၃)လုံးပြုပြင်ခြင်း |
| ၃ | အင်ဂျန်းယန်မြို့နယ် (၆)ခန်းတွဲဝန်ထမ်းအိမ်ရာ ဝရန်တာနှင့် မီးဖိုဆောင်ပြုပြင်ခြင်း |
| ၄ | ရွှေကူမြို့နယ် ဒုဦးစီးမှူးနေအိမ်(၂)လုံးပြုပြင်ခြင်း |
| ၅ | ဆွမ်ပရာဘွမ်မြို့နယ်ရုံး အကြီးစားပြုပြင်မွမ်းမံပြင်ဆင်ခြင်း |
| ၆ | ပန်နန်းဒင်မြို့ အုပ်ချုပ်ရေးမှူး နေအိမ်ပြုပြင်ခြင်း |
| ၇ | ပန်နန်းဒင်မြို့(၆)ခန်းတွဲ ဝန်ထမ်းနေအိမ်ပြုပြင်ခြင်း |
| ၈ | ပန်နန်းဒင်မြို့ရုံးပြုပြင်မွမ်းမံခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ၁-၄-၂၀၁၅ရက်မှ ၃၀-၄-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုသည့် ကိစ္စရပ်များအား ဖုန်းနံပါတ်-၀၇၄-၂၉၅၄၄၊ ၀၇၄-၂၄၂၃၀၊ ၀၇၄-၂၂၇၂၇၊ ၀၇၄-၂၃၆၁၇ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှည်းတန်းဈေးတိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

Basic English Speaking
9 - 12:00 (Sat + Sun) 5 Apr
10-11:30 (Mon - Thurs) 22 Apr
1 - 2:30 (Mon - Thurs) 22 Apr

Basic Four Skills English
1 - 4:00 (Sat + Sun) 5,25 Apr
1 - 2:30 (Mon - Thurs) 6 Apr
6 - 7:30 (Mon - Thurs) 6 Apr
10-11:30 (Mon - Thurs) 22 Apr
7:30-10:30 (Sat + Sun) 26 Apr
1 - 2:30 (Mon - Thurs) 28 Apr

Vocab Enrichment
7:30 - 9 (Mon - Thurs) 30 Mar
10-11:30 (Mon - Thurs) 22 Apr

Pre-Intermediate
3:30 - 5 (Mon - Thurs) 23 Mar
7:30 - 9 (Mon - Thurs) 30 Mar
9 - 12:00 (Sat + Sun) 5 Apr
1 - 2:30 (Mon - Thurs) 28 Apr

Intermediate
7:30 - 9 (Mon - Thurs) 23 Mar
3:30 - 5 (Mon - Thurs) 6 Apr
7:30-10:30 (Sat + Sun) 25 Apr

Basic Grammar
7:30 - 9 (Mon - Thurs) 25 May

Basic Writing
10-12:00 (Mon - Thurs) 23 Mar
3:30 - 5 (Mon - Thurs) 30 Mar

Basic English Speaking
6 - 7:30 (Mon - Thurs) 23 Mar
7:30 - 9 (Mon - Thurs) 6 Apr
10-11:30 (Mon - Thurs) 27 Apr
1 - 2:30 (Mon - Thurs) 27 Apr

Intermediate
3:30 - 5 (Mon - Thurs) 6 Apr

Basic Four Skills English
1 - 2:30 (Mon - Thurs) 30 Mar
3:30 - 5 (Mon - Thurs) 6 Apr
6 - 7:30 (Mon - Thurs) 27 Apr

Pre-Intermediate
10-11:30 (Mon - Thurs) 23 Mar
7:30 - 9 (Mon - Thurs) 6 Apr
7:30-10:30 (Sat + Sun) 25 Apr

IELTS (Four Skills)
1 - 3:30 (Mon - Thurs) 23 Mar
1 - 4:30 (Sat + Sun) 25 Apr

IELTS Exam Practice
3:30 - 5 (Mon - Thurs) 16 Mar

IELTS (Speaking)
1 - 2:30 (Mon - Thurs) 27 Apr

IELTS (Reading)
10 - 12:00 (Mon - Thurs) 23 Mar

IELTS (Writing)
9:30-12:30 (Sat + Sun) 28 Mar

## အရက်သေစာနှင့် မူးယစ်ဆေးဝါးကြောင့် ယာဉ်မတော်တဆမှုမဖြစ်ရေး အသိပညာပေး

**တာချီလိတ် မေ ၁**

၂၀၁၅ ခုနှစ် ဧပြီလတွင်ကျရောက်မည့် မြန်မာရိုးရာယဉ်ကျေးမှု သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးများသုံးစွဲပြီး၊ မော်တော်ယာဉ် မဆင်မခြင်မောင်းနှင်သည့်ကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် တာချီလိတ်မူးယစ်တပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများကို မတ် ၂၇ ရက် နံနက်က ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ ကျေးရွာနေပြည်သူ ၆၅ ဦးတက်ရောက်ပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ရဲအုပ်ဝင်းကျော်ကျော်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအား အသိပညာပေး ရှင်းလင်းဟောပြောပြီး အမှတ်(၆၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်စိတ်(၂) တာချီလိတ်မှ ရဲအုပ်ကျော်ဇေယျက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲပြီး မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား အရှိန်ပြင်းစွာ မောင်းနှင်ခြင်း မပြုရန်၊ မဟာသင်္ကြန်မစတင်မီနှင့် သင်္ကြန်ကာလအတွင်း ယာဉ်အား အိတ်ဇောဖြုတ်မောင်းနှင်ခြင်း၊ ပါဝါအိပ်ဇောတပ်၍ မောင်းနှင်ခြင်းများ မပြုရန်၊ သင်္ကြန်ကာလအတွင်း ရေပက်ကစားသော ပြည်သူများ၊ စိတ်ပြုပြင်အောင်မောင်းနှင်သည့် စည်းကမ်းပျက်မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား သက်ဆိုင်ရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များနှင့် ပူးပေါင်းဖမ်းဆီး၍ ယာဉ်နှင့်ဆိုင်ကယ်များအား သင်္ကြန်ကာလအတွင်း ခေတ္တသိမ်းဆည်းပြီး သင်္ကြန်အပြီးတွင် တရားစွဲတင်၍ ဒဏ်ငွေများဆောင်စေပြီးမှ ပြန်လည်ထုတ်ပေးမှာဖြစ်ကြောင်း ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် ညနေ ၃ နာရီတွင် လွယ်တော်ခမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ အမှတ်(၆၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်စိတ်(၂) တာချီလိတ်မှ ရဲအုပ်ကျော်ဇေယျနှင့် ဒုရဲအုပ် ဇော်မျိုးသန်းအပါအဝင် မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ရဲအုပ်ကျော်စွာထွန်းနှင့်အတူ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

တာချီလိတ်မြို့တွင် ၂၀၁၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆတိုက်မှုများကြောင့် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရသည့်အတွက် ယခုနှစ်သင်္ကြန်ကာလအတွင်း အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲ၍ ယာဉ်မောင်းနှင်မှုများ၊ ယာဉ်မတော်တဆမှုများကြောင့် အသက်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။ **လှရွှေ(ပြန်/ဆက်)**

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ထင်း ၉ ဒသမ ၇၄ တန် အခမဲ့ဖြန့်ဝေပေးအပ်



**ယင်းမာပင် မေ ၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးအောင်စိုးတင့် ဦးဆောင်သောဝန်ထမ်းများသည် ၂၀၁၄-၂၀၁၅ ခုနှစ် သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ဧက ၁၀၀၀ မှ ဓမ္မတာမျိုးဆက်ခြင်းနှင့် ဧက ၁၀၀ ၏ ပင်ပွားခွာခြင်း၊ ကိုင်းတက်ပယ်ခြင်း၊ အောက်ကိုင်းရှင်းလင်းခြင်း၊ ငုတ်တက်ချွန်ခြင်းလုပ်ငန်းများမှ ထွက်ရှိလာသည့် ထင်း ၉ ဒသမ ၇၄ တန်အား အကျိုးပြုသည့် မင်းဖူးကျေးရွာမှ အိမ်ထောင်စု ၃၀ အတွက် ပထမအကြိမ် အခမဲ့ဖြန့်ဝေပေးအပ်ပွဲအခမ်းအနားကို မတ် ၂၈ ရက် ညနေ ၃ နာရီက ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင်ကြိုးဝိုင်းအတွင်းရှိ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ဧက ၁၀၀၀ လုပ်ငန်း၏ ပင်မစခန်းတဲ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာဆိုရင် ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင်ကြိုးဝိုင်းအတွင်းရှိ ၂၀၁၄-၂၀၁၅ ခုနှစ် သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ဧက ၁၀၀၀ မှထွက်ရှိလာတဲ့ ထင်းတွေကို ကျွန်တော်တို့ရွာလေးအတွက် အခုလိုနွေရာသီမှာ လိုအပ်နေတဲ့ မီးဖိုချောင်သုံးထင်းများအဖြစ် မြို့နယ်သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက အထူးအလေးထားကာ လက်ဝယ်အရောက် အခမဲ့ပေးအပ်တဲ့အတွက် ကျေးရွာပြည်သူများကိုယ်စား အထူးကျေးဇူးတင်ပါတယ်" ဟု မင်းဖူးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းက ပြောသည်။

အဆိုပါ ထင်းအခမဲ့ပေးအပ်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်သိန်း၊ မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ပေးအပ်ရခြင်းအကြောင်းကို မင်းဖူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးဆောင်ပါဝင်သော ကျေးရွာရပ်မိရပ်ဖများနှင့် ဒေသခံများအား ရှင်းလင်းပြောကြားပြီး အိမ်ထောင် စု ၃၀ အတွက် စုစုပေါင်းထင်း ၉ ဒသမ ၇၄ တန်ကို ပထမအကြိမ် ပေးအပ်ခဲ့သည်။ **ထွန်းကိုကို(ယင်းမာပင်)**

## ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူအသင်း ကသာဇုန်သို့ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**ကသာ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဒုံးအော့ကျေးရွာတွင် မတ် ၂၅ ရက် နံနက် ၁၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဇေယျာပဒေသာဖောင်ဒေးရှင်း ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများအသင်း (ကသာဇုန်) မှ တောင်သူတစ်ဦးချင်းစီသို့ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းစိုက်ပျိုးစရိတ်ပေးအပ်ပွဲတွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများအသင်းနာယက ဦးသန်းထွန်းက အဖွင့်စကားပြောကြားပြီးနောက် ဇေယျာပဒေသာဖောင်ဒေးရှင်းအဖွဲ့ဝင် ကသာမြို့အထောက်အကူပြုကော်မတီ ဦးတင်နေဝင်းက တောင်သူများလိုအပ်သောငွေကြေးများကို သက်သာသောအတိုးနှုန်းဖြင့် ချေးပေးထား၍ ခြောက်လအတွင်းပြန်ဆပ်ရန်၊ ချေးငွေကို အကျေအလည်ပေးဆပ်ပါက နောက်ထပ်ချေးငွေများရရှိမည်ဖြစ်ကြောင်း၊ တောင်သူများလိုအပ်သောငွေကြေးများကို အပြင်မှ အတိုးနှုန်းကြီးစွာချေးယူရသဖြင့် ယခုလိုကူညီရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကသာခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်အုန်းက ဌာနအနေဖြင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းနိုင်ရန် လိုအပ်သောအကူအညီပေးခဲ့ကြောင်း၊ အသင်းကြီးပေါ်ပေါက်လာ၍ လိုအပ်သောချေးငွေရရှိအောင် ကူညီခဲ့ပြီး အသင်းသားများအနေဖြင့် စည်းလုံးညီညွတ်စွာ ဆက်လက်ဆောင်ရွက်လိုစေကြောင်း ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူအသင်းသို့ ငွေကျပ် ၄၅၆ သိန်းချေးပေးခဲ့ရာ တောင်သူ ၁၄၅ ဦး၏ ဧက ၁၁၄၀ အတွက် တစ်ဧကလျှင် ၄၀၀၀၀ ကျပ်နှုန်းဖြင့် ချေးပေးခဲ့ကြောင်း သိရသည်။

ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများအသင်း (ကသာဇုန်) ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ဖွဲ့စည်းခဲ့ပြီး အသင်းသား ၁၄၉ ဦးရှိသည်။ **အေးလွင်(ကသာ)**

**စစ်ကိုင်း-ဝါးချက်-မင်းကွန်းကားလမ်း တိုးချဲ့ကွန်ကရစ် လမ်းခင်းရန် အလှူရှင်များသို့ နှိုးဆော်လွှာ**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်ကြီးများတွင် သီတင်းသုံးနေထိုင်တော်မူကြသည့် ဆရာတော်ကြီး၏ သားတပည့်များဖြစ်ကြသော ရွှေရတုတိပိဋကရေ-ဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်သီလက္ခန္ဓာဘိဝံသ၊ ရွှေရတုတိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်ဝံသပါလာလင်္ကာရ၊ ရွှေစင်တိပိဋကရေဓမ္မဘဏ္ဍာဂါရိကဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရ၊ (၁၁)ပါးမြောက် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကဆရာတော်အရှင်ကုန္ဒပါလနှင့် တိပိဋကရေ တိပိဋကကောဝိဒအရှင်ကုန္ဒာစရိယတို့သည် ကျောင်းပြင်၊ ကျောင်းဆောက်လမ်းဖောက် စသည့်သာသနာပြု ပရဟိတကိစ္စများကို ဆရာတော်ကြီး ဆောင်ရွက်ခဲ့သည့်နည်းတူ စစ်ကိုင်း-ဝါးချက်-မင်းကွန်းကားလမ်းကို ဓမ္မနာဒကျောင်းတိုက်အထိ ကတ္တရာလမ်းခင်းလျက်ရှိရာ ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့သည် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

(၁) ကတ္တရာတစ်ပီပါလျှင် - ကျပ် ၇၀၀၀၀/-
(၂) ကျောက်ကြီးတစ်ကျင်းလျှင် - ကျပ် ၈၀၀၀/-
(၃) ကျောက်လတ်တစ်ကျင်းလျှင် - ကျပ် ၈၀၀၀/-
(၄) ကျောက်သေးတစ်ကျင်းလျှင် - ကျပ် ၁၀၀၀၀/-
(၅) မြေတစ်ကျင်းလျှင် - ကျပ် ၄၀၀၀/-
(၆) ဘိလပ်မြေတစ်အိတ် - ကျပ် ၆၀၀၀/-

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ
(၁) တိ-နိ မန္တလေးဌာန ၁၉/၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့ ဖုန်း-၀၂-၃၀၁၉၀
(၂) တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့ ဖုန်း-၀၂-၆၀၄၉၅
တိ-နိ ရန်ကုန်ဌာန(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း-၂၂၂၂၇၇/၇၈/၇၉

အမှုဆောင်အဖွဲ့
တိ-နိ

**တိုက်ခန်းရောင်းမည်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊ ၄၇-လမ်းထိပ်၊ ပထမထပ်၊ ပေ(၁၅×၅၅)၊ အမြင့်(၁၄)ပေ၊ ထပ်ခိုး(၅၀%) ရေမီးကိုယ်ပိုင်၊ အရှုပ်အရှင်းကင်း။

(အမှန်တကယ် ဝယ်မည့်သူသာ ဆက်သွယ်ပါရန်)

ဖုန်း-၀၉-၂၅၂၀၀၄၉၉၀၊ ၀၉-၄၂၁၇၁၆၂၂၉



# မြောင်မြို့နယ် ကျန်စစ်သားမင်းကြီးမွေးဖွာရာဇာတိမြေ ပရိမ္မစံပြကျေးရွာ လျှပ်စစ် မီးလင်းရေး ဖွင့်ပွဲပြုလုပ်

**မုံရွာ ဧပြီ ၁**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လိုက်ပါလျက် မတ် ၂၆ ရက် ညနေပိုင်းတွင် မြောင်မြို့နယ် ကျန်စစ်သားမင်းကြီး မွေးဖွားရာဇာတိမြေ ပရိမ္မစံပြကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ ဦးဝင်းနိုင်နှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းတို့က အခမ်းအနားအား ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်တို့က ကျေးရွာအတွင်းသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမိန်းခလုတ်များအား နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ပရိမ္မစံပြကျေးရွာ လျှပ်စစ်မီးလင်းရေး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ဒုတိယပိုင်းအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းရှိန်က ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းပင်လည်ဘူးမြို့နယ်၌ မိတ်ဆက်ရှင်းလင်း

**ပင်လည်ဘူး ဧပြီ ၁**

မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို မတ် ၂၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ချောင်းဖျားကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပင်လည်ဘူးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်က အမှာစကားပြောကြားပြီး မြစိမ်းရောင်စီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းကို မိတ်ဆက်ရှင်းလင်းခဲ့ကြသည်။

ယင်းနောက် ချောင်းဖျားကျေးရွာ၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးကော်မတီဝင်များကို ရွေးချယ်ခဲ့ကြသည်။ ပင်လည်ဘူးမြို့နယ် ချောင်းဖျားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း မတည်ငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာကော်မတီများနှင့်အတူ ကျေးရွာပြည်သူများက ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မဟာစည်ကျောင်းတိုက်၏နာယက ဘဒ္ဒန္တပညိန္ဒာဘိဝံသ၏ (၇၅)နှစ်ပြည့် စိန်ရတုဝိဇာတ အလှူမင်္ဂလာကျင်းပ

**ပုသိမ် ဧပြီ ၁**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မတ် ၂၈ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံများနှင့်အတူ မြန်အောင်မြို့ အမှတ်(၂) ရပ်ကွက် လေးမျက်နှာမဟာစည်သာသနာ့ရိပ်သာကြီး၏ ဦးစီးပဓာနနာယက၊ သာသနဓဇဓမ္မာစရိယ၊ စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယဂန္ထဝါစက၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်၊ နိုင်ငံတော်ဗဟိုဝန်ဆောင်၊ မဟာ ကမ္မဋ္ဌာနစရိယ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ၊ ရန်ကုန်မြို့ မဟာစည်ကျောင်းတိုက်၏ နာယက ဘဒ္ဒန္တပညိန္ဒာဘိဝံသ၏ (၇၅)နှစ်ပြည့်စိန်ရတုဝိဇာတ အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တက်ရောက်လာသူများက နာမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခဲ့ကာ လေးမျက်နှာမဟာစည်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဇီးကန်ဇေယျယုခကျောင်း ဆရာတော်မှ ဖတ်ကြားခဲ့ကာ ကြွရောက်တော်မူလာသည့် ဆရာတော်သံဃာတော်များမှ ဂုဏပူဇာဂါထာများဖြင့် ပူဇော်ခဲ့သည်။ ဆက်လက်၍ အနုပညာရှင်များက ရတုတေးထပ်များဖြင့် ပူဇော်ခဲ့ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကာ ပြည်မြို့ ကန်ဦးကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်အတွင်းရှိ မော်ဟေ့ကျေးရွာအုပ်စုနှင့် ဟာဖြတ်ကျေးရွာအုပ်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူ နိုင်ငံသားများအား မတ် ၂၀ ရက်က မြို့နယ်ဦးစီးဌာနမှူး ဦးမျိုးဝင်းရှိန်နှင့်ဝန်ထမ်းများသည် မော်ဟေ့ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။** သတင်းနှင့် ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)

## အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့၊ အေးသာယာတန်ဖိုးမျှ ပြည်သူ့ဝန်ထမ်းအိမ်ရာအား လမ်းတံတားဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် ကျပ်သန်း(၉၀၀၀၀၀၀၀၀)ကျော်၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းအတွက် ကျပ်သန်း(၂၄၆၈၀၉၆၄၀၀)ကျော်နှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းအတွက် ကျပ်သန်း(၄၁၈၇၈၇၄၀၀၀)ကျော်၊ စုစုပေါင်း ကျပ်သန်းပေါင်း(၇၅၅၉၇၀၄၀၀)ကျော် ကျခံသုံးစွဲပြီး စီမံဖော်ထုတ်ပေးလျက်ရှိပါသည်။ တိုက်ခန်းဝယ်ယူခွင့်ရရှိမည့်သူများသည် အဆောက်အအုံ၏ အခန်းတန်ဖိုးကျသင့်ငွေကိုသာ ပေးချေရမည်ဖြစ်ပြီး ဝယ်ယူခွင့်လျှောက်လွှာများကို ၈-၄-၂၀၁၅ ရက် နံနက် ၈ နာရီ တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် ကော်မတီ(၃)ရပ်မှ ကိုယ်စားမဲနှိုက်သည့် မဲစနစ်ဖြင့် သတ်မှတ်ရောင်းချပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့

**ပျောက်ဆုံးကြောင်း**

ကျွန်တော် သော်မောင်မောင်[၁၂/သဃက(နိုင်)၁၃၇၂၃၉]၏ PPNo. A339074 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၁၄၇၂၉

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ဇာတ်ကားအဆင့်အတန်းသတ်မှတ်ရေး စိစစ်အကဲဖြတ်အဖွဲ့တွင် အသုံးပြုရန်အတွက် ဆင်ဆာလက်မှတ်အသေး(Sticker)(၁. ၅"×၁. ၂") အရွယ်အစား ဆင်ဆာလက်မှတ်(Sticker)ခုရေ (၁၆၈၀၀၀၀) (တစ်ရာခြောက်ဆယ့်ရှစ်သိန်းတိတိ)ကို ပြုလုပ်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၈-၄-၂၀၁၅ ရက်မှ ၁-၅-၂၀၁၅ ရက်ထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

(ခ) တင်ဒါတင်သွင်းရန်နေရာ - မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) တင်ဒါတင်သွင်းရမည့်ရက် - ၄-၅-၂၀၁၅ ရက်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂နာရီအတွင်း မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိတ်ဖွင့်တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက် ၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ဖုန်းနံပါတ် ၀၁-၅၃၅၂၄၂၊ ၀၁-၅၃၅၀၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်(၄၇၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၇၂/ခ)၊ ၈ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးအောင်သိန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်သိန်းထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးရဲမြင့်[၁၂/သကတ(နိုင်)၀၄၉၂၈၁]မှ ပါမစ်အမည်ပေါက် ဦးအောင်သိန်းထံမှ ဒေါ်မသာစိန် ဝယ်ယူထားသော အရောင်းအဝယ်စာချုပ်နှင့် ပါမစ်ချကိုက်ပျက်စီးကြောင်း ကျမ်းကျိန်လွှာ၊ ၂၀၀၆ခုနှစ်တွင် ဦးအေးအေးကျော်မှ ဂရန်သစ်လျှောက်ထားခြင်းနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Asia Dragon ကျိက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးသန်းဦး၊ ဒေါ်ဆန်းဆန်းသွယ်တို့၏သားဖြစ်သူ မောင်မြတ်လင်းဦး(ခ)လင်းလင်း[၁၂/ဗဟန(နိုင်)၀၈၇၀၈၅]သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးသန်းဦး၊ ဒေါ်ဆန်းဆန်းသွယ်
(သန်လျင်)



# မြိတ်အကျဉ်းထောင်တွင် အခြေခံစာတတ်မြောက်ရေး 'အ'သုံးလုံး သင်တန်းဖွင့်လှစ်သင်ကြား

**မြိတ် မေ ၁**

မြိတ်အကျဉ်းထောင်တွင် အကျဉ်းကျနေသော အကျဉ်းသားများအနက် စာပေလုံးဝသင်ကြားခဲ့ရခြင်းမရှိသည့် အကျဉ်းသားများအား စာရေးစာဖတ်တတ်စေရန် 'အ'သုံးလုံးသင်တန်း အမှတ်စဉ် (၉) ဖွင့်လှစ်၍စာသင်ကြားပေးခဲ့ကြောင်း သိရသည်။

ယင်းသို့စာသင်ကြားပေးခြင်းမှာ အကျဉ်းထောင်မှလွတ်မြောက်သည့်အခါတွင် သိရှိတတ်မြောက်ခဲ့သည့် အခြေခံစာပေပညာဖြင့် လူမှုပတ်ဝန်းကျင်တွင် စီးပွားရေး၊လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် တန်းတူညီမျှ လုပ်ကိုင်တတ်စေရန် ရည်ရွယ်၍အခြေခံ စာတတ်မြောက်ရေး 'အ'သုံးလုံးသင်တန်း အမှတ်စဉ် (၉) ကို မတ် ၂၉ ရက် နံနက် ၇ နာရီက အဆောင် (၁) တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်အကျဉ်းထောင်တာဝန်ခံ ထောင်မှူး ဦးညွန့်ဝင်းက အမှာစကားနှင့် ဆုံးမဩဝါဒများ ပြောကြားခဲ့ကြသည်။ ယင်းနောက် မြိတ်အကျဉ်းထောင်တာဝန်ခံထောင်မှူးက သင်တန်းနည်းပြအား သင်ကြားမှုအထောက်အကူပြုပစ္စည်းများထောက်ပံ့ပေးအပ်ခဲ့သည်။ သင်တန်းတွင် အကျဉ်းသား၂၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလကို မတ် ၂၉ ရက်မှစတင်၍ မေ ၂၉ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြိတ်ခရိုင်(ပြန်/ဆက်)**

# တနင်္သာရီမြို့နယ် ရေခမ်းချောင်းရွာတွင် ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်တပ်ဆင်

**တနင်္သာရီ မေ ၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အစီအစဉ်အရ တနင်္သာရီမြို့နယ် ဇဝဲကျေးရွာအုပ်စု ရေခမ်းချောင်းရွာ ဒေသခံကရင်တိုင်းရင်းသားအိမ်ထောင်စု ၃၅ စုအား ဆိုလာနှင့်ဆက်စပ်ပစ္စည်းများပေးအပ်ပွဲကို ရေခမ်းချောင်းရွာ အ-မ-က ကျောင်းခန်းမ၌ မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းဆိုလာနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (အငယ်တန်းအင်ဂျင်နီယာ-၂) ဒေါ်သန်းသန်းဝါနှင့် ဇဝဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထူးတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှကျေးလက်နေပြည်သူများအား လမ်း၊ တံတား၊ သောက်သုံးရေနှင့် မီးလင်းရေးကိစ္စများဆောင်ရွက်ပေးနေမှုများနှင့် ယနေ့ဆိုလာမီးဖြင့် ပြည်သူအများ အလင်းရောင်ရရှိစေရန်နှင့် စာပေများဖတ်ရှုလေ့လာကြပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။



ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (အငယ်တန်းအင်ဂျင်နီယာ-၂) ဒေါ်သန်းသန်းဝါနှင့် ဇဝဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ရေခမ်းချောင်းရွာနေ ဒေသခံကရင်တိုင်းရင်းသားအိမ်ထောင်စု ၃၅ စုတို့အား အိမ်ထောင်စုတစ်စုလျှင် ကာလတန်ဖိုးနှစ်သိန်းခန့်ရှိ (WATT-80) ဆိုလာနှင့် ဆက်စပ်ပါဝင်သောပစ္စည်းများအား တစ်မိသားစုချင်းထံပေးအပ်ခဲ့ပြီးနောက် SKY DRAGON ကုမ္ပဏီမှ တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ဆိုလာများတပ်ဆင်ပေးခဲ့ကြသည်။ ယင်းသို့တပ်ဆင်ရာတွင် မီးလင်းသည်အထိ ဆက်စပ်ပစ္စည်းများနှင့် အသုံးပြုပုံ အသုံးပြုနည်းများကို လက်တွေ့ပြသပေးခဲ့ကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

# ကနီမြို့နယ်အတွင်းရှိစာကြည့်တိုက်ဝန်ဆောင်မှုများမြင့်မားရေး စာကြည့်တိုက်ပညာသင်တန်းများဖွင့်လှစ်

**ကနီ မေ ၁**

ကနီမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များတွင် ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်းစာကြည့်တိုက်မှူးများ၏ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန်နှင့် စာကြည့်တိုက်ပညာရပ်များကို ကောင်းစွာသိရှိနားလည်စေရန်တို့အတွက် စာကြည့်တိုက်ပညာသင်တန်းများကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာများအထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မတ် ၂၈ ရက်က ချိုင်ကျေးရွာအုပ်စု သရက်ပင်ကျေးရွာတွင် ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်နှင့် ဝန်ထမ်းများက စာကြည့်တိုက်ပညာရပ်များနှင့်ပတ်သက်၍ စာအုပ်များကို သုတ၊ ရသ၊ မျိုးတူစုခွဲခြင်း၊ တိုက်ပိုင်ရေးသွင်းခြင်းများ၊ စာကြည့်တိုက်တံဆိပ်ရိုက်ခြင်းနှင့် အနှောင့်ကပ်ခြင်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းတွင် ကနီမြို့နယ်၏ တောင်ဘက်ခြမ်းရှိ ချိုင်၊ အိုင်တောင်၊ တဇယ်ချောင်၊ မုဋ္ဌော၊ သမင်ခြုံ၊ ချောင်းမကျေးရွာနှင့် လင်ပုန်းရည်ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများမှ စာကြည့်တိုက်ကော်မတီဝင်များနှင့် စာကြည့်တိုက်မှူးများ ၃၀ ကျော်တက်ရောက်သင်ကြားကြပြီး သင်တန်းတွင် ဆုရရှိသူများကိုလည်း ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

# မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပြပွဲ ပြုလုပ်

**ရေး မေ ၁**

မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာရှိ ရွာလယ်ကွင်း၌ မတ် ၂၈ ရက်နှင့် ၂၉ ရက်ည နှစ်ညတိုင်တိုင် မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပြပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါခြင်းလုံးအလှခတ်ရာတွင် မြန်မာ့ရိုးရာခြင်းပညာရှင်များဖြစ်ကြသော ကိုးတန်းကျောင်းသား ဂန္ထဝင်ရဲထက်ဝင်း (သန်လျင်၊ ရန်ကုန်) ၁၀ တန်းကျောင်းသား မျိုးဆက်ပိုင်ခေါ် ခြင်းဘီးလူး (တောင်ငူ) တို့က အလှခတ်ပြသကာ ဦးဆောင်ခဲ့သည်။ မွန်ပြည်နယ် ဦးသန်းငွေ ရာမညမောင်နှင့်အဖွဲ့ အစင်စံပြကျေးရွာဝါသနာရှင်အဖွဲ့များကည်း ပါဝင်ပြသခဲ့သည်။ အဆိုပါ မြန်မာ့ရိုးရာခြင်းအလှခတ်ခြင်းကို ရှင်ပြုအလှူရှင်များကဖိတ်ခေါ်၍ဖျော်ဖြေတင်ဆက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**ထွန်းထွန်း(ရေး)**

ချမ်းမိုင်းသစ္စာ 562829,09-73198239 569782,09-450006779
Apr12 Hotel & Restaurant

ဖိုးမြင့်ကြွယ် ကားမျိုးစုံစင်းလုံးငှား ဆောင်ရွက်ပေးသည်။
သင်္ကြန်အတွက် ချောင်းသာ/ငွေဆောင် Hotel, Guest အခန်းစီစဉ်ပေးသည်။
ချောင်းသာ (ငြိမ်း) 45000 | ကျိုက်ထီးရိုး (ငြိမ်း) 35000
အမှတ်(၂၆၃)၊ ကျိုက္ကဆံလမ်း၊ တာမွေ၊ 01-549380, 09-5093704, 09-450012971

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 705968

B.L.T Travels
သင်္ကြန်အထူးခရီးစဉ် Apr12
ပုဂံ၊ ပုပ္ပါး၊ ပဒုတ္တာ (အဆင့်မြင့်) 140000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ
ရွှေစက်တော်၊ ပုဂံ-ညောင်ဦး၊ ပုပ္ပါး
09-73163538, 09-31785622



ပြည်တွင်းရေးရာ

# အုပ်ချုပ်ရေးမှူးရုံးများတွင် မဲစာရင်းများ ကပ်ပေးထားသော်လည်း လာရောက်ကြည့်ရှုသူနည်းပါး

**ရန်ကုန် ဧပြီ ၁**

ရန်ကုန်မြို့တွင် မတ် ၃၀ ရက်မှစတင်ပြီး ဧပြီ ၁၂ ရက်အတွင်း မဲစာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် နံရံကပ်ကာ စာရင်းပြထားပြီးဖြစ်သော်လည်း မဲစာရင်းများ လာရောက်ကြည့်ရှုသူ နည်းပါးနေကြောင်း ဗိုလ်တထောင်မြို့နယ် (၈) ရပ်ကွက်ရုံးမှ ဦးခင်မြင့်ဝေက ပြောသည်။

"ဒီနေ့အထိတော့ မဲစာရင်းလာကြည့်တဲ့သူ နည်းနည်းပါးနေတယ်။ အခု မနေ့ကလာကြည့်တဲ့လူတွေထဲ ပြင်ဖို့စာရင်းပေးထားတဲ့ လူ ၃၀ လောက်ပဲရှိတယ်။ တချို့က နာမည်မှား၊ တချို့က မိန်းမနဲ့ယောက်ျားမှားရေးမိတာ၊ တချို့က မိဘနာမည် (အဖေ)နာမည် မှားရေးမိလို့ ပြန်ပြင်ဖို့ စာရင်းပေးထားကြတယ်။ သေဆုံးကြောင်းစာရင်းလာပေးတဲ့ သူတွေကတော့ သုံးလေးဦးလောက်တော့ရှိပါတယ်။ ဒါက ပထမအဆင့်ပေါ့။ နောက် နေရာပြောင်းရွှေ့လာကြသူတွေကိုလည်း မူရင်းနေရာမှာပဲ မဲပေးမှာလား၊ ဒါမှမဟုတ် အဲဒီဒေသမဲစာရင်းကနေ ထွက်ပြီးမှ အခုနေထိုင်တဲ့လိပ်စာနေရာမှာ မဲစာရင်းပေးမှာလားဆိုတာနဲ့၊ သင်္ကြန်ပြီးလောက်ဆိုရင်တော့ စာရင်းတွေအကုန်လုံး ကွန်ပျူတာနဲ့ပြန်သွင်းကြမှာ။ ပြီးတော့ နိုင်ငံခြားသွားနေတဲ့သူတွေကိုလည်း သက်ဆိုင်ရာသံရုံးတွေကနေ ကြိုတင်မဲပေးနိုင်ရေးကိစ္စတွေ ဆက်လက်ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ ပြုစုပြီးရင် စာရင်းတွေကို မြို့နယ်ကိုပြန်တင်ပြရမှာပါ" ဟု ရပ်ကွက်ရုံးမှ ဦးခင်မြင့်ဝေက ပြောသည်။

"ကျွန်တော်ကျတော့ မဲစာရင်းထဲမှာ အဖေနာမည်မှားနေတယ်။ ကျွန်တော့်သားနာမည်ကျတော့ ကျွန်တော့်အဖေနာမည်မှားထည့်ထားတယ်။ တချို့အိမ်တွေလည်း တစ်အိမ်လုံး မဲစာရင်းမပါတာရှိနေသေးတယ်"ဟု မဲစာရင်းလာရောက်ကြည့်ရှုလေ့လာသူ ဗိုလ်တထောင်မြို့နယ်နေ ဦးစိန်တင်က ပြောသည်။

မဲစာရင်းမပါသူများလည်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် စာရင်းပေးထားနိုင်ကြောင်းနှင့် မှတ်ပုံတင်မရှိသူများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သတ်မှတ်အရည်အချင်းပြည့်မီသူတိုင်း ၂၀၁၅ ခုနှစ် ဇန်နဝါရီမှ ဇွန် ၃၀ ရက်အထိ လာရောက်လျှောက်ထားကာ ပြုလုပ်နိုင်ကြောင်း ထုတ်ပြန်ထားသည်။ **သန့်ဇင်ဝင်း**

# ကနီမြို့နယ် သရက်ပင်ကျေးရွာတွင် မိုးကြိုမြေပဲနှင့် ပဲတီစိမ်းများ စိုက်ပျိုးမှုစတင်



**ကနီ ဧပြီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် သရက်ပင်ကျေးရွာ ကွင်းအမှတ် (၁၂၈၃-ဂ) ကွင်း၌ ယခုနှစ်တွင် လေးလက်မပိုက်တွင်းများဖြင့် ရေများတင်ကာ မိုးကြိုမြေပဲနှင့် ပဲတီစိမ်းများကို စတင်၍ တွင်တွင်ကျယ်ကျယ် စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ သရက်ပင်ကျေးရွာ ကွင်းအမှတ် (၁၂၈၃-ဂ) ကွင်းဟာ ချင်းတွင်းမြစ်ရေကြီးချိန်တွင် ရေများဝင်ရောက်ပြီး ရေကျချိန်ကစ၍ မြေပဲ၊ ပဲအမျိုးမျိုးနှင့် သီးနှံမျိုးစုံကို တောင်သူအများစု စိုက်ပျိုးကြပြီး ပဲပင်ကြားတွင် နေကြာ၊ သကြားပြောင်းနှင့် စီပီကြက်စာပြောင်းများကို သီးညှပ်အဖြစ် စိုက်ပျိုးကြပါတယ်" ဟု တောင်သူဦးထွန်းဝေက ပြောသည်။

'ဆောင်းသီးနှံများ ရိတ်သိမ်းပြီးချိန် မတ်လကုန်နှင့် ဧပြီလဆန်းမှစတင်၍ ယခုလို မိုးကြိုမြေပဲနှင့် ရေဆင်း(၁၁) ပဲတီစိမ်းများကို ရေတင်ကာ တောင်သူအားလုံးနီးပါး စိုက်ပျိုးကြပါတယ်။ ဒီနှစ်ကျွန်တော်တို့ရွာမှာ ၂၈၂ ဧကရှိတဲ့ယာမြေပေါ်တွင် ၂၁၂ ဧကကို ရေဆင်း (၁၁) ပဲတီစိမ်းများ စိုက်ပျိုးပြီး ဧက ၇၀ ကို ဆင်းပဒေသာမြေပဲများ စိုက်ပျိုးကြပါတယ်။ ယခု ကျွန်တော်တို့ မိုးကြိုစိုက်ပျိုးဖို့အတွက် မြေပြင်တဲ့အခါ တစ်ဧကကို ဓာတ်မြေဩဇာတစ်အိတ်နဲ့ သဘာဝမြေဩဇာ နွားချေးသုံးစီးအထိ ထည့်ကျွေးထားပါတယ်။ စိုက်ပျိုးပြီးတဲ့အထိ ရေကို ဒီဇယ် ၁၀ ဂါလန်လောက် ကုန်အောင်တင်ပေးရပါတယ်။ အခုကျွန်တော်တို့ ဒီကွင်းမှာ ၁၂၀ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။ **သန်းဌေးအောင်(ကနီ)**

# ပိုးသတ်ဆေးများထိရောက်စွာနှင့် လုံခြုံစိတ်ချစွာသုံးစွဲခြင်း ပညာပေးသင်တန်း မြင်းခြံခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဖွင့်လှစ်ပို့ချ

**မြင်းခြံ ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနရုံးခန်းမတွင် ပိုးသတ်ဆေးများထိရောက်စွာနှင့် လုံခြုံစိတ်ချစွာသုံးစွဲခြင်း ပညာပေးသင်တန်းကို မတ် ၂၉ ရက် နံနက် ၉ နာရီခွဲက ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် မန္တလေးတိုင်း ဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး(ဝါသီးနှံ) ဦးထွန်းဝင်းက တက်ရောက်လာသော သင်တန်းသား၊ သင်တန်းသူများကို ပိုးသတ်ဆေးအမျိုးအစား ခွဲခြားနည်း၊ ပိုးသတ်ဆေးဖော်စပ်ထားနည်း၊ ပိုးသတ်ဆေးထိရောက်စွာအသုံးပြုနည်း၊ ပိုးသတ်ဆေးပက်ဖျန်းပုံနည်းစနစ်၊ ပိုးသတ်ဆေးအဆိပ်သဘာဝ၊ ပိုးသတ်ဆေးခန္ဓာကိုယ်အတွင်းဝင်ရောက်နိုင်ပုံများ၊ အဆိပ်သင့်မှုလက္ခဏာများကိုပြသပြီး ရှေးဦးပြုစုနည်း၊ တောင်သူများ ပိုးသတ်ဆေးလုံခြုံစိတ်ချစွာသုံးစွဲနည်းတို့ကို သင်တန်းပေးပို့ချပေးခဲ့သည်။

သင်တန်းသား၊ သင်တန်းသူများအနေဖြင့် တောင်သူများကိုပြန်လည်၍ နည်းပညာများကို ဖြန့်ဝေပေးရန်၊ တောင်သူများအနေဖြင့်လည်း စိုက်ခင်းအတွင်း ပိုးများကျရောက်မှသာ ပိုးသတ်ဆေးကို လိုအပ်သလောက် သုံးစွဲကြရန်တို့ကိုလည်း ဦးထွန်းဝင်းက ပြောကြားခဲ့သည်။အဆိုပါသင်တန်းသို့ မြင်းခြံခရိုင်အတွင်းရှိ သင်တန်းသား၊ သင်တန်းသူ ၂၇ ဦးတက်ရောက်ခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နေ ဦးသန်းဌေး-ဒေါ်ထားထားတို့၏သားထွေး

**ဒေါက်တာ ဖြိုးဝေလင်း**

**M.B.,B.S(Mgy)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်နေ (ဦးသန်းထွန်း)[မ. မ. ရ-ငြိမ်း]-ဒေါ်မြင့်မြင့်ဝင်းတို့၏ သမီးထွေး

**မနေခြည်သန်းထွန်း**

**B.C.Sc, B.C.Sc(Hons), M.C.Sc(U.C.S.Y, Myanmar),**
**M.Sc(N.T.U, Singapore)**
**D.A(L.C.C.I, UK), M.C.S.D(Microsoft, USA)**
**Director (Myanmar Lucky Bee Co.,Ltd)**

တို့၏ ၈-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel(Mindon Hall)၌ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်မြင့်အောင်နှင့် ဇနီး ဒေါ်အေးအေးမော်၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ဝတ်ဆင်ပေးပါသော ဒေါက်တာဇော်မင်းနိုင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)နှင့်ဇနီး ဒေါက်တာဒေါ်မွေးမွေးရီ၊ မင်္ဂလာလက်ထပ်ထိမ်းမြားပေးသူ ဦးစန်းအောင်၊ မင်္ဂလာအသိသက်သေအဖြစ် မေတ္တာဖြင့် ကူညီပေးသော ဦးမောင်မောင်(တရားလွှတ်တော်ရှေ့နေ)၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော Shwe Taung Group Of Companies မှ ဒေါ်မီမီခိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ Shwe Nagar မိသားစု၊ ဦးတင်အေး(Mother's Son)၊ ဦးတင်မြင့်(Mother Land Construction Co.,Ltd)၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဦးမောင်မောင်ဌေး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)နှင့်ဇနီး၊ ဦးကျော်နိုင်ဦး(Naing Group Construction Co.,Ltd)နှင့် ဇနီး၊ အခြားဂုဏ်သရေရှိ လူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဆန်းဒေးကိုကို၊ မင်္ဂလာပန်းကြဲပေးပါသော သမီးငယ် မသက်မြတ်နိုးဦး၊ မင်္ဂလာပန်းကုံးဗန်းကိုင်ပေးပါသော မသဇင်သန့် (Managing Director, Tourvia Co.,Ltd)၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ပေးပါသော မမေဦးခိုင် (Capability Lead, HP Asia Pacific Pte Ltd)၊ မင်္ဂလာသတို့သားအရံအဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာမောင်မောင်လွင်၊ မင်္ဂလာသတို့သမီးအရံအဖြစ်ဆောင်ရွက်ပေးပါသော နိုင်ငံကျော်တေးသံရှင် မချစ်ဆုဝေ၊ မင်္ဂလာသတို့သမီးဝတ်စုံကို TBDress (USA)မှ အချိန်မီ မှာယူပို့ဆောင်ပေးပါသော မသီရိမင်းဆွေ(ခေတ္တ-စင်ကာပူ)၊ မင်္ဂလာသတို့သားဝတ်စုံ စိတ်တိုင်းကျ ချုပ်လုပ်ပေးပါသော Sein Shwe Tailoring၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော မလိမ္မာ(မြန်မာစာ) နှင့် ကိုမျိုးကျော်တို့အဖွဲ့၊ ပန်းအလှဆင်ပေးပါသော သီတဂူ(သစ်ခွခြံ)နှင့်အဖွဲ့၊ မင်္ဂလာခန်းမတွင် Balloons အလှဆင်ယင်ပေးပါသော Bo Bo (Air Balloons)နှင့်အဖွဲ့၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးပါသော မထက်(Pop Soul)နှင့်အဖွဲ့၊ မင်္ဂလာညှော်ခံပွဲအား အဆင်ပြေချောမွေ့အောင် တာဝန်ယူဆောင်ရွက်ပေးပါသော Sedona Hotel မှ Manager နှင့် ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်အောင် စိတ်ရောကိုယ်ပါ အပင်ပန်းခံ အစစအရာရာ စီစဉ်ဆောင်ရွက်ပေးသော အမေ ဒေါ်မြင့်မြင့်ဝင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော သူငယ်ချင်း မိတ်သင်္ဂဟ အပေါင်းနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

ဒေါက်တာဖြိုးဝေလင်း-မနေခြည်သန်းထွန်း
















**အမည်ပြောင်း**

အဖ ဦးအေးမြင့် [၇/ပတန(နိုင်)၀၇၀၅၆၈]၏သားဖြစ်သူ မောင်အောင်မိုးခန့် အား မောင်အောင်ကောင်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်ကောင်းခန့်


Forever Gems
by
ရွှေနန်းတော်
Up to
30 % Off
၂၀၁၅ မတ်လ(၁၂)ရက်နေ့
မှ ဧပြီလ(၁၂)ရက်ထိ
သင်္ကြန်နှစ်သစ်ကူးအထူးအစီအစဉ်
ရွှေနန်းတော်မှ ရတနာချစ်သူများအားလုံးအတွက်
၂၀၁၅ မင်္ဂလာနှစ်သစ် တွင် ဖန်တီးထုတ်လုပ်ထားသော
၁၅ပဲရည်ပြည့် ရွှေဆွဲကြိုး၊ ရွှေဟန်းချိန်းနှင့်
အခြား လက်ရာဆန်းသစ်သော အရည်အသွေးမီ
ဒီဇိုင်းသစ်ပေါင်းများစွာဖြင့် နွေးထွေးစွာ ကြိုဆိုလိုက်ပါသည်။
ချက်ချင်းပေါက်ချက်ချင်းယူ
ဗလာမပါကံစမ်းမဲများ
သိန်း(၆၀)ဖိုးဝယ်ယူသူတိုင်း
ငွေ (၂၅၀၀၀) ပြန်ရရှိမည်။
GIA/HRD Certificate ခိနိများ
KBZ Bank Hire Purchase
MPU/Visa/Master/Debit Cards
❖ ၁ကျပ်ခွဲ သားရွှေဆွဲကြိုး (၃)ဆု
❖ ၁ကျပ်သားရွှေဆွဲကြိုး (၅)ဆု
❖ ၁၂ပဲသားရွှေဆွဲကြိုး (၅)ဆု
❖ ၈ပဲသားရွှေဆွဲကြိုး (၅)ဆု
❖ ၄ပဲသားရွှေဆွဲကြိုး (၁၀)ဆု
❖ ၂ပဲသားရွှေဆွဲပြား (၂၀)ဆု
❖ ၁ပဲသားရွှေလက်စွပ် (၃၀)ဆု
Junction Square Shopping Centre : ဖုန်း 09 731 45462, 09 731 45463
အမှတ် (၇၄၃)၊ မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း 01 227212,229409, 210572 အမှတ် (၇၀၀/၇၀၃)၊ မဟာဗန္ဓုလလမ်းနှင့် စဉ့်အိုးတန်းလမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း 01 228751,226977, 211728

ကြော်ငြာ





**Payment System အရစ်ကျ ၅၀% ပေးချေပြီး (၃၄)ထပ်အမိုးပြီးမှ ၅၀% အရစ်ကျပေးချေရန်**

**MANDALAY SHOWROOM**
Diamond Plaza
Tower (B) : Room No - (B-001), Fouth Floor
HP : + 959 680 1904, 680 1905, 431 43994
diamondinyapalaceyangonmyanmar

**YANGON SHOW FLAT & SALES OFFICE**
No.2, U Tun Nyein Street, Mayangone Township,
Yangon, Myanmar.
HP : + 959 4200 97992, 4200 97994, 4200 97998
Website : http://www.diamondinyapalace.com

ကြော်ငြာ

ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်၏

**Gandamar Grand Ballroom** ကို

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်

Gandamar Wholesale Level (III)၌

၁-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွင့်လှစ်ပြီးပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




* အလျား ၂၀၀ ပေ × အနံ ၁၅၅ ပေ × အမြင့် ၂၀ ပေ (၃၁,၀၀၀ Sqft )ရှိ ခန်းမကြီးထဲတွင် မင်္ဂလာ ဧည့်ခံပွဲများအတွက် လူဦးရေ ၁၂၀၀ဦး နှင့် Conference, Meeting, Seminar, Workshop,Product Launch များအတွက် လူဦးရေ ၁၄၀၀ဦး အထိ လက်ခံကျင်းပ ပေးနိုင်ပါသည်။
* Fashion Show , Live Show, Stage Show များ ကျင်းပနိုင်ရန် ခေတ်မီ Lighting System များနှင့် JBL Line Array Sound System အပြင် ၂၀ ပေ × ၁၄ ပေနှင့် ၁၆ပေ × ၁၄ပေရှိ Large Format Display Screen ကြီး(၂)ခု တပ်ဆင်ပေးထားပါသည်။

  Dinner Party , Birthday Party , Staff Party နှင့် Gathering များလည်း ကျင်းပ ပေးနိုင်ပါသည်။
* Myanmar, Chinese, European, Indian အစားအစာ မျိုးစုံအား စားသုံးသူ စိတ်ကြိုက် ဆောင်ရွက်ပေး ပါသည်။ ကားအစီးရေ ၄၀၀ ကျော် ရပ်နားနိုင်သော ကျယ်ဝန်းသည့် ကားပါကင် ထားရှိပေးပါသည်။

**Gandamar Wholesale Level-3, Mayangone Township, Yangon. Ph - (+95-1) 657834, 657311.**
**gandamargrandballroom @ gmail.com.**

# ကျေးဇူးတင်လွှာ

AIR KBZ

4th Anniversary

2015

အဲကမ္ဘောဇလေကြောင်းလိုင်း စတင်တည်ထောင်ပြေးဆွဲချိန်မှစ၍
ယခု (၄) နှစ်တာ ကာလအတွင်း အစဉ်လိုက်ပါ
အားပေးစီးနင်းခဲ့ကြသော ခရီးသွားမိဘပြည်သူများ၊
ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊
လက်မှတ်အရောင်းကိုယ်စားလှယ် ကြီးများ၊
သင်တန်းများပို့ချပေးခဲ့ပါသော သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊
ညီနောင်လေကြောင်းလိုင်းများ၊
ရုပ်သံနှင့် စာနယ်ဇင်းများ၊ အခြားကျေးဇူးတင်ထိုက်သူများ အားလုံးကို
လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း
မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

အဲကမ္ဘောဇလီမိတက်

KBZ BANK AIR KBZ MAI IKBZ Kempinski Hotel Nay Pyi Taw MEMBERS OF KBZ GROUP

Hot Line No-0930500100

# ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဇနီးဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားပြတိုက်အတွင်း ကြည့်ရှုလေ့လာ



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**ဖနွမ်းပင် မေ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ THAT LUANG ဘုရားနှင့် WAT SISAKET ဘုရားတို့သို့ ဖူးမြော်ကြည်ညို၍ PHRAKEO Museum များသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးကာ အလှူငွေများ ထည့်ဝင်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး ဆက်လက်ထွက်ခွာရာ ဝပ်ထေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာအိုနိုင်ငံသမ္မတရုံးဝန်ကြီး မစ္စတာ ဖုန်ဆာဗတ်ဘိုဖာနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဗီယက်နမ်လေကြောင်း ခရီးစဉ်အမှတ် ၉၂၁ ဖြင့် ဆက်လက်ထွက်ခွာရာ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များအား ဖနွမ်းပင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချိုထွန်းအောင်နှင့် ဇနီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနသို့ မွန်းလွဲ ၃ နာရီခွဲတွင်ရောက်ရှိရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

**ယနေ့ သတင်းအညွှန်း**

မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံ စတင် စာမျက်နှာ - ၅

ငြိမ်းချမ်းရေးအလင်းတန်း ပေါ်ထွက်ခြင်းနှင့် ပြည်သူများ၏ သဘောထား စာမျက်နှာ - ၁၀

# မန္တလေးမြို့တော်ဝန်မဏ္ဍပ်တွင် အခြေခံပညာကျောင်းပေါင်း ၄၉ ကျောင်းမှ ကျောင်းသူအင်အား ၃၀၀၀ ပါဝင်ဆင်နွှဲမည်

**မန္တလေး မေ ၁**

ယခုနှစ် မန္တလေးမြို့ မြို့တော်ဝန်မဏ္ဍပ်တွင် သင်္ကြန်ပွဲတော်အတွက် အခြေခံပညာကျောင်းပေါင်း ၄၉ ကျောင်းမှ ကျောင်းသူအင်အား ၃၀၀၀ ပါဝင်ဆင်နွှဲမည်ဖြစ်ပြီး နိုင်ငံကျော် အဆိုတော်များလည်း ပါဝင်ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သတင်းနှင့်ပြန်ကြားရေးဌာနမှ သိရသည်။

မန္တလေးမြို့တော်ဝန်မဏ္ဍပ်ဖွင့်ပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသူများ ပါဝင်ကပြဖျော်ဖြေမည့်အပြင် မန်းစည်ပင်ခေတ်ပေါ်တေးဂီတနှင့် မြန်မာ့ဆိုင်းဝိုင်း၊ ယဉ်ကျေးမှုဦးစီးဌာနမှ မင်္ဂလာစည်တော်အဖွဲ့များက နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပါဝင်တင်ဆက်ကြမည်ဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖



၂၀၁၄ ခုနှစ်က မန္တလေးမြို့ မြို့တော်ဝန်မဏ္ဍပ်တွင် ကျောင်းသူများ ကပြဖျော်ဖြေတင်ဆက်စဉ်။




themirror.npt@gmail.com
www.facebook.com/themirrordaily